# ကြေးမုံ
The Mirror
Established in 1957

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

၁၃၇၇ ခုနှစ်၊ ပြာသိုလပြည့်၊ တနင်္ဂနွေနေ့၊ (24-1-2016) (၈၄၅၅)


### မေတ္တာသည် ရန်ကင်းငြိမ်း၏

အကြင်သူသည် သတ္တဝါအားလုံးတို့အပေါ်၌ မေတ္တာစိတ်အဖို့အစုရှိသည် ဖြစ်၍ တစ်စုံတစ်ယောက်ကိုမျှ မိမိကိုယ်တိုင်လည်း မညှဉ်းဆဲ၊ သူတစ်ပါးကိုလည်း မသတ်ဖြတ်စေ၊ မိမိကိုယ်တိုင်လည်း အနိုင်မယူ၊ သူတစ်ပါးတို့ကိုလည်း အနိုင်မကျင့်စေ၊ ထိုမေတ္တာပွားသူအား တစ်စုံတစ်ခုသော အတွင်းရန်၊ အပြင်ရန်ဟူ၍ မရှိနိုင်။

(အင်္ဂုတ္တိုရ်ပါဠိတော်၊ ပထမတွဲ၊ မေတ္တသုတ်-၄၄၃။)

# ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံမှတ်တမ်းနှင့် အစီရင်ခံစာများအား မတ်လ နောက်ဆုံးထား၍ ထုတ်ဝေမည်

**ရန်ကုန်　ဇန်နဝါရီ　၂၃**

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံကျင်းပခဲ့မှုအပေါ် သုံးသပ်ဆွေးနွေးရန်၊ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံမှတ်တမ်းနှင့်အစီရင်ခံစာများ ထုတ်ပြန်ရေးကိစ္စဆွေးနွေးရန်နှင့် ပဉ္စမအကြိမ်ပြုလုပ်မည့် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ(UPDJC)အစည်းအဝေးအတွက် ရက်သတ်မှတ်ရန် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ(UPDJC) အတွင်းရေးမှူးအဖွဲ့ ဒုတိယအကြိမ်အစည်းအဝေးကို ယနေ့ နံနက် ၉ နာရီက ရန်ကုန်မြို့ ရွှေလီလမ်းရှိ မြန်မာနိုင်ငံငြိမ်းချမ်းရေး ပြန်လည်ထူထောင်ရေးလုပ်ငန်း ဗဟိုဌာန၌ ကျင်းပသည်။

ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ(UPWC) ဒုတိယဥက္ကဋ္ဌ ဦးအောင်မင်းက "ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံကို ဇန်နဝါရီ ၁၆ ရက်က အောင်မြင်စွာကျင်းပနိုင်ခဲ့ပြီးပါပြီ။ ညီလာခံကြီးက ရိုက်ခတ်လာတဲ့ အသံတွေဟာ အလွန်တန်ဖိုးရှိပါတယ်။ မှတ်တိုင်တစ်ခုအနေနဲ့ ကျန်ခဲ့တဲ့ ညီလာခံပါ။ ညီလာခံကိုအောင်မြင်စွာကျင်းပနိုင်ဖို့ ဝိုင်းဝန်းကြိုးပမ်းခဲ့ကြတဲ့ အတွင်းရေးမှူးများအဖွဲ့ကို ကျေးဇူးတင်ပါတယ်။ ညီလာခံကို ပေထက်အက္ခရာတင်ပြီး မှတ်တမ်းတင်စာတမ်းပြုစုဖို့ တာဝန်ရှိပါတယ်။ ညီလာခံမှတ်တမ်းနဲ့ ပတ်သက်တာတွေကို ဘယ်လိုထုတ်ဝေမလဲ။ ဘယ်လိုခေါင်းစဉ်တွေနဲ့ ထုတ်မလဲဆိုတာ ဆွေးနွေးမယ်"ဟု အစည်းအဝေးအဖွင့်အမှာစကားတွင် ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) နိုင်ငံရေးပါတီအစုအဖွဲ့

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ✱**


ယနေ့ မာတိကာ

ပြည်ထောင်စုဝန်ကြီးများ ပူတာအိုခရိုင် ဖွံ့ဖြိုးရေးလုပ်ငန်းများအား ကြည့်ရှုစစ်ဆေး　စာမျက်နှာ - ၅

ဗန်းမောက်မြို့နယ်မှ ရွှေလုပ်ကွက်များကြောင့် သဘာဝပတ်ဝန်းကျင် မပျက်စီးစေချင်　စာမျက်နှာ - ၈

ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေ ပြဋ္ဌာန်း　စာမျက်နှာ - ၁၆




အာနန္ဒာဘုရားပွဲတော်သို့ ရိုးရာအစဉ်အလာမပျက် ပေါင်းမိုးလှည်းများဖြင့် လာရောက်ကြသည့် ကျေးရွာပြည်သူများကို တွေ့ရစဉ်။

# အာနန္ဒာဘုရားပွဲတော်သို့ ကျေးရွာများမှ ရိုးရာမပျက် ပေါင်းမိုးလှည်းများဖြင့် ဘုရားဖူးလာရောက်လျက်ရှိ

**ညောင်ဦး　ဇန်နဝါရီ　၂၃**

ပုဂံယဉ်ကျေးမှုနယ်မြေဒေသတွင် ကျန်စစ်သားမင်းကြီး၏ ကောင်းမှုတော် အာနန္ဒာဘုရားကြီး ဗုဒ္ဓပူဇနိယပွဲတော်ကို နှစ်စဉ်ပြာသိုလတွင်ကျင်းပမြဲဖြစ်ရာ ယခုနှစ်တွင်လည်း ယခင်နှစ်များနည်းတူ ပွဲဈေးတန်းများခင်းကျင်း၍ ပျော်ပွဲရွှင်ပွဲများဖြင့် စည်ကားသိုက်မြိုက်စွာကျင်းပလျက်ရှိသည်။ ညောင်ဦး(ပုဂံ)မြို့နယ်အတွင်းရှိကျေးရွာများမှ ပြည်သူများသည် အဆိုပါဘုရားပွဲတော်သို့ ရိုးရာအစဉ်အလာမပျက် ပေါင်းမိုးလှည်းများဖြင့် လာရောက်၍ ဘုရားကြီးအနီးကွင်းပြင်များ၌ ယာယီ ရွက်ဖျင်တဲများထိုး၍ မိသားစုအလိုက် ချက်ပြုတ်စားသောက်ကာ ညအိပ်နေထိုင်လျက်ရှိကြသည်။

"ကျွန်တော်တို့က ညောင်ဦးမြို့နယ် မြေသင်းတွင်းကျေးရွာကနေ ပေါင်းမိုးလှည်းတွေနဲ့အဖွဲ့လိုက် ဘုရားဖူးလာကြတာပါ။ တစ်ရွာလုံးနီးပါးလာကြပါတယ်။ လူကြီးတွေလောက်ပဲအိမ်စောင့်ကျန်ခဲ့တယ်။ ရွာကနေ လဆန်း ၁၀ ရက်နေ့က ထွက်လာခဲ့ကြပါတယ်။ ဒီလို ပေါင်းမိုးလှည်းတွေနဲ့လာတာက ဟိုအရင် ကျွန်တော်တို့ဘိုးဘွားတွေလက်ထက်ကတည်းကဆိုတော့ ကျွန်တော်တို့လည်း အစဉ်အလာမပျက်အောင် ထိန်းသိမ်းတဲ့အနေနဲ့ နှစ်တိုင်းလာဖြစ်ပါတယ်။ တောင်သူတွေအနေနဲ့ တစ်နှစ်ပတ်လုံး ပင်ပန်းသမျှ အပန်းလည်းဖြေရင်း ဘုရားလည်းဖူးရင်းပေါ့။ ပြီးတော့ ပွဲဈေးမှာ တောင်သူအသုံးအဆောင်တွေဖြစ်တဲ့ ဖျာ၊ တောင်းပလုံး၊ သံတူးရွင်း၊ ဓားမ၊ ခက်ရင်း၊ ပေါင်းစည်းဓား၊ ကလေးတွေအတွက်ဆို အင်္ကျီ၊ ပုဆိုး၊ စောင်၊ ခြင်ထောင်စတာတွေဝယ်ကြပါတယ်။ လူလတ်ပိုင်းတွေကတော့

**စာမျက်နှာ ၃ ကော်လံ ၅ သို့ ❖**




ကြေးမုံ စာတည်း ရှုထောင့် ၂၄-၁-၂၀၁၆၊ တနင်္ဂနွေနေ့

# မဇ္ဈိမပဋိပဒါ အလယ်လမ်း

"မဇ္ဈိမပဋိပဒါ" ၏အနက်အဓိပ္ပာယ်မှာ အလယ်အလတ်လမ်းစဉ်ဖြစ်ပါသည်။ တစ်နည်းဆိုသော် မည်သည့်ဘက်မှမလိုက်သည့် အလယ်ကျကျ မျှတသည့်လမ်းစဉ်ဖြစ်ပါသည်။ ဤလမ်းစဉ်မှာ ဗုဒ္ဓဝါဒလမ်းစဉ်ဖြစ်ပါသည်။ ဗုဒ္ဓဝါဒလမ်းစဉ်ဟုဆိုသော်လည်း အနက်အဓိပ္ပာယ်ဖွင့်ဆိုချက်၏ အနှစ်သာရမှာ မည်သည့်ဘာသာ၊ မည်သည့်လမ်းစဉ်ဖြစ်ဖြစ် လက်ခံလိုက်နာနိုင်သည့် လမ်းစဉ်ဖြစ်ပါသည်။

ထိုလမ်းစဉ်သည် မြတ်စွာဘုရားရှင် တရားထူးရနိုင်ရန်အတွက် ကိုယ်တိုင်သိမြင်ခဲ့သောလမ်းစဉ်ဖြစ်သည်။ ဘုရားဖြစ်တော်မူပြီး ပဥ္စဝဂ္ဂီငါးပါးတို့အား ဝဲယာအစွန်းလွန် လမ်းစဉ်နှစ်မျိုး ရှောင်ကြဉ်ရန်၊ လိုက်နာကျင့်ကြံရန် မဇ္ဈိမပဋိပဒါတည်းဟူသော အလယ်အလတ်လမ်းစဉ်ခေါ် မဂ္ဂင်ရှစ်ပါး၊ သစ္စာလေးပါးတို့ဖြင့် တန်ဆာဆင်အပ်သော ဓမ္မစကြာတရားဦးကို ဟောကြားတော်မူပြီးသောအခါ မဟာပထဝီမြေကြီး မြည်ဟည်းတုန်လှုပ်ခဲ့သည်။ ထို့နောက် တစ်ရက်ပြီးတစ်ရက်၊ တစ်ပါးပြီးတစ်ပါး ရဟန္တာဖြစ်တော်မူပြီး ထိုအချိန်မှစတင်၍ ဤကမ္ဘာလောကကြီးတွင် "သံဃရတနာ"ဟူ၍ ပေါ်ထွန်းလေသည်။

ဒုက္ခဆင်းရဲအပေါင်းမှ လွတ်မြောက်စေသည့် အလယ်အလတ်လမ်းစဉ်ကို ဟောပြောညွှန်ပြခဲ့သော မြတ်စွာဘုရားရှင်၏ သာသနာတော်ကို သံဃရတနာက စောင့်ရှောက်လာခဲ့သည်မှာ ယနေ့တိုင်အောင်ဖြစ်ပါသည်။ ယခုလည်း ကမ္ဘာတစ်ဝန်းတွင် ကမ္ဘာသူ ကမ္ဘာသားများ ကြုံတွေ့နေရသည့် ဒုက္ခဆင်းရဲအပေါင်းတို့မှ လွတ်မြောက်စေရန်ရည်ရွယ်၍ ကမ္ဘာ့ဗုဒ္ဓဘာသာ ငြိမ်းချမ်းရေးညီလာခံကြီးကို မြန်မာနိုင်ငံတွင် စတင်ကျင်းပနေပြီဖြစ်၍ ကမ္ဘာသူ ကမ္ဘာသားအားလုံးတို့ ကိုယ်စား သာဓုအနုမောဒနာ ခေါ်ဆိုလိုက်ပါသည်။

မည်သည့်တိုင်းပြည်၊ မည်သည့်လူမျိုးမဆို လောဘဟူသော အစွန်းတစ်ဖက်နှင့် ဒေါသဟူသော အစွန်းတစ်ဖက်ဟူသည့် အစွန်းနှစ်ဖက်ကို လွတ်အောင်ရှောင်သည့် မဇ္ဈိမပဋိပဒါအလယ်လမ်းကို လျှောက်လှမ်းကြရန် အရေးကြီးပါသည်။ တဏှာပေမ လောဘတည်းဟူသော အစွန်းရောက်သူတို့သည် မီးပုံထဲသို့လောင်စာထည့်သူများဖြစ်၍ မီးကိုမငြိမ်းအောင် လုပ်ကြသူများဖြစ်ပါသည်။ အာဃာတ ဒေါသ အစွန်းရောက်အားကြီးသူတို့ကလည်း ဤကမ္ဘာလောကကြီးကို လောင်မြိုက်အပူကြီးအောင် မီးရှို့ကြသူများဖြစ်ပါသည်။

ထိုသဘောတရားသည် ယနေ့ကမ္ဘာကြီးတွင် အားကောင်း၍လာချေပြီ။ ထိုကမ္ဘာ့အပူမီးကို ငြိမ်းသတ်စေပြီး ငြိမ်းချမ်းသာယာသောကမ္ဘာကြီး ဖြစ်ပေါ်စေရန်အတွက် ဤကမ္ဘာ့ဗုဒ္ဓဘာသာ ငြိမ်းချမ်းရေးညီလာခံကြီးမှ ပေါ်ထွက်လာသော ငြိမ်းချမ်းရေးတိုက်တွန်းနှိုးဆော်သံများ ကမ္ဘာတစ်ဝန်းသို့ လွှမ်းခြုံစေလိုပါသည်။ လူမျိုးတိုင်း၊ ဘာသာတိုင်းလက်ခံနိုင်သော မဇ္ဈိမပဋိပဒါ အလယ်အလတ်လမ်းစဉ်နှင့်အညီ ကမ္ဘာတစ်ဝန်းရှိ ဘာသာရေးခေါင်းဆောင်များ၊ အမျိုးသားရေးခေါင်းဆောင်များ၊ နိုင်ငံရေးခေါင်းဆောင်အားလုံးတို့က လူသားအားလုံးကို အစွန်းနှစ်ဖက်မှလွတ်အောင် ရှောင်ရန်နှင့် အလယ်လမ်းသို့ လျှောက်လှမ်းကြရန် ညွှန်ပြပို့ဆောင်ပေးဖို့ တိုက်တွန်းချင်ပါသည်။

မျက်မှောက်ကာလတွင် အစွန်းရောက်ဒေါသများကြောင့် ကမ္ဘာသူ ကမ္ဘာသားများ သေကြေပျက်စီးနေရပါသည်။ အစွန်းရောက်လောဘများကြောင့် ကမ္ဘာကြီးပျက်စီးယိုယွင်းနေပါသည်။ ရန်ငြိုးရန်စ အမုန်းစကားများ၊ ဘာသာရေး၊ လူမျိုးရေးကို အကြောင်းပြုသည့် ပဋိပက္ခများ၊ အယူအဆကွဲလွဲမှုကြောင့် ဖြစ်ပေါ်ရသည့်ရန်မီးများ၊ အစွန်းရောက် ဝါဒ၊ အကြမ်းဖက်ဝါဒမှဖြစ်ပေါ်လာသော သတ်ဖြတ်မှုများစသည့် အစွန်းရောက်ဆိုးကျိုးများအားလုံးတို့ကို မဇ္ဈိမပဋိပဒါ အလယ်အလတ်လမ်းစဉ်ဖြင့် ငြိမ်းသတ်ကြရပါမည်။

ဤဗုဒ္ဓဘာသာငြိမ်းချမ်းရေးညီလာခံကြီးသည် လူသားတို့၏ တစ်ကိုယ်ရေငြိမ်းချမ်းရေး၊ လောကငြိမ်းချမ်းရေးနှင့် စစ်ပွဲနှင့်အကြမ်းဖက်မှုများ အဆုံးသတ်စေရေး အားထုတ်ကြိုးပမ်းရာတွင် အလယ်အလတ်လမ်းစဉ်ဖြင့် တစ်ကမ္ဘာလုံးသို့ ပို့ဆောင်ပေးနိုင်လိမ့်မည်ဟု မျှော်လင့်ပါသည်။ မဟာကရုဏာတော်ရှင် ဗုဒ္ဓဘုရားရှင်၏ လူသားအားလုံးကို စောင့်ရှောက်နိုင်သော မဇ္ဈိမပဋိပဒါ အလယ်အလတ်လမ်းစဉ်ဖြင့် ထာဝရငြိမ်းအေးစေအောင် ဆောင်ကြဉ်းပေးနိုင်လိမ့်မည်ဟု ယုံကြည်ပါသည်။ ။

## သဘာဝသစ်တောများအတွက် သစ်တော၊ သစ်ပင်များအပြင် ဝါးတောများကိုပါ ထိန်းသိမ်းသင့်

**ပုလဲ ဇန်နဝါရီ ၂၃**

တောင်ပေါ်ဒေသရှိ သဘာဝသစ်တောများ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရန်အတွက် အဓိကကျသော သစ်တောသစ်ပင်များကို ရှင်သန်အောင်ထိန်းသိမ်းခြင်းအပြင် ဝါးတောများကိုပါ စနစ်တကျ ထိန်းသိမ်းရန် လိုအပ်ကြောင်း ပုလဲမြို့နယ် အမှတ်(၁) မဲဆန္ဒနယ် စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးတင့်ဆွေထံမှ သိရသည်။

"ဝါးတောတွေကိုထိန်းသိမ်းရာမှာ မိုးဦးကျကာလမှာ ပေါက်တဲ့မျှစ်တွေကို မချိုးဘဲထားလို့ပဲဖြစ်ဖြစ် ပြုန်းတီးသွားတဲ့ ဝါးရုံတောတွေအတွက် ဝါးအစားထိုးစိုက်တာပဲဖြစ်ဖြစ် စနစ်တကျစီမံကိန်းချပြီး ဆောင်ရွက်သင့်ပါတယ်။ မိုးဦးကျကာလမှာ မျှစ်ချိုးတာကို ပိတ်ပင်တားမြစ်ရင်ဖြစ်စေ၊ တစ်နည်းအားဖြင့် ထိန်းသိမ်းရင် မျှစ်ချိုးရောင်းသူတွေအတွက် ဖြစ်ပေါ်လာနိုင်တဲ့ စားဝတ်နေရေးအခက်အခဲနဲ့ ဖြစ်လာနိုင်တဲ့အကျိုးကျေးဇူးတွေကို တောင်ပေါ်ဒေသကို သွားပြီး လေ့လာခဲ့ပါတယ်"ဟု ဦးတင့်ဆွေက ပြောပြသည်။

လေ့လာတွေ့ရှိချက်အရ မျှစ်ချိုးသူများအနေဖြင့် မျှစ်ချိုးပြီးမရောင်းရသော်လည်း အခြားသောလုပ်ငန်းများကို လုပ်ကိုင်ခြင်းဖြင့် စားဝတ်နေရေးအတွက် အခက်အခဲမရှိနိုင်သလို အမိုးအကာ ရိုင်ပတ်ဖျာနှင့်ဆန်ကော၊ ဆန်ခါယက်သူများသည် မျှစ်ချိုးခြင်းကို တစ်နှစ်တစ်ခါ ထိန်းသိမ်းထားလျှင် များစွာအကျိုးရှိနိုင်ကြောင်း သိရသည်။

ယခုလတ်တလောတွင် တောင်ယာလုပ်ကိုင်သူများက သစ်တောများ ခုတ်ထွင်ရှင်းလင်းခြင်းနှင့်အတူ ဝါးရုံတောများကို ရှင်းလင်းကြသည့်အတွက် ဝါးရုံတောအနည်းငယ်သာကျန်ရှိပြီး ပျောက်လုနီးပါးဖြစ်နေပြီဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ပုလဲမြို့နယ်တောင်ပေါ်ဒေသခံတစ်ဦးထံမှ သိရသည်။

ပုလဲမြို့နယ်တွင် ကျေးရွာ ၆၁ အုပ်စုရှိပြီး မြေပြန့် ၄၇ အုပ်စုနှင့် တောင်ပေါ် ၁၄ အုပ်စုရှိရာ ယခင်က တောင်ပေါ်ဒေသများတွင် သစ်တော၊ ဝါးတောများ ဖုံးလွှမ်းခဲ့ခြင်းကြောင့် နေအိမ်အဆောက်အအုံများအတွက် အမိုးအကာနှင့်သီးနှံထည့်သော ရိုင်ပတ်နီးဖျာများ၊ ဆန်ကော၊ ဆန်ခါများ ပြုလုပ်ရာတွင် ဝါးများကို အားကိုးအားထားပြုကာ အသုံးပြုခဲ့ကြောင်း သိရသည်။

ထိုစဉ်က တောင်ခြေဒေသများဖြစ်သော ဝမ်းဘဲချိုင့်ပိတောက်ကုန်းဒေသရှိ ဒေသခံအများစုမှာရွာအနီးတွင် ရှိသောဝါးများကို အလွယ်တကူခုတ်ယူပြီး ဝါးနီးဖျာယက်လုပ်ခြင်းလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုခဲ့ကြကြောင်း၊ ယခုအချိန်တွင် တောင်ယာလုပ်ကိုင်သူများက သစ်တောများ ခုတ်ထွင်ရှင်းလင်းခြင်းနှင့်အတူ ဝါးရုံတောများကိုပါ ရှင်းလင်းကြသည့်အတွက် ဝါးရုံတောအနည်းငယ်သာကျန်ရှိပြီး ပျောက်ကွယ်လုနီးပါးဖြစ်နေပြီဖြစ်ကြောင်းသိရသည်။

"နည်းနည်းပဲကျန်တော့တဲ့ ဝါးရုံတောတွေမှာ နှစ်စဉ်မိုးဦးကျကာလမှာ ဝါးပင်ပေါက်နုတွေဖြစ်တဲ့ မျှစ်တွေကို ချိုးရောင်းရင်ဖြစ်ဖြစ် ကျန်ခဲ့တဲ့ဝါးပင်ပေါက်တွေကိုလည်း ခရမ်းချဉ်စိုက်သူတွေအတွက် တိုင်အဖြစ်သုံးဖို့အတွက် ခုတ်ရောင်းနေမယ်ဆိုရင်တော့ ရင့်မာတဲ့ဝါးအဆင့်ကိုရောက်မလာဘဲဖြစ်နေလိမ့်မယ်"ဟု ကိုယ်တိုင် ကွင်းဆင်းလေ့လာထားသူ ဦးတင့်ဆွေထံမှ သိရသည်။

အမိုးအကာ ရိုင်ပတ်ဖျာနှင့် ဆန်ကော၊ ဆန်ခါလုပ်သူများသည် ရင့်မာသောဝါးများကို ရယူလိုပါက ပုလဲမြို့နယ်အတွင်းတွင် မရကြသည့်အတွက် ဂန့်ဂေါမြို့နယ် ပုံတောင်ပုံညာဒေသအထိ သွားရောက်ဝယ်ယူသုံးစွဲနေကြရကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**




## စစ်ဘေးရှောင်ပြည်သူများအတွက် ငွေနှင့်စားသောက်ကုန်ပစ္စည်းများလှူဒါန်း

**လားရှိုး ဇန်နဝါရီ ၂၃**

ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့ ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဇန်နဝါရီ ၂၂ ရက် မွန်းလွဲပိုင်းက ရွှေသံလွင်ကုမ္ပဏီလီမိတက်နှင့် Save Myanmar အဖွဲ့တို့က ရှမ်းပြည်နယ်(မြောက်ပိုင်း) စစ်ဘေးရှောင်ပြည်သူများအတွက် ငွေနှင့်စားသောက်ကုန်ပစ္စည်းများ လှူဒါန်းခဲ့ကြောင်း သိရသည်။**(အောက်ဝဲပုံ)**



Save Myanmar အဖွဲ့မှ ရှမ်းပြည်နယ်(မြောက်ပိုင်း) စစ်ဘေးရှောင်ပြည်သူများအတွက် ငွေသား ကျပ်သိန်း ၅၀၀၊ စားသောက်ကုန်ပစ္စည်းများ တန်ဖိုး ငွေကျပ် ၂၅၇၂၇၆၀၀ စုစုပေါင်း ငွေကျပ် ၇၅၇၂၇၆၀၀ တို့အား ပေးအပ်လှူဒါန်းခဲ့ရာ လားရှိုးမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ပြည်နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးစိန်အုပ်က လက်ခံရယူခဲ့ပြီး ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

**ဟန်ဌေး(လားရှိုး)**

## ထိခိုက်ဒဏ်ရာရရှိမှု အသက်အာမခံလျော်ကြေးပေးအပ်

**မန္တလေး ဇန်နဝါရီ ၂၃**

စုပေါင်းအသက်အာမခံလျော်ကြေးပေးအပ်ပွဲနှင့် မန္တလေးမြို့ရှိအာမခံကိုယ်စားလှယ်များ တွေ့ဆုံမိတ်ဆက်ပွဲကို ဇန်နဝါရီ ၂၂ ရက် ည ၇ နာရီက မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် (၂၇) လမ်းနှင့် (၆၄) လမ်းထောင့်ရှိ အီတာနယ်ခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် စုပေါင်းအသက်အာမခံထားရှိသူ ရိုးမဘဏ်မှဒေါ်ခင်ခင်ထွေးအား ထိခိုက်ဒဏ်ရာရရှိမှုအတွက် လျော်ကြေးငွေကျပ်၂၅၀၀၀၀ အား အာမခံကိုယ်စားလှယ်ထံ လွှဲပြောင်းပေးအပ်သည်။ ထို့နောက် မန္တလေးတိုင်းဒေသကြီး အဝေးပြေးကုန်စည်ပို့ဆောင်ရေး ကုန်တင်ယာဉ်ကြီးများ အသင်းဥက္ကဋ္ဌနှင့် စစ်ကိုင်းတိုင်းဒေသကြီး အဝေးပြေးကုန်စည်ပို့ဆောင်ရေးအသင်းဥက္ကဋ္ဌတို့က ကုန်စည်ပို့ဆောင်မှု အာမခံလုပ်ငန်းများနှင့် မော်တော်ယာဉ်အလုံးစုံအာမခံလုပ်ငန်းများနှင့်ပတ်သက်၍ အကြံပြုဆွေးနွေးကြကြောင်း သိရသည်။

ဂလိုဘယ်ဝေါ(လ်) အာမခံကုမ္ပဏီကို မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် (၆၂) လမ်း၊ (၃၄) လမ်းနှင့် (၃၅)လမ်းကြားတွင် ဖွင့်လှစ်ထားပြီး အသက်အာမခံအပါအဝင် အထွေထွေအာမခံလုပ်ငန်းများ ၂၄ နာရီ ဝန်ဆောင်မှုပေးလျက်ရှိကာ မန္တလေးမြို့၏ဘာသာရေး၊ လူမှုရေးဆောင်ရွက်မှုများတွင် ပံ့ပိုးကူညီလျက်ရှိကြောင်းသိရသည်။

**သီဟကိုကို(မန္တလေး)**



ကြေးမုံ
နေ့စဉ်သတင်းစာ
စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးဌေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှဲ့သင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ မေသကြိန်၊ အေးအေးမြင့်၊ ခင်စုစုလှိုင်
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလှဲ့



ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ (UPDJC) အတွင်းရေးမှူးအဖွဲ့ ဒုတိယအကြိမ် အစည်းအဝေးကို မြန်မာနိုင်ငံငြိမ်းချမ်းရေးပြန်လည်ထူထောင်ရေးလုပ်ငန်း ဗဟိုဌာန၌ ကျင်းပစဉ်။

## ၂၀၁၆ ခုနှစ် (၆၉) နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုကြီးထာဝရတည်တံ့ခိုင်မြဲရေးနှင့် တိုင်းရင်းသားအားလုံး ပြည်ထောင်စုစိတ်ဓာတ်မွေးမြူရေး။

(၂) ပြည်ထောင်စုကြီးအတွင်း တိုင်းရင်းသားအားလုံး ဉမကွဲသိုက်မပျက် အတူတကွပူးပေါင်းနေထိုင်ရေး။

(၃) ရရှိထားပြီးဖြစ်သည့် အမျိုးသားပြန်လည်စည်းလုံးညီညွတ်မှုကို ခိုင်မာအောင်တည်ဆောက်ရေး။

(၄) တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကို နိုင်ငံသားအားလုံး အသိစိတ်ဓာတ်ဖြင့် ပါဝင်ဆောင်ရွက်ရေး။

(၅) တိုင်းပြည်၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်အောင် တိုင်းရင်းသားအားလုံး တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

**✱ ရှေ့ဖုံးမှ**

အတွင်းရေးမှူးဖြစ်သူ ဦးသုဝေက "ကျွန်တော်တို့ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံကြီးကို ကျင်းပဖို့ ဝိုင်းဝန်းကြိုးစားခဲ့ကြသူ အားလုံးဟာ ကျွန်တော်တို့ တိုင်းပြည်အတွက် အင်မတန်အရေးကြီးတဲ့ မှတ်တိုင်ကို စိုက်ထူခဲ့ကြတာပါ။ အဲဒီမှတ်တိုင်ကို လေးလေးနက်နက်နဲ့ ခိုင်ခိုင်မာမာဖြစ်စေဖို့ စာတမ်းပါပြုစုကြမယ်ဆိုတော့ တိုင်းပြည်တစ်ခုလုံးအတွက် အရေးပါပြီးတန်ဖိုးရှိတဲ့ မှတ်တမ်းကြီးဖြစ်ပါလိမ့်မယ်။ ဒီငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဟာ အစဉ်သဖြင့်ဆက်လက်ပြီး လုပ်ဆောင်ရမယ့်လုပ်ငန်းကြီးဖြစ်ပါတယ်။ ကျွန်တော်တို့ ယခုလို ချစ်ချစ်ခင်ခင်ညီညီညွတ်ညွတ်နဲ့လုပ်ဆောင်ခဲ့သလို ဆက်လက်ပြီးတော့လည်း ချစ်ချစ်ခင်ခင်လက်တွဲသွားပါမယ်"ဟု အဖွင့်အမှာစကားတွင် ထည့်သွင်းပြောကြားခဲ့သည်။

ယနေ့ ပြုလုပ်သည့် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) အတွင်းရေးမှူးအဖွဲ့ ဒုတိယအကြိမ်အစည်းအဝေးတွင် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံမှတ်တမ်းနှင့် အစီရင်ခံစာများ ထုတ်ပြန်ရေးအတွက် မှတ်တမ်းအကျဉ်းကို ဖေဖော်ဝါရီတွင် ထုတ်ပြန်နိုင်ရန်နှင့် အစီရင်ခံစာများအား မတ်လနောက်ဆုံးထား၍ ထုတ်ဝေနိုင်ရန် ဆွေးနွေးကြသည်။ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC)၏ ပဉ္စမအကြိမ်အစည်းအဝေးကိုမူ ဖေဖော်ဝါရီ ၂၀ ရက်တွင် ပြန်လည်ကျင်းပနိုင်ရန် ဆွေးနွေးခဲ့ကြသည်။

"ကျွန်တော်တို့ ဒီနေ့အစည်းအဝေးမှာတော့ ပထမအကြိမ် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံမှာ ဆောင်ရွက်ခဲ့တဲ့ လုပ်ငန်းစဉ်တွေနဲ့ ပတ်သက်ပြီး ဆွေးနွေးတယ်။ ငြိမ်းချမ်းရေးညီလာခံနဲ့ ပတ်သက်ပြီး ပထမတစ်မျိုးက ညီလာခံ တက်ရောက်သူတွေနဲ့ ဆွေးနွေးတဲ့အကြောင်းအရာတွေကို မှတ်တမ်းအနေနဲ့ထုတ်မယ်။ ဒုတိယတစ်မျိုးကတော့ အစုအဖွဲ့ ခုနစ်ခုက အဖွဲ့အစည်းအသီးသီးရဲ့ ကဏ္ဍကြီးငါးခုအတွက် ဆွေးနွေးချက်တွေကို ထုတ်ဝေမယ်။ နောက်ထပ်လုပ်ဆောင်ကြမယ့် ဆွေးနွေးပွဲတွေအတွက် ဒါတွေက အရေးကြီးတယ်။ ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံမှာ ဆွေးနွေးခဲ့တဲ့ ဆွေးနွေးချက်တွေကိုတော့ အစိုးရအနေနဲ့ မတ်လအထိရှိမယ်ဆိုတော့ မတ်လမှာ အားလုံးအပြီးထုတ်ဝေနိုင်အောင် ဆွေးနွေးတယ်။ ပြည်သူတွေအနေနဲ့ကလည်း ငြိမ်းချမ်းရေးညီလာခံက ဆွေးနွေးချက်တွေကို သိချင်မှာပဲ"ဟု မြန်မာနိုင်ငံငြိမ်းချမ်းရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်း ဗဟိုဌာန (MPC)မှ ညွှန်ကြားရေးမှူးဖြစ်သူ ဦးအောင်နိုင်ဦးက ပြောသည်။

ပထမဆုံးအကြိမ် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံအား နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ (MICC-2)၌ ဇန်နဝါရီ ၁၂ ရက်မှ ၁၆ ရက်အထိ ကျင်းပခဲ့သည်။ ညီလာခံသို့ အစိုးရအဖွဲ့မှ ကိုယ်စားလှယ်အစုအဖွဲ့၊ လွှတ်တော်မှကိုယ်စားလှယ်အစုအဖွဲ့၊ တပ်မတော်မှ ကိုယ်စားလှယ်အစုအဖွဲ့၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များမှကိုယ်စားလှယ်အစုအဖွဲ့၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်အစုအဖွဲ့၊ တိုင်းရင်းသားကိုယ်စားလှယ်အစုအဖွဲ့၊ တတ်သိပညာရှင်များနှင့် အခြားပါဝင်သင့် ပါဝင်ထိုက်သူများအစုအဖွဲ့တို့မှ နိုင်ငံရေးကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ လူမှုရေးကဏ္ဍ၊ လုံခြုံရေးကဏ္ဍ၊ မြေယာနှင့် သဘာဝပတ်ဝန်းကျင်ကဏ္ဍဟူ၍ ကဏ္ဍငါးခုအပေါ် ဆွေးနွေးခဲ့ကြသည်။

သတင်း - ရဲခေါင်ညွှန့်

ဓာတ်ပုံ - ဖိုးထောင်

**◆ အာနန္ဒာဘုရားပွဲမှ**

ဘုရားဖူးလှေျာက်လည်ကြ၊ ညအချိန်ဇာတ်ပွဲကြည့်ကြနဲ့ အသက်ကြီးပိုင်းကတော့ လှည်းစောင့်နွားစောင့်ရင်း ရွက်ဖျင်တဲမှာကျန်နေခဲ့တယ်။ လပြည့်နေ့မှာမြေပဲ၊ ပဲဆီ၊ ဆွမ်းဆန်စိမ်းစတဲ့ ရွာကဒေသထွက်လေးတွေနဲ့ ဘုရားကြီးကိုဦးခိုက်ပြီး သပိတ်လုံးဆက်ကပ်ပြီးရင်တော့ နံနက် ၁၀ နာရီလောက် ပြန်ကြမှာပါ"ဟု မြေသင်းတွင်းကျေးရွာ ပေါင်းမိုးလှည်းအဖွဲ့မှ ရွာသားတစ်ဦးက ပြောပြသည်။

အဆိုပါ ဘုရားပွဲတော်သို့ ရှေးယခင်လမ်းပန်းဆက်သွယ်ရေး မကောင်းစဉ် ကျေးရွာနေပြည်သူများသည် ပေါင်းမိုးလှည်းများနှင့် နှစ်စဉ်လာရောက်ခဲ့ရာမှ ရိုးရာဓလေ့တစ်ခုကဲ့သို့ ဖြစ်သွားခဲ့ကြောင်း၊ ယခုခေတ် လမ်းပန်းဆက်သွယ်ရေးများကောင်းမွန်လာခြင်း၊ ကျေးရွာများတွင် ကား၊ ဆိုင်ကယ်များပေါများလာခြင်းတို့နှင့်အတူ ယင်းပေါင်းမိုးလှည်းနှင့် လာရောက်ဘုရားဖူးသည့် ဓလေ့ပပျောက်သွားမည်ကို စိုးရိမ်နေလျက်ရှိကြောင်း၊ ယင်းပေါင်းမိုးလှည်းများဖြင့် တစုတဝေးတည်း စီတန်းလာကြခြင်း၊ ရွက်ဖျင်တဲများထိုးကာ မိသားစုများအလိုက် ချက်ပြုတ်စားသောက်နေထိုင်သည့် ရိုးရာလူနေမှုပုံစံများအား ကမ္ဘာလှည့်ခရီးသွားဧည့်သည်များကလည်း စိတ်ဝင်တစား လာရောက်လေ့လာ၍ မှတ်တမ်းဓာတ်ပုံများ ရိုက်ကူးခြင်းများ ပြုလုပ်လျက်ရှိရာ ဒေသခံပြည်သူများအနေဖြင့် ရေရှည်တည်တံ့အောင် ထိန်းသိမ်းသင့်သည့် ရိုးရာဓလေ့တစ်ခုဖြစ်လာပြီဖြစ်ကြောင်း သုံးသပ်ပြောကြားလျက်ရှိသည်။

**ရဲသူရအောင် (ညောင်ဦး)**

## စနစ်သစ် ဘီအီးဒီ (၁၉၇၄)ဘွဲ့ရများက ပညာရေးနှင့် လူမှုအကျိုးပြုလုပ်ငန်းများဆောင်ရွက်ရန် တွေ့ဆုံညှိနှိုင်းဆွေးနွေးမည်

**ရန်ကုန် ဇန်နဝါရီ ၂၃**

ရန်ကုန်ပညာရေးတက္ကသိုလ်မှ ၁၉၇၄ ခုနှစ်တွင် စနစ်သစ် ဘီအီးဒီဘွဲ့ ရရှိခဲ့ကြသူများက ဇန်နဝါရီ ၃၀ ရက် နံနက် ၉ နာရီတွင် ရန်ကုန်ပညာရေးတက္ကသိုလ်၌ ရန်ကုန်ပညာရေးတက္ကသိုလ် (၂၁)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲအခမ်းအနား ကျင်းပမည်ဖြစ်သည်။

ထို့နောက် နံနက် ၁၁ နာရီတွင် မြန်မာနိုင်ငံပညာရေးသုတေသနဦးစီးဌာနဝင်းအတွင်းရှိ မြန်မာနိုင်ငံစာတတ်မြောက်ရေးအထောက်အကူပြုပင်မဌာန အစည်းအဝေးခန်းမ၌ အမိပညာရေးတက္ကသိုလ်ကို ကျေးဇူးဆပ်သည့်အနေဖြင့် မိမိတို့စွမ်းဆောင်နိုင်ရာ အခန်းကဏ္ဍမှ ပညာရေးလောကအကျိုးပြုလုပ်ငန်းများနှင့် လူမှုအကျိုးပြုလုပ်ငန်းများဆောင်ရွက်နိုင်ရန် တွေ့ဆုံညှိနှိုင်းဆွေးနွေးပွဲတစ်ရပ်ကို ကျင်းပမည်ဖြစ်ရာ ၁၉၇၄ စနစ်သစ် ဘီအီးဒီဘွဲ့ရ ကျောင်းသား ကျောင်းသူများ တက်ရောက်ဆွေးနွေးအကြံပြုကြရန် ဖြစ်မြောက်ရေးကော်မတီက နှိုးဆော်ထားကြောင်း သိရသည်။

**ကိုလတ် (သတင်းစဉ်)**

## တပ်ကုန်းမြို့နယ် ကျောင်းရွာကျေးရွာ၌ အားကစားထူးချွန်ဆုပေးပွဲကျင်းပ

**တပ်ကုန်း ဇန်နဝါရီ ၂၃**

နေပြည်တော် ကောင်စီနယ်မြေ ဥတ္တရသီရိခရိုင် တပ်ကုန်းမြို့နယ် ကျောင်းရွာကျေးရွာ မူလတန်းလွန်ကျောင်း၏ ၂၀၁၄-၂၀၁၅ ပညာသင်နှစ်အတွက် ပညာရည်ချွန်ဆုပေးပွဲ၊ အားကစားထူးချွန်ဆုပေးပွဲနှင့် စုံညီပွဲတော်ကို ဇန်နဝါရီ ၂၂ ရက်က ကျောင်းရွာ မူလတန်းလွန်ကျောင်း၌ ကျင်းပသည်။

ပညာရည်ချွန် ဆုပေးပွဲနှင့် အားကစားထူးချွန် ဆုပေးပွဲတွင် သူငယ်တန်းမှ သတ္တမတန်းအထိ ထူးချွန်ဆုရရှိခဲ့ကြသူများအား ပထမ၊ ဒုတိယ၊ တတိယစသည်ဖြင့် အတန်းလိုက်ဆုများပေးအပ်ခဲ့ပြီး ပညာရည်ချွန်ဆုပေးပွဲတွင် သီတင်းကျွတ်မီးထွန်းပွဲတော်၊ အမျိုးသားနေ့၊ လွတ်လပ်ရေးနေ့စသည့် စာစီစာကုံးပြိုင်ပွဲတွင် ဆုရကျောင်းသား ကျောင်းသူ ၁၀ ဦး၊ အတန်းလိုက်ထူးချွန်ဆုရ ကျောင်းသား ကျောင်းသူ ၂၄ ဦးနှင့် အားကစားထူးချွန်ဆုပေးပွဲတွင် အားကစားနည်းခြောက်မျိုးယှဉ်ပြိုင်ခဲ့ရာ၌ ဆုရကျောင်းသား ကျောင်းသူ ၄၆ ဦးတို့အား ဆုများအသီးသီးပေးအပ်ခဲ့ကြောင်း သိရသည်။

ကျောင်းရွာမူလတန်းလွန်ကျောင်းတွင် ကျောင်းသား ကျောင်းသူ ၃၇၁ ဦးအား ပညာသင်ကြားလျက်ရှိပြီး ပညာရည်ချွန်ဆုပေးပွဲနှင့် အားကစားထူးချွန်ဆုပေးပွဲကို ပညာ့မီးအိမ်ပညာဒါနအဖွဲ့နှင့် စေတနာရှင်အလှူရှင်တို့က ဦးဆောင်ပြီး ကျင်းပပေးခဲ့ကြောင်း သိရသည်။

**(ကြေးမုံ)**

## မန္တလေးတွင် အမေများနေ့အထိမ်းအမှတ် မိဘခြေရာခံယူသူ ၇၀ ကျော်ရှိ

**မန္တလေး ဇန်နဝါရီ ၂၃**

မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် (၈၅)လမ်း၊ (၃၄)လမ်းနှင့် (၃၅)လမ်းထောင့်ရှိ ပရိယတ္တိသာသနာ့ဗိမာန် (ဦးလှသိန်းဗိမာန်)၌ အမေများနေ့အထိမ်းအမှတ်အဖြစ် မိဘခြေရာခံယူပွဲကို ဇန်နဝါရီ ၁၉ ရက်မှ ၂၃ ရက်ထိ ပြုလုပ်ခဲ့ရာ မိဘခြေရာခံသူပေါင်း ၇၀ ကျော်ရှိကြောင်း သိရသည်။

"အမေ့ရဲ့ ဂုဏ်ကျေးဇူးကို စက္ကန့်တိုင်းသတိတရရှိပြီး ပြန်လည်ပေးဆပ်နိုင်ဖို့အင်အားအဖြစ် အမေ့ရဲ့ခြေရာကို ခံယူတာဖြစ်ပါတယ်။ ကိုယ်နဲ့မကွာဆောင်ထားပြီး ဘဝမှာ အောင်မြင်မှုပဲဖြစ်ဖြစ်၊ ဆုံးရှုံးမှုပဲဖြစ်ဖြစ် ကြုံတွေ့ရင် အမေကအားပေးနေမယ်လို့ယုံကြည်ပါတယ်"ဟု အမေ့ခြေရာခံယူခဲ့သူ ကိုအောင်သန့်ခိုင်က ပြောသည်။



အမေများနေ့ အခမ်းအနားကို ဇန်နဝါရီ ၂၄ ရက်(ပြာသိုလပြည့်နေ့) မွန်းတည့် ၁၂ နာရီတွင် အဆိုပါဗိမာန်၌ ကျင်းပမည်ဖြစ်ပြီး စာရေးဆရာများက မိဘဂုဏ်ရည်နှင့် ပတ်သက်သည့် ဟောပြောပွဲများ ကျင်းပမည်ဖြစ်သည်။

"အမေ့ကျေးဇူးတရားတွေကိုသိပြီး လက်တွေ့ပေးဆပ်ဖို့ ရည်ရွယ်ကျင်းပတာဖြစ်တယ်။ မိဘကျေးဇူးအနန္တဆိုတာ မြတ်ဘုရားဟောကြားထားတယ်။ တကယ်လည်း ကျေးဇူးကြီးမားလှပါတယ်။ အမေ့ကျေးဇူးမှမသိရင် တခြားကျေးဇူးကိုလည်းသိတတ်မှာမဟုတ်ဘူး"ဟု အမေများနေ့ကျင်းပရေး ဦးဆောင်သူ ဆရာဦးဖုန်းမြင့်အောင်ကပြောသည်။

ကမ္ဘာတွင်လည်း အမေများနေ့နှင့် အဖေများနေ့များရှိကြောင်း၊ မန္တလေးမြို့တွင် အမေများနေ့ကို ၁၉၉၆ ခုနှစ်က စတင်၍ ပြာသိုလပြည့်နေ့တိုင်း ကျင်းပခဲ့ရာ အကြိမ်(၂၀)မြောက်ရှိပြီဖြစ်ကာ ဆရာအော်ပီကျယ်၊ ဆရာထွဏ်းသွေးအိမ်နှင့် ဆရာမမေကျော့ရှင်းတို့က ဟောပြောကြမည်ဖြစ်သည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

■

## ပဲခူးမြို့ပေါ်တွင် ပိုလီယိုရောဂါကာကွယ်ဆေးတိုက်ကျွေး

**ပဲခူး ဇန်နဝါရီ ၂၃**

ပဲခူးမြို့ပေါ်ရှိ ရပ်ကွက်အသီးသီး၌ ဇန်နဝါရီ ၂၃ ရက် နံနက်ပိုင်းမှစတင်ကာ ဇန်နဝါရီ ၂၅ ရက်အထိ မွေးကင်းစမှ အသက်ငါးနှစ်အောက်ကလေးငယ်များအား သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာများ၌ အုပ်စုများခွဲ၍ ကျန်းမာရေးဝန်ထမ်းများ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် အထောက်အကူပြုအဖွဲ့များ ပူးပေါင်းကာ ပိုလီယိုရောဂါ ကာကွယ်ဆေးများ တိုက်ကျွေးပေးကြသည်။ နိုင်ငံတစ်ဝန်းလုံးတွင် ပိုလီယိုရောဂါပိုးကူးစက်ပျံ့နှံ့နိုင်သည့် အန္တရာယ်ရှိသောမြို့နယ်များကို ဆန်းစစ်သုံးသပ်ရွေးချယ်ခဲ့ရာတွင် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၈ မြို့နယ်လုံး ပါဝင်သောကြောင့် ပိုလီယိုကာကွယ်ဆေး အပိုဆောင်းတိုက်ကျွေးခြင်းလုပ်ငန်း ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

**(၅၈၈)**

# အီရန်နှင့်တရုတ်သမ္မတတို့ နှစ်နိုင်ငံဆက်ဆံရေးစာမျက်နှာသစ်ဖွင့်လှစ်



**တီဟီရန် ဇန်နဝါရီ ၂၃**

အီရန်သမ္မတဟတ်ဆန်ရိုဟာနီနှင့် အီရန်နိုင်ငံသို့ အလည်အပတ်ခရီးရောက်ရှိနေသည့် တရုတ်သမ္မတရှီကျင့်ဖျင်တို့က နှစ်နိုင်ငံဆက်ဆံရေးကို ယခင်ကထက် ပိုမိုတိုးမြှင့်သွားရန်နှင့် ထိုသို့ဆက်ဆံရေးမြှင့်တင်မှုသည် နှစ်နိုင်ငံဆက်ဆံရေး စာမျက်နှာသစ်တစ်ရပ် ပြန်လည်ဖွင့်လှစ်ခြင်းဖြစ်သည်ဟု ပြောကြားခဲ့ကြောင်း သိရသည်။

နိုင်ငံတကာအသိုက်အဝန်းမှ အီရန်နိုင်ငံအပေါ် ချမှတ်ထားသည့် စီးပွားရေးပိတ်ဆို့မှုများ ပြန်လည်ရုပ်သိမ်းပြီးနောက် သမ္မတရှီကျင့်ဖျင်သည် အီရန်နိုင်ငံသို့ ပထမဆုံး အလည်အပတ်ရောက်ရှိသည့် နိုင်ငံ့ခေါင်းဆောင်တစ်ဦးဖြစ်သည်။ အီရန်နိုင်ငံအား နျူကလီးယားအရေးနှင့် ပတ်သက်ပြီး တားဆီးပိတ်ပင်ခဲ့သည့် ကမ္ဘာ့အင်အားကြီးခြောက်နိုင်ငံအနက် တရုတ်နိုင်ငံ အပါအဝင်ဖြစ်သည်။

"စီးပွားရေးပိတ်ဆို့မှုတွေဖြေလျှော့ပြီးတဲ့နောက်ပိုင်းမှာ အခုလို သမ္မတရှီကျင့်ဖျင်လာရောက်လည်ပတ်တဲ့အတွက် အတိုင်းမသိဝမ်းသာပီတိဖြစ်ရပါတယ်။ နောင်လာမယ့် ၁၀ နှစ်အတွင်းမှာ နှစ်နိုင်ငံ ကုန်သွယ်ရေးစီးဆင်းငွေ အမေရိကန်ဒေါ်လာ ဘီလီယံ ၆၀၀ အထိ ရောက်ရှိဖို့ တရုတ်နဲ့အီရန်က သဘောတူညီခဲ့ကြပါတယ်" ဟု ရုပ်သံလိုင်းတစ်ခု၏ သမ္မတရှီကျင့်ဖျင်နှင့်အတူ အင်တာဗျူးတစ်ခုတွင် အီရန်သမ္မတက ပြောကြားသည်။

နှစ်နိုင်ငံအနေဖြင့် ပြည်တွင်းသုံး နျူကလီးယားစွမ်းအင်ထုတ်လုပ်ရေးကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်ရေးနှင့် ပိုးလမ်းမကုန်သွယ်ရေးလမ်းကြောင်း ပြန်လည်သက်ဝင်လာစေရန် သဘောတူညီထားသည့် စာချုပ်များအပါအဝင် သဘောတူညီမှုစာချုပ် ၁၇ ခုကို ဇန်နဝါရီ ၂၂ ရက်တွင် နှစ်နိုင်ငံခေါင်းဆောင်များက လက်မှတ်ရေးထိုးခဲ့ကြကြောင်းသိရသည်။

ယီမင်၊ အာဖဂန်နစ္စတန်၊ ဆီးရီးယားနှင့် အီရတ်နိုင်ငံတို့တွင် အကြမ်းဖက်မှုတိုက်ဖျက်ရေး လုပ်ငန်းစဉ်များတွင် ပိုမိုပူးပေါင်းဆောင်ရွက်ရေးကိုလည်း နှစ်နိုင်ငံခေါင်းဆောင်များက သဘောတူညီခဲ့ကြသည်။

သမ္မတရှီကျင့်ဖျင်သည် ၁၄ နှစ်အတွင်း အီရန်နိုင်ငံသို့အလည်အပတ်ရောက်ရှိခဲ့သည့် ပထမဆုံးသော တရုတ်သမ္မတဖြစ်ကြောင်း အီရန်နိုင်ငံပိုင်သတင်းဌာန IRNAက ဆိုသည်။

ဇန်နဝါရီ ၁၉ရက်မှစတင်သည့် သမ္မတရှီ၏ အရှေ့အလယ်ပိုင်းခရီးစဉ်အတွင်း အီရန်နိုင်ငံသို့မရောက်ရှိမီ ဆော်ဒီအာရေဗျနှင့် အီဂျစ်နိုင်ငံများသို့ သွားရောက်ခဲ့ပြီးဖြစ်သည်။

**အင်န်အိတ်ချ်ကေ။**

# အိန္ဒိယသမ္မတနိုင်ငံ ထူထောင်သည့်နှစ်ပတ်လည်အခမ်းအနားသို့ ပြင်သစ်သမ္မတ တက်ရောက်မည်

**နယူးဒေလီ ဇန်နဝါရီ ၂၃**

အိန္ဒိယသမ္မတနိုင်ငံ တည်ထောင်သည့်နှစ်ပတ်လည်စစ်ရေးပြ အခမ်းအနားသို့ အထူးဧည့်သည်တော်အဖြစ်တက်ရောက်ရန် ပြင်သစ်နိုင်ငံသမ္မတ ဖရန်ဆွာဟော်လန်းသည် ဇန်နဝါရီ ၂၄ ရက်တွင် အိန္ဒိယနိုင်ငံသို့ လာရောက်မည်ဖြစ်ကြောင်း အိန္ဒိယအစိုးရ သတင်းရပ်ကွက်က ဇန်နဝါရီ ၂၃ ရက်တွင်ပြောကြားသည်။

ပြင်သစ်သမ္မတသည် အိန္ဒိယဗဟိုအစိုးရက ထိန်းချုပ်သည့် နယ်မြေဖြစ်သောနိုင်ငံမြောက်ပိုင်း ချန်ဒီဂရာ၌ ခရီးတစ်ထောက်ရပ်နားမည်ဟု အဆိုပါ သတင်းတွင် ဖော်ပြသည်။

အိန္ဒိယနိုင်ငံ ဝန်ကြီးချုပ် နာရိန္ဒြာမိုဒီသည် ဇန်နဝါရီ ၂၄ ရက်တွင် ချန်ဒီဂရာမြို့မှ လူသိများထင်ရှားသည့် ကျောက်တုံးဥယျာဉ်၌ ပြင်သစ်သမ္မတနှင့် တွေ့ဆုံဆွေးနွေးရန် စီစဉ်ထားသည်။

အိန္ဒိယနိုင်ငံ ဝန်ကြီးချုပ်နှင့် ပြင်သစ်သမ္မတတို့တွေ့ဆုံရန် စီစဉ်ထားသည့်နေရာမှာ ၁၉၅၀ ပြည့်လွန်နှစ်များအတွင်းက ပြင်သစ်ဗိသုကာပညာနှင့် ယေကော် ဘူစီယာက ပုံစံထုတ် တည်ဆောက်ထားသည့် အဆောက်အအုံဖြစ်ပြီး ယင်းမှာ အိန္ဒိယနိုင်ငံဝန်ကြီးချုပ်နှင့် ပြင်သစ်နိုင်ငံသမ္မတတို့၏ ပထမဆုံးတွေ့ဆုံရာနေရာဖြစ်သည်ဟု သတင်းတွင် ဖော်ပြသည်။

နှစ်နိုင်ငံဝန်ကြီးချုပ်နှင့်သမ္မတများ တွေ့ဆုံမှုအပြီးတွင် အိန္ဒိယနိုင်ငံနှင့် ပြင်သစ်နိုင်ငံများမှ စက်မှုလုပ်ငန်းရှင်များနှင့် ထိပ်တန်းစီးပွားရေးလုပ်ငန်းရှင်များ၏ တွေ့ဆုံ ဆွေးနွေးမှုများ ပြုလုပ်မည်ဖြစ်ပြီး ပြင်သစ်သမ္မတအား ဇန်နဝါရီ ၂၅ ရက်တွင် အိန္ဒိယနိုင်ငံမြို့တော် နယူးဒေလီ၌ ကြိုဆိုပွဲ ပြုလုပ်မည်ဖြစ်သည်။ **ဆင်ဟွာ။**



# ဂျပန်ဝန်ကြီးချုပ်ရှင်ဇိုအာဘေး ရုရှားနိုင်ငံသို့ အလည်အပတ်ခရီးသွားမည်

**ကျိုတို ဇန်နဝါရီ ၂၃**

ဂျပန်ဝန်ကြီးချုပ်ရှင်ဇိုအာဘေးက ရုရှားနိုင်ငံသို့ အလည်အပတ်ခရီးသွားရောက်ရေး ကနဦးစီစဉ်မှုများလုပ်ဆောင်ရန်အတွက် ဂျပန်နှင့်ရုရှားအဆင့်မြင့် တာဝန်ရှိသူများက လာမည့်လအတွင်း တွေ့ဆုံဆွေးနွေးမည်ဖြစ်ကြောင်း ဒေသဆိုင်ရာ သတင်းများအရ သိရသည်။

ဂျပန်ဝန်ကြီးချုပ်ရှင်ဇိုအာဘေးနှင့် ရုရှားသမ္မတ ဗလာဒီမာပူတင်တို့က ဇန်နဝါရီ ၂၂ ရက်ညပိုင်းတွင် ဖုန်းမှတစ်ဆင့် အဆိုပါခရီးစဉ်အတွက် ဆွေးနွေးတိုင်ပင်ခဲ့ကြောင်းသိရသည်။

ရုရှားသမ္မတပူတင် ဂျပန်နိုင်ငံသို့အလည်အပတ်ခရီးမရောက်ရှိမီ ဂျပန်ဝန်ကြီးချုပ်ရှင်ဇိုအာဘေးက ရုရှားနိုင်ငံသို့ အလည်အပတ်သွားရောက်ရန်အတွက် စီမံမှုများ ပြုလုပ်သင့်သည်ဟု နှစ်နိုင်ငံ ခေါင်းဆောင်များက သဘောတူညီခဲ့ကြသည်။

ဂျပန်နိုင်ငံက မေလအတွင်းကျင်းပမည့် ဂျီဆဲဗင်းထိပ်သီးအစည်းအဝေးမတိုင်မီ ဂျပန်ဝန်ကြီးချုပ်အနေဖြင့် ရုရှားနိုင်ငံသို့ အလည်အပတ်ခရီးသွားရောက်နိုင်ဖွယ်ရှိကြောင်း ယခုလအစောပိုင်း အင်န်အိတ်ချ်ကေသတင်းဌာနနှင့် အင်တာဗျူးတစ်ရပ်တွင် ဂျပန်ဝန်ကြီးချုပ်ရှင်ဇိုအာဘေးက ပြောကြားခဲ့သည်။

ယင်းထိပ်သီးအစည်းအဝေးမတိုင်မီ ဂျပန်နိုင်ငံအနေဖြင့် ရုရှားသမ္မတနှင့်တွေ့ဆုံပြီး ရုရှားနိုင်ငံ၏ ခိုင်မာသော စီးပွားရေးဆိုင်ရာ အပြုသဘောဆောင်သည့် ပူးပေါင်းပါဝင်မှုများ ရှိလာစေရန် ဆွေးနွေးညှိနှိုင်းမည်ဟု ဝန်ကြီးချုပ် အာဘေးက ဆိုသည်။

ဂျပန်ဝန်ကြီးချုပ်ရှင်ဇိုအာဘေးနှင့် ရုရှားသမ္မတဗလာဒီမာပူတင်တို့က မြောက်ကိုရီးယားနိုင်ငံ၏နောက်ဆုံးစမ်းသပ်ခဲ့သည့် နျူကလီးယားလက်နက်အပေါ် ကုလသမဂ္ဂလုံခြုံရေးကောင်စီနှင့် အတူတကွပူးပေါင်းပါဝင်ဆောင်ရွက်မည်ဖြစ်ကြောင်း သဘောတူညီခဲ့ကြသည်။

**အင်န်အိတ်ချ်ကေ။**



# ကနေဒါနိုင်ငံတွင် ၂၆ နှစ်အတွင်း အဆိုးရွားဆုံး သေနတ်ပစ်ခတ်မှုဖြစ်ပွား၍ လူလေးဦးသေဆုံး

**အော့တဝါ ဇန်နဝါရီ ၂၃**

ကနေဒါနိုင်ငံ အနောက်ပိုင်းအစွန်အဖျားဒေသရှိလူနေရပ်ကွက်တစ်ခုမှ စာသင်ကျောင်းတစ်ကျောင်း၌ ဇန်နဝါရီ ၂၂ ရက်ကသေနတ်ပစ်ခတ်မှုတစ်ရပ်ဖြစ်ပွားခဲ့ရာ လူလေးဦးသေဆုံးပြီး လူနှစ်ဦး ထိခိုက်ဒဏ်ရာပြင်းထန်စွာ ရရှိခဲ့ကြောင်း၊ ယင်းဖြစ်ရပ်မှာ ကနေဒါနိုင်ငံတွင် ၂၆ နှစ်ကြာကာလအတွင်း လူအသေအပျောက် အများဆုံးဖြစ်ခဲ့ရသည့်သေနတ်ပစ်ခတ်မှုဖြစ်ကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

ကနေဒါဝန်ကြီးချုပ်ဂျပ်စတင်းဒီက ယင်းပစ်ခတ်မှုဖြစ်ပွားပြီးအစောပိုင်းတွင် သေဆုံးသူငါးဦးရှိကြောင်းပြောကြားခဲ့သည်။

ယင်းပစ်ခတ်မှုဖြစ်ပွားအပြီး၌ ပစ်ခတ်မှုအား ကျူးလွန်သည်ဟုသင်္ကာမကင်းသူတစ်ဦးအား ဖမ်းဆီးထိန်းသိမ်းထားသည်ဟု ကနေဒါဝန်ကြီးချုပ်က ပြောကြားသည်။ အဆိုပါသေနတ်ပစ်ခံရသည့်ကျောင်းမှာ ကနေဒါနိုင်ငံမြောက်ပိုင်း ဆာကတ်ချီဝမ်ပြည်နယ်၏ အနောက်ဘက်ပိုင်း လာလိုချေးရပ်ကွက်ရှိ မူလတန်းကြို မှ ၁၂ တန်းအဆင့်ရှိစာသင်ကျောင်းဖြစ်ပြီး အဆိုပါစာသင်ကျောင်းတွင် ကျောင်းသားဦးရေ ၉၀၀ နီးပါးမျှ တက်ရောက်နေကြောင်း သတင်းတွင်ဖော်ပြသည်။ **ဆင်ဟွာ။**

# ပြည်ထောင်စုဝန်ကြီးများ ပူတာအိုခရိုင် ဖွံ့ဖြိုးရေးလုပ်ငန်းများအား ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇန်နဝါရီ ၂၃**

ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ ဦးအုန်းမြင့်၊ ဦးဝင်းထွန်း၊ ဒုတိယဝန်ကြီး ဦးမော်သာထွေးနှင့် တာဝန်ရှိသူများသည် ဇန်နဝါရီ ၂၂ ရက် နံနက်ပိုင်းတွင် ကချင်ပြည်နယ် ပူတာအိုမြို့သို့ရောက်ရှိကြပြီး အထက်နမ့်ထွမ်ရေအား လျှပ်စစ်စီမံကိန်းတည်ဆောက်မှုနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ စီမံကိန်းရှင်းလင်းဆောင်၌ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့အား လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမော်သာထွေးက ပူတာအိုဒေသတစ်ဝိုက်ရှိ ရေအားလျှပ်စစ်အရင်းအမြစ်များမှ ဓာတ်အားထုတ်ယူသွားနိုင်မည့်အခြေအနေ၊ အထက်နမ့်ထွမ်ရေအားလျှပ်စစ်စီမံကိန်း၏ ရေလွှဲဆည်၊ ရေယူအဆောက်အအုံ၊ ရေသွယ်မြောင်း၊ ရေထိန်းကန်နှင့် ဓာတ်အားပေးစက်ရုံတည်ဆောက်နေမှုနှင့် ပူတာအိုခရိုင်အတွင်း ဓာတ်အားဖြန့်ဖြူးပေးနေမှုအခြေအနေများကိုတင်ပြရာ ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းက လိုအပ်သည်များကိုမှာကြားပြီး အထက်နမ့်ထွမ်ရေအားလျှပ်စစ်စီမံကိန်းဧရိယာအတွင်း လုပ်ငန်းများဆောင်ရွက်မှုကို ကြည့်ရှုစစ်ဆေးသည်။

အထက်နမ့်ထွမ် ရေအားလျှပ်စစ်စီမံကိန်းသည် ပူတာအိုမြို့၏ အနောက်တောင်ဘက် ၇ မိုင်ခန့်အကွာ နမ့်ထွမ်ချောင်းပေါ်တွင်တည်ရှိပြီး ၃ ဒသမ ၂ မဂ္ဂါဝပ် ထွက်ရှိမည့် လျှပ်စစ်စီမံကိန်းဖြစ်သည်။ စီမံကိန်းကာလကို ၂၀၁၇ ခုနှစ် မတ်လအထိ သတ်မှတ်ထားပြီး ယခုအခါ စီမံကိန်းတစ်ခုလုံးပြီးစီးမှုသည် ၅၆ ဒသမ ၅၅ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်သည်။ ယင်းစီမံကိန်းပြီးစီးပါက ကချင်ပြည်နယ် ပူတာအိုမြို့၊ မချမ်းဘောမြို့နှင့် အနီးပတ်ဝန်းကျင်ရှိ မြို့၊ ရွာများသို့ ဓာတ်အားလုံလောက်စွာဖြန့်ဖြူးပေးနိုင်မည်ဖြစ်သည်။




မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးများနှင့်အဖွဲ့သည် ပူတာအိုမြို့တော်ခန်းမ၌ ဒေသခံပြည်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံပြီး ကျေးလက်ဒေသများဖွံ့ဖြိုးရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ခရိုင်၊ မြို့နယ်၊ ကျေးရွာများ လျှပ်စစ်ဓာတ်အားရရှိရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။**(အပေါ်ပုံ)**

တွေ့ဆုံပွဲတွင် ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်က လူထုအခြေပြုစီမံကိန်းများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နေမှု၊ ကျေးလက်ဒေသများ၏ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် တစ်ပိုင်တစ်နိုင်လုပ်ငန်းများတွင် နည်းပညာနှင့် အကူအညီများပေးနေမှု၊ မြစိမ်းရောင်စီမံကိန်းဆောင်ရွက်နေမှုနှင့် အောင်မြင်မှုအခြေအနေများကိုလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းက သစ်တောပြုန်းတီးမှုကြောင့် သဘာဝဘေးဒဏ်ခံစားခဲ့ရမှု၊ လက်လှမ်းမမီသည့်နေရာများ၌ တရားမဝင်သစ်ထုတ်လုပ်မှု၊ သစ်တောများပြန်လည်ထူထောင်ရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကိုလည်းကောင်း၊ ဒုတိယဝန်ကြီး ဦးမော်သာထွေးက လျှပ်စစ်ဓာတ်အားထုတ်လုပ်နေမှု၊ ဖြန့်ဝေနေမှု၊ ရေအားလျှပ်စစ်ရရှိနိုင်မည့် နေရာများအား စူးစမ်းတိုင်းတာလေ့လာနေမှုနှင့် ဓာတ်အားပိုမိုဖြန့်ဝေနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများကိုလည်းကောင်း ရှင်းလင်းပြောကြားကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းက ဒီမိုကရေစီအစိုးရလက်ထက်တွင် နိုင်ငံရေး၊ လူမှုရေး၊ အုပ်ချုပ်ရေးနှင့် ပုဂ္ဂလိကကဏ္ဍအား ပြုပြင်ပြောင်းလဲပြီး ဖြေလျှော့မှုများစွာပေးခဲ့ကြောင်း၊ ပညာရေးကဏ္ဍတွင် မူလတန်း၊ အလယ်တန်း၊ အထက်တန်း အဆင့်အထိ အခမဲ့ပညာသင်ခွင့်ရအောင် ဆောင်ရွက်ခဲ့သည့်အပြင် နိုင်ငံတော်သမ္မတ၏ ပညာသင်ဆုများကိုပါ ပေးအပ်လျက်ရှိကြောင်း၊ ထို့ပြင် ပညာရေးဝန်ထမ်းလိုအပ်ချက် ဖြည့်ဆည်းရန် ပညာရေးကောလိပ်များတိုးချဲ့၍ မွေးထုတ်လျက်ရှိကြောင်း။

ကျန်းမာရေးအသုံးစရိတ်ကိုလည်း တစ်နှစ်ထက်တစ်နှစ်တိုးမြှင့်ပေးခဲ့ကြောင်း၊ ဆေးရုံများကို အဆင့်မြှင့်တင်တိုးချဲ့၍ ကျန်းမာရေးစောင့်ရှောက်မှုပိုမိုပေးနိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း၊ ပူတာအိုဒေသ ရေရှည်ဖွံ့ဖြိုးတိုးတက်ရန် ပညာသည်အရေးကြီးကြောင်း၊ သယံဇာတဖြင့် ဝင်ငွေရှာဖွေခြင်းထက် လူ့စွမ်းအားအရင်းအမြစ်လုပ်အားဖြင့် ဝင်ငွေရှာဖွေသင့်ကြောင်း၊ သဘာဝပတ်ဝန်းကျင်နှင့် မိမိတို့၏ ရိုးရာယဉ်ကျေးမှု ဓလေ့များကိုလည်း ထိန်းသိမ်းရမည်ဖြစ်ကြောင်း၊ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ မိမိတို့ဒေသသို့ ခရီးသွားဧည့်သည်များ လာရောက်ကြမည်ဖြစ်ကြောင်း၊ အမျိုးသမီးများ၏ အခန်းကဏ္ဍသည်လည်း အရေးပါကြောင်း၊ ထို့ကြောင့် အမျိုးသမီးများအား ကော်မတီများ၊ အဖွဲ့အစည်းများဖွဲ့စည်းရာတွင် ပိုမိုပါဝင်လာနိုင်ရေး ဆောင်ရွက်ပေးကြရမည်ဖြစ်ပါကြောင်း၊ ထို့အတူ လူငယ်များ၊ သက်ကြီးရွယ်အိုများ၊ မသန်စွမ်းသူများကိုလည်း အလေးထားကြရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသူများက ဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်နေသည့် လမ်းပန်းဆက်သွယ်ရေးဆိုင်ရာကိစ္စရပ်များကို တင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများနှင့် အဖွဲ့သည် ပူတာအိုမြို့နယ်အတွင်း ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ထားမှုအခြေအနေကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုကြသည်။ **(သတင်းစဉ်)**

# ပြည်ထောင်စုဝန်ကြီးများ မချမ်းဘောမြို့နယ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး မြစ်ကြီးနားဒေသခံပြည်သူများနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများဆွေးနွေး

**နေပြည်တော် ဇန်နဝါရီ ၂၃**

ကချင်ပြည်နယ်သို့ ရောက်ရှိနေသော ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ ဦးအုန်းမြင့်နှင့် ဦးဝင်းထွန်းတို့သည် ပြည်နယ်ဝန်ကြီးချုပ် ဦးလဂျွန်ငန်ဆိုင်း၊ ဒုတိယဝန်ကြီး ဦးမော်သာထွေးတို့နှင့်အတူ ဇန်နဝါရီ ၂၃ ရက် နံနက်ပိုင်းတွင် မချမ်းဘောမြို့ရှိ ကောင်းမှုလုံစေတီတော်သို့ သွားရောက်ဖူးမြော်ကြည်ညိုကာ ပန်း၊ ရေချမ်း၊ ဆီမီးများ ဆက်ကပ်ပြီး အလှူငွေများ ပေးအပ်လှူဒါန်းကြသည်။**(ယာပုံ)**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများနှင့်အဖွဲ့သည် မချမ်းဘောမြို့နယ်အတွင်းရှိ လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် လျှပ်စစ်ကဏ္ဍစသည့် အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများနှင့် တိုးချဲ့ပြင်ဆင်တည်ဆောက်မှု အခြေအနေများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများနှင့်အဖွဲ့သည် မလိခတံတား (မချမ်းဘော) တည်ဆောက်ရေးလုပ်ငန်းခွင်သို့ရောက်ရှိကြပြီး တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

မလိခတံတား(မချမ်းဘော)သည် သံကူကွန်ကရစ် ဘေလီကြိုးဆိုင်းတံတား အမျိုးအစားဖြစ်ပြီး စုစုပေါင်းတံတားအရှည်ပေ ၈၄၀ ရှိသည်။ ယင်းတံတားသည် ပူတာအိုမြို့နှင့် မချမ်းဘောမြို့ကို ဆက်သွယ်ပေးသည့် တံတားဖြစ်သည်။ အဆိုပါတံတားပြီးစီးပါက ၃၆ တန်အထိရှိသည့် မော်တော်ယာဉ်များ ဖြတ်သန်းသွားလာနိုင်မည်ဖြစ်သည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးများနှင့်အဖွဲ့သည် မြစ်ကြီးနားမြို့သို့ ရောက်ရှိကြပြီး မြို့တော်ခန်းမ၌ ဒေသခံပြည်သူများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံကာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ အငှားအိမ်ရာများ တည်ဆောက်ပြီးစီးမှု၊ ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးမွေးမြူရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကိစ္စများအပြင် ငါးနှစ်တာကာလအတွင်း တိုးတက်မှုအခြေအနေများ၊ ကချင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်မှု၏ အရေးပါမှုများကို ဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**



## မင်းတပ်မြို့၌ နိုင်ငံသားစိစစ်ရေးကတ်ပြားများထုတ်ပေး

**မင်းတပ် ဇန်နဝါရီ ၂၃**

ချင်းပြည်နယ် မင်းတပ်မြို့ရှိ အခြေခံပညာအထက်တန်းကျောင်းအမှတ်(၁)နှင့် အမှတ်(၃)ရှိ ကျောင်းသားကျောင်းသူ ၈၀ အား နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးခြင်းကို ဇန်နဝါရီ ၁၉ ရက်က မင်းတပ်မြို့ အထက(၁)ကျောင်းခန်းမ၌ ပြုလုပ်သည်။

အဆိုပါ နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးခြင်းကို လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ချင်းပြည်နယ်ဦးစီးမှူး (ညွှန်ကြားရေးမှူး)ဦးယဉ်ထွေးဦးစီး၍ မင်းတပ်မြို့ရှိ ခရိုင်/မြို့နယ် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများက ပေးအပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

နိုင်ငံသားစိစစ်ရေးကတ်ပြား ပေးအပ်ပွဲသို့ တက်ရောက်လာကြသည့် ကျောင်းအုပ်ဆရာကြီး၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများကို ချင်းပြည်နယ်ဦးစီးမှူးက နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် ပတ်သက်၍ ဆောင်ရန်၊ ရှောင်ရန်အချက်များ အကျယ်တဝင့် ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

## နတ်တလင်းမြို့တွင် လျှပ်စစ်ဓာတ်အားပြည့်ဝစွာသုံးစွဲနိုင်ပြီ

**နတ်တလင်း ဇန်နဝါရီ ၂၃**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့တွင် လျှပ်စစ်ဓာတ်အားရရှိရေးအတွက် တိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာ ဦးဇော်ရဲမြင့်၏ လမ်းညွှန်မှုဖြင့် တိုင်းဒေသကြီး ဒုတိယအင်ဂျင်နီယာ ဦးရဲဝဏ္ဏ၊ ခရိုင်လျှပ်စစ်အင်ဂျင်နီယာ ဦးဘုန်းကျော်ဦးတို့မှ အနီးကပ်ကြီးကြပ်၍ ၃၃/၁၁ KV-5MVA ဓာတ်အားခွဲရုံတည်ဆောက်ခြင်းလုပ်ငန်းကို မြို့နယ်လျှပ်စစ်ဦးစီးဌာနမှူး ဦးထွန်းထွန်းနှင့် ဝန်ထမ်းများ ပူးပေါင်းဆောင်ရွက်မှုကြောင့် ဇန်နဝါရီ ၂၃ ရက်မှ စတင်ကာ မြို့ပေါ်ရပ်ကွက်များနှင့်လျှပ်စစ်မီးရရှိထားသောကျေးရွာပေါင်း ၆၅ ရွာရှိ ပြည်သူများ လျှပ်စစ်ဓာတ်အားပြည့်ဝစွာသုံးစွဲနိုင်ပြီဖြစ်၍ စိတ်ချမ်းမြေ့နေကြကြောင်း သိရသည်။

**(ဝ၇၁)**

**လျှပ်စစ်သုံးလျှင် သတိယှဉ် ဝန်အားမမျှ မသုံးရ**

# စင်ကြယ်မြင့်မြတ်သူ

**ကျော်မြင့်မြတ်(ပျဉ်းမနား)**

မိမိ၏ ကိုယ်ရေးကိုယ်တာ အခွင့်အရေးတစ်စုံတစ်ရာအတွက် မျှော်လင့်ချက်မထား ရိုးသားစင်ကြယ်သော စိတ်သက်သက်ဖြင့် ဆက်ဆံပေါင်းသင်း ပေးကမ်းခြင်းပြုသူများသည်သာ လောက၏ စင်ကြယ်မြင့်မြတ်သူဟု ဆိုနိုင်သည်။

"မနုသတ္တဘာဝေါ ဒုလ္လဘော" ရခဲသော လူ့ဘဝကို ရလာခဲ့သူများသည် ကုသိုလ်မှန်သမျှ ပြည့်စုံအောင် ပြုခွင့်ရသော တကယ့်အခွင့်အရေးတစ်ခုရကြသူများဖြစ်ကြပါသည်။

ငရဲ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ် စသောအပါယ်လေးပါးဘုံကျရောက်နေသူများအဖို့ ကုသိုလ်ပြုခွင့် မရရှိနိုင်ကြပါ။ လူ့ဘဝရခိုက်ပြုနိုင်ခဲ့သော ကုသိုလ်ကောင်းမှုများကို လူ့ဘဝသက်တမ်းတိုကာလအတွင်း ရရှိအောင်ကြိုးစားထားကြမှသာ လူဖြစ်ရကျိုးနပ်သူဖြစ်ပေမည်။

လူသားတစ်ဦးနှင့်တစ်ဦး ကုသိုလ်ကောင်းမှုပြုဖို့ အချိန်ညီတူညီမျှပေးထားပြီးဖြစ်သည်။ တစ်နေ့တာကို ၂၄ နာရီ လူတိုင်းကိုယ်စီတန်းတူညီမျှ ရရှိထားရာ အိပ်ချိန်ကို နုတ်ပါက ပျမ်းမျှ ၁၆ နာရီ ကိုယ်စီရရှိထားကြပါသည်။

တစ်နေ့တာ တန်ဖိုးရှိသောအချိန်ကို တန်ဖိုးရှိရှိ အသုံးချတတ်သူများ လောကီ၊ လောကုတ္တရာ နှစ်ဖြာသော အကျိုးကို ရရှိနေကြပြီဖြစ်သည်။ တစ်နေ့တာအချိန်များကို ပညာဖြစ်စေ၊ ဥစ္စာဖြစ်စေ၊ ကုသိုလ်ဖြစ်စေရရှိအောင် အသုံးချနေသူများအဖို့ တန်ဖိုးရှိသောလူသားတစ်ယောက် အမှန်ဖြစ်နေပေမည်။

ကမ္ဘာ့ထိပ်တန်းသို့ ရောက်ရှိနေကြသူများကို လေ့လာသော် အချိန်ကိုတန်ဖိုးရှိရှိ အသုံးချခဲ့ကြ၍ ဘဝတန်ဖိုးရှိသူများအဖြစ် မှတ်တမ်းဝင်ခဲ့ကြခြင်းဖြစ်ပါသည်။ အချိန်ကိုတန်ဖိုးမဲ့ အသုံးချသူ၊ အချိန်ဖြုန်းကြသူများ၊ မိမိဘဝကိုတန်ဖိုးရှိအောင် အသုံးမချတတ်သူများမှာမူ အကျိုးမဲ့ကိုသာ ဖန်တီးသလိုဖြစ်နေကြပါသည်။ မိမိလည်းအကျိုးမရှိ၊ အများသူငါကိုလည်း အကျိုးမဲ့စေသလို ပညာလည်းမရ၊ ဥစ္စာလည်းမရ၊ ကုသိုလ်လည်းမရ လူ့ဘဝကို အချည်းနှီးတန်ဖိုးမဲ့ဖြစ်စေပါသည်။

ဤကဲ့သို့ အချိန်ဖြုန်းနေကြသူများ မိသားစုတစ်စု၊ မြို့နယ်မှ တစ်တိုင်းတစ်ပြည်လုံးတွင် များပြားနေခဲ့ပါမူ ကမ္ဘာ့အလယ်တွင် ခေတ်နောက်ကျသောနိုင်ငံသို့ရောက်ရှိသွားမည်ဖြစ်ပါသည်။

အချို့သူများသည် မိမိအကျိုးရှိမှုတစ်ခုတည်းကိုသာ ကြည့်၍ အချိန်ကိုတန်ဖိုးရှိရှိ အသုံးချတတ်ကြပြီးပညာလည်း ရှာကြ၏။ ဥစ္စာစီးပွားလည်းရှာကြ၏။ ဦးတည်သည်က မိမိတစ်ဦးတည်းကောင်းစားရေး အတ္တကြီးသူဖြစ်၍ မည်သူ့မျက်နှာကိုမျှမထောက် မိမိအကျိုးရှိလျှင်ပြီးရော "ဘယ်သူသေသေ ငတေမာပြီးရော" ထုံးကို နှလုံးမူတတ်ကြပါ၏။ ပညာတော့ရပါ၏။ စီးပွားလည်းဖြစ်ပါ၏။ သို့သော်ဘယ်သူမျက်ရည်ပေါက်ကြီး၊ ငယ်ကျကျ ကိုယ်ရဖို့သာအရေးကြီးသူများဖြစ်ကြ၍ လောကကြီးအလှပျက်ခဲ့ရပါ၏။

မိမိအကျိုးကိုသာ ဦးစားပေးလွန်းသော လောဘ၏သားကောင်များ၊ မနကြောင့်ဖြစ်စေ၊ အာဏာကြောင့်ဖြစ်စေ၊ ထိပ်တန်းနေရာသို့ ရောက်လာခဲ့သော် မိမိနေ၊ မိမိအာဏာကို အသုံးချ၍ ပတ်ဝန်းကျင်ကို အကျည်းတန်စေသူများဖြစ်လာကြပါသည်။ လူ့လောကတစ်ခုလုံးကို အလှပျက်စေသူများ ဖြစ်လာကြပါသည်။ ဤသို့သောသူများကို လောကကိုဖျက်ဆီးသူ"လောကနာသနတရား"ရှိသူဟု ဗုဒ္ဓက ဆိုမိန့်ခဲ့ပါသည်။

အကယ်၍ မိမိရရှိထားသော စီးပွားဥစ္စာ၊ ရှာဖွေဆည်းပူးထားသောပညာ၊ ရရှိလာသော အာဏာများကို အများအကျိုး၊ ပြည်သူ့အကျိုးရှိစေမည့်ကိစ္စများကိုသာ ကုသိုလ်အဖြစ်ပြောင်းလဲနိုင်ခဲ့ပါမူ၊ ဆင်းရဲတွင်းနက်နေရှာသော၊ ဒုက္ခရောက်နေကြသော စားရမဲ့သောက်ရမဲ့များ၊ ပညာမသင်နိုင်ရှာသောကလေးများ၊ ဆေးမကုသနိုင်ရှာသော လူမမာများကို ထောက်ပံ့ကူညီဖြည့်စွမ်းပေးနိုင်ခဲ့ပါမူ ဤလောကကြီးတစ်ခုလုံး ဗြဟ္မစိုရ်တရားလွှမ်းမိုးရာ၊ လောကအကျိုးပြုတရား ထွန်းကားရာ တိုင်းနိုင်ငံကြီးအဖြစ်သို့ ရောက်ရှိသွားမည်ဖြစ်ပါသည်။

အကြီးဆုံး၊ အမြတ်ဆုံးလူပုဂ္ဂိုလ်ကိုတိုင်းတာသည့်နေရာမှာကိုက်တံဟာ "ပရဟိတ" အလုပ်ပါ။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက် သူဆောင်ရွက်ခဲ့သည့် ပရဟိတ အတိုင်းအတာပမာဏကိုကြည့်ပြီး ကြီးရင်ကြီးသလောက်၊ များရင်များသလောက် အထင်ကြီးလေးစားထိုက်သူဖြစ်မည်အမှန်ပါ။

မိမိ၏ပြုမူဆောင်ရွက်မှုမှန်သမျှ ကောင်းကျိုးဆိုးပြစ်များကိုပြန်လည်ဝေဖန်ဆန်းစစ်သည့် အလေ့အကျင့်ကို ပြုလုပ်ကြရမည်။ ဘာမှဝေဖန်ဆန်းစစ်မှု မရှိဘူးဆိုရင် အကျိုးမဲ့ကိုသာဖြစ်စေမှာပါ။

လောကကို အကျိုးပြုသည်ဆိုရာမှာ စီးပွားရေး၊ နိုင်ငံရေးများကိုသာ ဆိုလိုခြင်းမဟုတ်ဘဲ လောကအကျိုးပြုမှု "စံပေတံ"နဲ့ ကိုက်၊ မကိုက်ကိုသာဝေဖန်ဆန်းစစ်ရမည်ဖြစ်သည်။ သို့မှသာလျှင်အမှားအမှန်ကိုခွဲခြားသိလာမည်ဖြစ်ပြီး လောကကိုဖျက်ဆီးနေသူလား၊ လောကကိုအလှဆင်သူလားဆိုသည်ကို ပိုင်းပိုင်းခြားခြား၊ ကွဲကွဲပြားပြားသိလာမည်ဖြစ်သည်။

စင်ကြယ်မြင့်မြတ်သူဖြစ်ဖို့ အလွန်ခဲယဉ်းပါသည်။ သာမန်သူလိုငါလို စိတ်ဓာတ်မျိုးနှင့် ဖြစ်နိုင်ခြေနည်းပါးမည်ဖြစ်သည်။ ဥစ္စာနေပြည့်ဝရုံနှင့်လည်းမဖြစ်ပါ။ လူသားအချင်းချင်းအပေါ်မှာ ဗြဟ္မစိုရ်တရား အခံရှိထားရုံမျှမက ပစ္စုပ္ပန်အခြေအနေတိုင်းမှာလည်း စီးပွားရေးလုပ်လုပ်၊ နိုင်ငံရေးလုပ်လုပ်၊ လူမှုရေးလုပ်လုပ်၊ ပညာရှာသူပဲ ဖြစ်ဖြစ်၊ စိတ်ရင်းစေတနာမှန်ကန်စွာနဲ့ပြုလုပ်ဆောင်ရွက်နိုင်မှသာ စာနာတတ်သော၊ ကရုဏာထားတတ်သော၊ မေတ္တာထားတတ်သော၊ ကိုယ့်ထက်သာသူအပေါ် မုဒိတာပွားတတ်သူများ ဖြစ်လာမှသာ အများပေါ်ကိုယ်ချင်းစာတရားများ ပြည့်ဝလာသူဖြစ်လာပြီး စင်ကြယ်မြင့်မြတ်သူအဆင့်သို့ရောက်ရှိမည်ဖြစ်သည်။

လူမှုဆက်ဆံရေးနယ်ပယ်တွင် ပေါင်းသင်းဆက်ဆံမှုပြုကြသည့်အခါ စေတနာမှန်ဖြင့် လက်လွတ်စွန့်လွှတ်ပေးကမ်းခြင်းသာ မြင့်မြတ်သည့်စိတ်ဓာတ်ဖြစ်သည်။ မျှော်လင့်ချက်ဖြင့် ပေးခြင်းသည် "အယူ"ကိုမျှော်၍ပေးခြင်းဖြစ်၍ သူတော်ကောင်းတို့၏ အလေ့အထမဟုတ်။ အမှန်တကယ် စင်ကြယ်မြင့်မြတ်သူများ၏ အတွင်းစိတ်သန္တာန် ရိုးသားသန့်စင်သူများသည် မျှော်လင့်ချက်မထားဘဲ လက်လွတ်စွန့်လျှုပေးကမ်းခြင်းကိုသာ တန်ဖိုးထားကျင့်သုံးလေ့ရှိကြပါသည်။

အဘိဓဇမဟာရဋ္ဌဂုရု စတုတ္ထစံကျောင်းဆရာတော်ဘုရားကြီးက "မိမိကိုယ်ရေးကိုယ်တာ အခွင့်အရေးတစ်စုံတစ်ရာအတွက် မျှော်လင့်ချက်မထား၊ ရိုးသားစင်ကြယ်သောစိတ်သက်သက်ဖြင့် ဆက်ဆံပေါင်းသင်းပေးကမ်းခြင်းပြုသူဖြစ်ပါစေ"ဟု မိန့်မှာခဲ့သည်ကို အထူးမှတ်သား လိုက်နာကျင့်သုံးသင့်ပါကြောင်း သတိပြုဆင်ခြင်ဉာဏ်ရှိသူများဖြစ်လာကြစေရန် ရည်သန်၍ အကြံပြုရေးသားလိုက်ရပါသည်။

ဤမြန်မာ့မြေဝယ် စင်ကြယ်မြင့်မြတ်သူများ၊ အများအကျိုး၊ လောကအကျိုးပြုသူများ တိုးတက်ပေါ်ထွန်းလာပါစေသားဟု ဆုတောင်းလိုက်ရပါတော့သည်။ ။

> **မိမိရရှိထားသော စီးပွားဥစ္စာ၊ ရှာဖွေဆည်းပူးထားသောပညာ၊ ရရှိလာသော အာဏာများကို အများအကျိုး၊ ပြည်သူ့အကျိုးရှိစေမည့်ကိစ္စများကိုသာ ကုသိုလ်အဖြစ်ပြောင်းလဲနိုင်ခဲ့ပါမူ၊ ဆင်းရဲတွင်းနက်နေရှာသော၊ ဒုက္ခရောက်နေကြသော စားရမဲ့ သောက်ရမဲ့များ၊ ပညာမသင်နိုင်ရှာသောကလေးများ၊ ဆေးမကုသနိုင်ရှာသော လူမမာများကို ထောက်ပံ့ကူညီဖြည့်စွမ်းပေးနိုင်ခဲ့ပါမူ ဤလောကကြီးတစ်ခုလုံး ဗြဟ္မစိုရ်တရားလွှမ်းမိုးရာ၊ လောကအကျိုးပြုတရား ထွန်းကားရာ တိုင်းနိုင်ငံကြီးအဖြစ်သို့ ရောက်ရှိသွားမည်ဖြစ်....**

## အသည်းစောင့်ရှောက်ရေးအစုအဖွဲ့ ဘီပိုး၊ စီပိုးအခမဲ့စစ်ဆေး

**မန္တလေး ဇန်နဝါရီ ၂၃**

ယကနပါလအသည်းစောင့်ရှောက်ရေးအစုအဖွဲ့မှ (၃၂) ကြိမ်မြောက် ဘီပိုး၊ စီပိုး အခမဲ့စစ်ဆေးခြင်းနှင့် ကျန်းမာရေးပညာပေးဆွေးနွေးခြင်းကို ဇန်နဝါရီ ၂၁ ရက်မှ ၂၄ ရက်အထိ မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် (၈၄) လမ်းနှင့် (၃၁)လမ်းထောင့် ဓမ္မသာလာခန်းမတွင် ပြုလုပ်ခဲ့သည်။

အသည်း အထူးကုဆရာဝန် ဒေါက်တာအောင်မင်းက အသည်းကောင်းပြီး ကျန်းမာပျော်ရွှင်စွာနေထိုင်နိုင်စေရေးအတွက် မိမိကိုယ်တိုင်အသည်းစောင့်ရှောက်ပုံနည်းလမ်းများ၊ ဘီပိုး၊စီပိုးများတစ်ယောက်မှတစ်ယောက်သို့ ကူးစက်ပြန့်ပွားမှုမရှိနိုင်စေရန် နေထိုင်စားသောက်နည်းများနှင့် အသည်းဝေဒနာရှင်တို့အား ပြုစုစောင့်ရှောက်ပုံများကို ကျန်းမာရေးပညာပေးဆွေးနွေးခဲ့သည်။

ရောဂါပိုးတွေ့သူများအား အသည်းအထူးကုဆရာဝန်နှင့် စေတနာဝန်ထမ်း ဆရာဝန်များက စမ်းသပ်စစ်ဆေးပြီး အရှေ့တိုင်းနည်းပညာကုထုံး၊ အနောက်တိုင်း နည်းပညာကုထုံးများဖြင့် ရောဂါအခြေအနေအလိုက် ကုသပေးသည်။

သွေးစစ်ဆေးပြီး ငွေကြေးတတ်နိုင်သူများကို ဘီပိုး၊စီပိုးကာကွယ်ဆေးများအား စရိတ်မျှပေးကျန်းမာရေးစနစ်ဖြင့် သက်သာသောနှုန်းဖြင့်ထိုးပေးပြီး ငွေကြေးမပြည့်စုံသူများအား ယကနပါလအဖွဲ့က လှူဒါန်းထိုးပေးခဲ့ကြောင်း သိရသည်။

ယကနပါလအသည်းစောင့်ရှောက်ရေးအဖွဲ့ကို စေတနာရှင်များဖြင့်ဖွဲ့စည်းထားပြီး စုပေါင်းထည့်ဝင်ငွေများဖြင့် ဆင်းရဲချမ်းသာ လူမျိုးဘာသာမခွဲခြားဘဲ ဘီပိုး၊ စီပိုးရှိ၊မရှိအခမဲ့စစ်ဆေးပေးသည်။

ယကနပါလ အသည်းစောင့်ရှောက်ရေးအဖွဲ့သို့ ငွေနှင့် ဆေးဝါးများလှူဒါန်းလိုပါက ဘဒ္ဒန္တဝါယမမြစိမ်းကျောင်း မိုးကောင်းတိုက် လမ်း ၉၀၊ ၂၇ လမ်းနှင့်၂၈လမ်း ကြား၊ ချမ်းအေးသာစံမြို့နယ်သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။

**သီဟကိုကို(မန္တလေး)**

## ပိုလီယိုကာကွယ်ဆေး တတိယအကြိမ်တိုက်ကျွေး

**ရေကြည် ဇန်နဝါရီ ၂၃**

ပုသိမ်ခရိုင် ရေကြည်မြို့နယ် ငါးသိုင်းချောင်းမြို့ မြို့ပေါ်ရပ်ကွက် ခြောက်ခုတွင် ယနေ့ အိမ်တိုင်ရာရောက်ကောက်သင်းကောက် ပိုလီယိုကာကွယ်ဆေး တတိယအကြိမ် လိုက်လံတိုက်ကျွေးလျက်ရှိကြောင်း သိရသည်။

အဆိုပါ ကာကွယ်ဆေးကို မွေးစမှ အသက်ငါးနှစ်အထိ ကလေးငယ်များအား တိုက်ကျွေးရမည်ဖြစ်ပြီး ဇန်နဝါရီ ၂၅ ရက်အထိ သုံးရက်တိုက်ကျွေးသွားမည်ဖြစ်ကြောင်း၊ ရေကြည်မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနအနေဖြင့် အိမ်တိုင်ရာရောက် ကောက်သင်းကောက်စနစ်ဖြင့် တိုက်ကျွေးရမည်ဖြစ်ပြီး အပိုဆောင်းကာကွယ်ဆေးတိုက်အကြိမ်ရေစုစုပေါင်းလေးကြိမ် ပြည့်မီအောင်တိုက်ကျွေးရမည်ဖြစ်ကြောင်း မြို့မကျန်းမာရေးဆေးပေးခန်းမှ တာဝန်ခံဆရာမတစ်ဦးက ပြောသည်။

**စိုးမင်းဦး(ပြန်/ဆက်)**

## အမြန်လမ်းတစ်လျှောက်မောင်းနှင်သည့်ယာဉ်များ ကျောင်းသား၊ ကျောင်းသူများကိုသတိပြုရန်လို

**ရေတာရှည် ဇန်နဝါရီ ၂၃**

ရန်ကုန်-မန္တလေး အမြန်လမ်းတစ်လျှောက်တွင် စက်ဘီးဖြင့် ကျောင်းတက်ရသော ကျောင်းသား၊ ကျောင်းသူများ သွားလာမှုများရှိနေရာ ယာဉ်မောင်းများအနေဖြင့် သတိပြုရန်လိုအပ်ကြောင်း ဒေသခံများက ပြောသည်။

အုတ်တွင်းမြို့နယ်တွင် ဗောဓိကုန်းကျောင်းသို့လည်းကောင်း၊ ရေတာရှည်မြို့နယ်၌ သိုင်းဝကျောင်းသို့လည်းကောင်း၊ အလယ်တန်းနှင့် အထက်တန်းပညာ သင်ယူလျက်ရှိသည့် ကျောင်းသား၊ကျောင်းသူများအနေဖြင့် ကျောင်းသို့သွားရသည့်အခါ အခြားသောလမ်းများမှ သွားလာ၍မရသည့်အတွက် အမြန်လမ်းပေါ်မှပင် နေ့စဉ်သွားလာကြရကြောင်း မိဘများက ပြောသည်။

"ရွာတွေကလမ်းတော့ အခြားတောလမ်းတွေက သွားလို့လဲမဖြစ်ဘူး။ အမြန်လမ်းကဆိုရင် နီးလဲနီးတယ်။ ကလေးတွေကိုတော့ မှာရတယ်။ လမ်းဘေးကနေသွားဖို့၊ ပညာရေးမို့လို့သာ သွားခိုင်းရတာ၊ မိဘဆိုတော့ ယာဉ်အန္တရာယ်ဖြစ်မှာ နေ့တိုင်းပူပန်နေရတယ်"ဟု သစ်တောကြိုးဝိုင်းဒေသနေသူ ကျောင်းသားမိဘတစ်ဦး ကပြောသည်။

**ကိုလွင်(ဆွာ)**



# မှန်နန်းဘုန်းတော်ကြီးသင်ပညာရေး မူလတန်းလွန်ကျောင်း ပညာရေးစုံညီပွဲတော်နှင့် ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားသို့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် တက်ရောက်



**နေပြည်တော် ဇန်နဝါရီ ၂၃**

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ပျော်ဘွယ်မြို့ မှန်နန်းဘုန်းတော်ကြီးကျောင်းသို့ ရောက်ရှိပြီး ကျောင်းတိုက် ပဓာနနာယက ဆရာတော် ဦးကိတ္တိသာရအား ဖူးမြော်ကြည်ညိုကာ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌသည် အဆိုပါကျောင်းတိုက်၌ ကျင်းပသည့် မှန်နန်းဘုန်းတော်ကြီးသင်ပညာရေး မူလတန်းလွန်ကျောင်း ပညာရေးစုံညီပွဲတော်နှင့် ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားသို့ တက်ရောက် အမှာစကားပြောကြားသည်။

အဆိုပါအခမ်းအနားသို့ မြို့မိမြို့ဖများ၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့နှင့် မိဘဆရာအသင်းမှ တာဝန်ရှိသူများ၊ ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ကျောင်းသူလေးများက "ဗိုလ်ရှုသဘင်" သီချင်းအားသီဆို၍ အခမ်းအနားကို ဖွင့်လှစ်ပေးကြပြီး မှန်နန်းကျောင်းတိုက် ပဓာနနာယက ဆရာတော် ဦးကိတ္တိသာရက ပညာရေးစနစ်ပိုမိုတိုးတက်မြင့်မားရေး ကြိုးပမ်းဆောင်ရွက်ထားမှုအခြေအနေများကို မိန့်ကြားသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်က အမှာစကားပြောကြားရာတွင် ယနေ့နိုင်ငံတော်သည် ဒီမိုကရေစီစနစ်ကိုကျင့်သုံးလျက်ရှိကြောင်း၊ ဒီမိုကရေစီစနစ်သည် ပြည်သူက အဆုံးအဖြတ်ပေးရသည့်စနစ်ဖြစ်၍ ပြည်သူတိုင်း ပညာရည်မြင့်မားရန် အထူးလိုအပ်ကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့်လည်း ပညာရည်မြင့်မားရေးအတွက် ရန်ပုံငွေများကို တစ်နှစ်ထက်တစ်နှစ် တိုးချဲ့သုံးစွဲပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ သို့သော် ပြည်သူများအကြားရှိ အချို့သောကလေးငယ်များသည် အခြေခံပညာရပ်များကိုသာ သင်ယူနိုင်ကြပြီး အဆင့်မြင့်ပညာရပ်များကို ဆက်လက်သင်ယူနိုင်ခြင်းမရှိသည်ကို တွေ့ရကြောင်း။

ထို့ကြောင့် ဘုန်းတော်ကြီးများက ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများ ထူထောင်ပြီး ကူညီဆောင်ရွက်ပေးနေသည်ကိုတွေ့ရကြောင်း၊ ဘုန်းတော်ကြီးသင်ကျောင်းများ၌ ပညာသင်ကြားရခြင်းကို အားငယ်ရန်မလိုကြောင်း၊ ရှေးယခင် ပဒေသရာဇ်ခေတ်ကတည်းက ရှင်ဘုရင်နှင့် မင်းညီမင်းသားများသည် ဘုန်းတော်ကြီးများထံတွင် ပညာသင်ကြားရပါကြောင်း။

လူဖြစ်ပြီး လူဖြစ်မရှုံးရန် အရေးအကြီးဆုံးအချက် နှစ်ချက်ရှိကြောင်း၊ အများကောင်းကျိုးဆောင်ရွက်နိုင်သည့် ခေါင်းဆောင်ဖြစ်အောင် ကြိုးစားကြရန်နှင့် သံသရာမှလွတ်မြောက်သူဖြစ်အောင် ကြိုးစားဆောင်ရွက်ကြရန်တို့ဖြစ်ကြောင်း။

ပညာသင်ကြားရာတွင် ပညာရည်မြင့်မားရန် ရှင်မဟာရဋ္ဌသာရ၏ "သု၊ စိ၊ ပု၊ ဘာ၊ ဝိ၊ လိ၊ သိ၊ ဓာ" ဩဝါဒစကားအတိုင်း ကြားနာ၊ သင်ယူ၊ တွေးတော၊ ကြံစည်၊ မေးမြန်း၊ မှတ်သားကြရန်လိုကြောင်း၊ အချိန်ကိုတန်ဖိုးသိသိဖြင့် စနစ်တကျအကျိုးရှိစွာ အသုံးချသူနှင့် အသုံးမချသူတို့အပေါ် မူတည်၍ ဘဝအခြေအနေကွာခြားသွားသဖြင့် အချိန်ကိုတန်ဖိုးရှိစွာ အသုံးချတတ်ကြရန်လည်း လိုအပ်ကြောင်း။

ယနေ့အခမ်းအနားသို့ တက်ရောက်လာကြသည့် ကျောင်းသားကျောင်းသူများအတွက် "စာဖတ် စာဖတ် နာနာဖတ်" ဆိုသည့် ဆောင်ပုဒ်ကို လက်ဆောင်အဖြစ်ပေးအပ်ရင်း နိဂုံးချုပ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်က မှန်နန်းဘုန်းတော်ကြီးသင်ပညာရေး မူလတန်းလွန်ကျောင်း ဗုဒ္ဓဝင်နှင့် မင်္ဂလာစာမေးပွဲတွင် ယဉ်ကျေးမှုပထမအဆင့်၊ ယဉ်ကျေးမှုဒုတိယအဆင့်၌ ဆုရရှိကြသူများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ တာဝန်ရှိသူများက ယဉ်ကျေးမှုဒုတိယအဆင့်၌ တတိယဆုနှင့် နှစ်သိမ့်ဆုရရှိကြသူများ၊ ဆဋ္ဌမတန်း၊ ပဉ္စမတန်း၊ စတုတ္ထတန်း၊ တတိယတန်း၊ ဒုတိယတန်း၊ ပထမတန်းနှင့် သူငယ်တန်းတို့မှ ဆုရရှိကြသူများအား ဂုဏ်ပြုဆုများ အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

အခမ်းအနားအပြီးတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌသည် အသစ်ဆောက်လုပ်လှူဒါန်းထားသည့် ဝဏ္ဏမာလာကျောင်းဆောင်သစ်နှင့် ကွန်ပျူတာဆောင်တို့အား လှည့်လည်ကြည့်ရှုပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌသည် တာဝန်ရှိသူများနှင့်အတူ ရမည်းသင်းမြို့သို့ရောက်ရှိပြီး ဆုတောင်းပြည့်ရှင်မာလဲဘုရားမွှာရုံ၌ မီးဘေးသင့်ပြည်သူများနှင့်တွေ့ဆုံ၍ အားပေးစကားပြောကြားကာ **(အပေါ်ပုံ)** ထောက်ပံ့ငွေနှင့် သောက်ရေသန့်ဘူးများကို ထောက်ပံ့ပေးအပ်သည်။

ရမည်းသင်းမြို့ မြို့မရပ်ကွက် ရွှေကူရပ်တွင် ဇန်နဝါရီ ၂၀ ရက် ညနေ ၄ နာရီခန့်က မီးလောင်မှုဖြစ်ပွားခဲ့သောကြောင့် မီးဘေးသင့်ပြည်သူများအား အဆိုပါမွှာရုံ၌ ယာယီကယ်ဆယ်ရေးစခန်းဖွင့်လှစ်ကာ နိုင်ငံတော်အစိုးရက စားသောက်နေထိုင်ရေး၊ ကျန်းမာရေးအတွက် ဖြည့်ဆည်းထောက်ပံ့ပေးလျက်ရှိသည်။ မီးလောင်မှုကြောင့် နေအိမ် ၁၁ လုံး ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

❐

# အမြို့မြို့အနယ်နယ်တွင် ပိုလီယိုကာကွယ်ဆေးတိုက်ကျွေး

**နေပြည်တော် ဇန်နဝါရီ ၂၃**

ကလေးငယ်များ မသန်စွမ်းဖြစ်ခြင်းမှ ကာကွယ်နိုင်ရန် မွေးကင်းစမှ အသက် ငါးနှစ်အရွယ် ကလေးငယ်တိုင်းအား ပိုလီယိုကာကွယ်ဆေးအပိုဆောင်း တိုက်ကျွေးခြင်းကို ဒေသအလိုက်ကာကွယ်ဆေးတိုက်နေ့များအဖြစ် ယနေ့တွင် အမြို့မြို့အနယ်နယ်၌ ကျင်းပကြသည်။

## ဖြူးမြို့နယ်

ဖြူးမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနက ဖြူးမြို့နယ်ရှိ ကလေးငယ်များ မသန်စွမ်းဖြစ်ခြင်းမှကာကွယ်နိုင်ရန် မွေးကင်းစမှ အသက်ငါးနှစ်အရွယ် ကလေးငယ်တိုင်းကို ပိုလီယိုကာကွယ်ဆေး အပိုဆောင်းတိုက်ကျွေးခြင်းကို ယနေ့နံနက်ပိုင်းက စတင်တိုက်ကျွေးသည်။

ဖြူးမြို့နယ်၏ ၂၀၁၆ ခုနှစ် ဒေသလိုက် ပထမအကြိမ် ကာကွယ်ဆေးတိုက်ကျွေးခြင်းကို ဇန်နဝါရီ ၂၃ ရက်မှ ၂၅ ရက်အထိလည်းကောင်း၊ ဒုတိယအကြိမ် အမျိုးသားကာကွယ်ဆေးတိုက်နေ့များကို ဖေဖော်ဝါရီ ၂၀ ရက်မှ ၂၂ ရက်ထိလည်းကောင်း ရပ်ကွက်၊ ကျေးရွာများရှိ သတ်မှတ်စုရပ်နေရာတို့တွင် တစ်ပြိုင်တည်း တိုက်ကျွေးသွားမည်ဖြစ်ကြောင်း သိရသည်။

**(ဖြူးမြင့်ဦး)**

## ဒိုက်ဦးမြို့နယ်

ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ်တွင် ဒေသအလိုက် အမျိုးသားကာကွယ်ဆေးတိုက်ကျွေးခြင်းအခမ်းအနားကို ဇန်နဝါရီ ၂၃ ရက်က ကျင်းပခဲ့သည်။ အဆိုပါကာကွယ်ဆေးတိုက်ကျွေးခြင်းကို ဒိုက်ဦးမြို့ပေါ်ရှိ ခုနစ်ရပ်ကွက်နှင့် ကျေးရွာပေါင်း ၁၉၈ ရွာမှ ကလေး ၂၁၅၈၈ ဦးတို့ကို တိုက်ကျွေးမည်ဖြစ်ပြီး ဆေးတိုက်စုရပ် ၂၃၀ ၌ သားဖွားဆရာမများ၊ အခြေခံကျန်းမာရေးဝန်ထမ်းများဖြင့် ဖွဲ့စည်းထားသော ဆေးတိုက်အဖွဲ့ ၅၃ ဖွဲ့က ဇန်နဝါရီ ၂၃ ရက်မှ ၂၅ ရက်အထိ ကာကွယ်ဆေးတိုက်ကျွေးမည်ဖြစ်ကြောင်း သိရသည်။

**ကျော်ကျော်(IPRD)**

## ဝါးခယ်မမြို့နယ်

ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ်တွင် ဒေသအလိုက်ကာကွယ်ဆေးတိုက်နေ့များ (ဇန်နဝါရီ၊ ၂၀၁၆) အစုလိုက်ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးခြင်းကို မြို့နယ်အတွင်း ရပ်ကွက်၊ ကျေးရွာများရှိ စုရပ်များ၌ ယနေ့နံနက်မှစကာ ပြုလုပ်လျက်ရှိသည်။

မွေးကင်းစမှ အသက်ငါးနှစ်အောက် ကလေးများအားလုံးကို သက်ဆိုင်ရာဒေသများမှ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများ ပူးပေါင်းကာ ဇန်နဝါရီ ၂၃ ရက်မှ ၂၅ ရက်ထိ ကလေးစုစုပေါင်း ၂၄၀၀၀ ကျော်အား အစုလိုက်ပိုလီယိုရောဂါကာကွယ်ဆေး တိုက်ကျွေးသွားမည်ဖြစ်ကြောင်း သိရသည်။

**လွှမ်းသီဟ (ဝါးခယ်မ)**

## ဆိပ်ဖြူမြို့နယ်

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ်တွင်မွေးကင်းစမှ ငါးနှစ်ထိ ကလေးငယ်များအား ဒေသအလိုက် ပိုလီယိုရောဂါကာကွယ်ဆေးတိုက်ကျွေးခြင်းကို ယနေ့နံနက်က ပြုလုပ်သည်။

မွေးကင်းစမှ ငါးနှစ်ထိ ကလေးငယ်များအား ဒေသအလိုက် ပိုလီယိုရောဂါကာကွယ်ဆေးတိုက်ကျွေးခြင်းကို ဇန်နဝါရီ ၂၃ ရက်မှ ၂၅ ရက်အထိ ဆိပ်ဖြူမြို့နယ်ရှိ စုရပ်များတွင် ကျင်းပလျက်ရှိပြီး ဆိပ်ဖြူမြို့နယ်တွင် ကာကွယ်ဆေးတိုက်ကျွေးမည့် ကလေးငယ် ၉၆၅၂ ဦးရှိကြောင်း သိရသည်။

**စိုးလင်းနိုင်(IPRD)**

## ငရုတ်ကောင်းမြို့

ကလေးငယ်များ မသန်စွမ်းဖြစ်ခြင်းမှကာကွယ်နိုင်ရန် မွေးကင်းစမှ အသက်ငါးနှစ်အရွယ် ကလေးငယ်တိုင်းအား ပိုလီယိုကာကွယ်ဆေးအပိုဆောင်း တိုက်ကျွေးခြင်းကို ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ငရုတ်ကောင်းမြို့ ပြည်သူ့ဆေးရုံဝင်းရှိ ဆေးပေးခန်း၌ ယနေ့နံနက်က ကျင်းပရာ ကျန်းမာရေးဝန်ထမ်းများက တိုက်ကျွေးသည်။

ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးခြင်းကို ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျန်းမာရေးကော်မတီဝင်များနှင့် NGO အဖွဲ့အစည်းများမှ ဝိုင်းဝန်းကူညီဆောင်ရွက်ခဲ့သည်။

**ပြုံးမောင်မောင်(IPRD)**

# ဖလမ်း၌ ပိုလီယိုကာကွယ်ဆေးတိုက်ကျွေး

**ဖလမ်း ဇန်နဝါရီ ၂၃**

ချင်းပြည်နယ် ဖလမ်းမြို့တွင် ယနေ့နံနက် ၁၀ နာရီမှ စတင်ကာ ဖလမ်းမြို့ ကျန်းမာရေးဌာနမှ တာဝန်ရှိသူများက မွေးကင်းစမှ အသက်ငါးနှစ်အောက် ကလေးငယ်များကို ပိုလီယိုကာကွယ်ဆေး အပိုဆောင်းတိုက်ကျွေးလျက်ရှိသည်။

ဖလမ်းမြို့တွင် ဆေးတိုက်စုရပ် ငါးရပ်ဖြစ်သည့် မိခင်နှင့် ကလေးကျန်းမာရေးဌာန၊ မြို့နယ်ခန်းမ၊ တလန်လိုရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၊ ချင်းလူမှုရေးသိပ္ပံကျောင်းနှင့် အမှတ် (၂၆၈) ခြေလျင်တပ်ရင်းဌာနတို့၌ ဆေးတိုက်အဖွဲ့ လေးဖွဲ့တို့က ဇန်နဝါရီ ၂၃ ရက် မှ ၂၅ ရက်ထိ ပိုလီယိုကာကွယ်ဆေး အပိုဆောင်းတိုက်ကျွေးမည်ဖြစ်ကြောင်း သိရသည်။

**(ခရိုင်ပြန်/ဆက်)**

# မအူပင်၌ ပိုလီယိုကာကွယ်ဆေးတိုက်ကျွေး

**မအူပင် ဇန်နဝါရီ ၂၃**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် မအူပင်မြို့တွင် ဒေသအလိုက် ကာကွယ်ဆေး တိုက်ကျွေးခြင်းလုပ်ငန်းစီမံချက်ဖြစ်သည့် မွေးကင်းစမှ အသက်ငါးနှစ်အရွယ်ကလေးတိုင်း မသန်စွမ်းဖြစ်ခြင်းမှ ကာကွယ်နိုင်ရန် ပိုလီယိုကာကွယ်ဆေး အပိုဆောင်းတိုက်ကျွေးခြင်းကို ယနေ့နံနက်ပိုင်းမှ စတင်ပြုလုပ်လျက်ရှိသည်။ ယင်းသို့တိုက်ကျွေးရာတွင် ခရိုင်ကျန်းမာရေးဦးစီးဌာန ခရိုင်ဆေးရုံအုပ်ကြီး ဒေါက်တာ ဒေါ်ခင်မေသွင်၏ ဦးဆောင်မှုဖြင့် ကျန်းမာရေးဝန်ထမ်းများ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် အမျိုးသမီးရေးရာအဖွဲ့တို့က ရပ်ကွက်နှင့် ကျေးရွာများအလိုက် စတင်တိုက်ကျွေးလျက်ရှိကြောင်း သိရသည်။

**(ခရိုင်ပြန်/ဆက်)**

# ကျောက်တံခါးမြို့၌ ပိုလီယိုကာကွယ်ဆေးတိုက်ကျွေး

**ကျောက်တံခါး ဇန်နဝါရီ ၂၃**

ဒေသအလိုက် ကာကွယ်ဆေးတိုက်နေ့များကို ဇန်နဝါရီ ၂၃ ရက်မှ ၂၅ ရက်အထိနှင့် အမျိုးသားကာကွယ်ဆေးတိုက်နေ့များကို ဖေဖော်ဝါရီ ၂၀ ရက်မှ ၂၂ ရက်အထိ ကျန်းမာရေးဝန်ကြီးဌာနက သတ်မှတ်ထားရာ ကျောက်တံခါးမြို့ စာတိုက်ရပ်ကွက် မိခင်နှင့်ကလေးကျန်းမာရေးဌာနတွင် ရပ်ကွက်အတွင်းရှိ ကလေးငယ်များ မသန်စွမ်းဖြစ်ခြင်းမှ ကာကွယ်ရန်နှင့် မွေးကင်းစမှ အသက်ငါးနှစ်အရွယ်ကလေးငယ်တိုင်း ပိုလီယိုကာကွယ်ဆေးအပိုဆောင်းတိုက်ကျွေးခြင်းအား ဇန်နဝါရီ ၂၃ ရက်က တိုက်ကျွေးနေကြောင်း သိရသည်။

**မျိုးဦး(ကျောက်တံခါး)**

# နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများစွာ ပါဝင်သည့် မြန်မာ့အားကစားလက်ရွေးစင်ဟောင်းများအသင်း စတင်ဖွဲ့စည်း

**ရန်ကုန် ဇန်နဝါရီ ၂၃**

နိုင်ငံတကာတွင် မြန်မာကို သိစေခဲ့သူ နိုင်ငံ့ဂုဏ်ဆောင် လက်ရွေးစင် အားကစားသမားများစွာ ပါဝင်သည့် မြန်မာ့အားကစား လက်ရွေးစင် ဟောင်းများအသင်းကို စတင်ဖွဲ့စည်း လိုက်ကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် ၂၀၁၃ ခုနှစ်က အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သည့် (၂၇)ကြိမ်မြောက် အရှေ့တောင် အာရှ အားကစားပြိုင်ပွဲတွင် လက်ရွေးစင် ကစားသမားဟောင်း ကြီးများ၏ အခန်းကဏ္ဍကို ပြန်လည် ဖော်ထုတ်ခဲ့ရာမှ အဆိုပါအသင်း စတင်ဖွဲ့စည်းရန် စီစဉ်ဆောင်ရွက် ခဲ့ကြခြင်းဖြစ်ပြီး ယခုစတင်ဖွဲ့စည်း နိုင်ခဲ့ပြီဖြစ်ကြောင်း သိရသည်။

"အဓိကကတော့ လက်ရွေးစင် ကစားသမားကြီးတွေ အချင်းချင်း ရိုင်းပင်းကူညီနိုင်အောင်၊ သာရေး နာရေးတွေ ကူညီဆောင်ရွက်နိုင် အောင်၊ လက်ရွေးစင်ဟောင်းကြီး တွေရဲ့ အတွေ့အကြုံ၊ နည်းပညာ၊ နည်းစနစ်တွေကို မျိုးဆက်သစ် လူငယ်တွေကို လက်တွဲခေါ်နိုင် အောင်၊ မြန်မာ့အားကစားလောက တိုးတက်မြင့်မားဖို့မှာ တတ်နိုင်တဲ့ အခန်းကဏ္ဍကနေ ပါဝင်နိုင်အောင် ရည်ရွယ်ခဲ့ပါတယ်။ ဒီအသင်းမှာ လွတ်လပ်ရေးရတဲ့ ကာလတွေကနေ ခေတ်အဆက်ဆက် ကစားသမား ဟောင်းကြီးတွေ ပါဝင်တယ်။ ခေတ်အဆက်ဆက် လက်ဆင့်ကမ်း သယ်ဆောင်သွားရမှာ ဖြစ်ပါတယ်။ တကယ်တော့ လက်ရွေးစင် အားကစားသမားကြီးတွေဟာ နိုင်ငံ့ ဂုဏ်ကို ထမ်းခဲ့တယ်။ တာဝန်တွေကို ထမ်းဆောင်ခဲ့တာ ဖြစ်တဲ့အတွက် ပစ်ပယ်မထားသင့်ပါဘူး။ လက်ရွေးစင် ဟောင်းတွေအနေနဲ့ ဖိတ်ခေါ်ခဲ့ရင် တတ်နိုင်တဲ့ဘက်က ပါဝင်ပေးသွားပါ့ မယ်"ဟု မြန်မာ့အားကစား လက်ရွေးစင်ဟောင်းများအသင်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

မြန်မာ့အားကစား လက်ရွေးစင် ဟောင်းများအသင်းတွင် နာယက ဦးသက်ဝင်း(ရေကူး)၊ ဥက္ကဋ္ဌအဖြစ် ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ(ရေကူး)က ဆောင်ရွက် မည်ဖြစ်ပြီး ဒုတိယဥက္ကဋ္ဌ ဦးကျော်ခင် (ပြေးခုန်ပစ်)၊ ဒုတိယဥက္ကဋ္ဌ ဦးတင်အောင်(ဂို၊ ဘောလုံး)၊ အတွင်း ရေးမှူး ဦးစိုးသိန်း(ဘော်လီဘော)၊ တွဲဖက်အတွင်းရေးမှူး ဦးသန့်ဇင် (ပြေးခုန်ပစ်)၊ တွဲဖက်အတွင်းရေးမှူး ဒေါ်ကြည်ကြည်ဝေ(ဂျူဒို)၊ ဘဏ္ဍာ ရေးမှူး ဒေါ်သူဇာတင် (ဘော်လီ ဘော)၊ တွဲဖက်ဘဏ္ဍာရေးမှူး ဦးမြင့်နိုင်(ဘော်လီဘော)၊ စာရင်းစစ် ဒေါ်ဝင်းချိုစန်း (သေနတ်ပစ်)၊ တွဲဖက်စာရင်းစစ် ဒေါ်အေးမွန်ခင် (အလေးမ)၊ အဖွဲ့ဝင်များအဖြစ် ဒေါ်ဂျနီဖာတင်လေး (ပြေးခုန်ပစ်)၊ ဒေါ်ကျင်ဝေ(ဘော်လီဘော)၊ ဦးအေး မောင်ကြီး(ဘောလုံး)၊ ဦးမောင်မောင် လေး(တင်းနစ်)၊ဒေါ်ဘေဘီ (ဘော်လီ ဘော)၊ ဦးစန်းမြင့် (လက်ဝှေ့)၊ ဒေါ်ဥမ္မာအောင်(ဘတ်စကက်ဘော)၊ ဒေါ်ကေ့ဂျာ (ပြေးခုန်ပစ်)၊ ဒေါ်စန်းစန်းငွေ (ပိုက်ကျော်ခြင်း) တို့က ပါဝင်ဆောင်ရွက်သွားမည် ဖြစ်ပြီး လာမည့်တွေ့ဆုံပွဲများတွင် အသင်းအလုပ်အမှုဆောင် ကော်မတီ ဝင်များကို ဆက်လက်ဖွဲ့စည်း ဆောင်ရွက်သွားမည်ဟု သိရ သည်။




**သတင်း-ဆုနှင်းလှဲ**
**ဓာတ်ပုံ- ခင်မောင်ဝင်း(ကြေးမုံ)**

# ဗန်းမောက်မြို့နယ်မှ ရွှေလုပ်ကွက်များကြောင့် သဘာဝပတ်ဝန်းကျင် မပျက်စီးစေချင်

**နဘား ဇန်နဝါရီ ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး ဗန်းမောက်မြို့နယ်၌ တရားဝင်နှင့် တရားမဝင်ရွှေလုပ်ကွက်များ အလွန်များပြား လာလျက်ရှိနေပြီး အမည်ခံကုမ္ပဏီအချို့ကလည်း နားလည်မှုယူ၍ လုပ်ကိုင်ဆောင်ရွက်လျက်ရှိနေခဲ့သည့် အပြင် လယ်မြေများစွာကို ဈေးကြီးပေး၍ ရွှေလုပ်ကွက်များ အဖြစ် ပြောင်းလဲဆောင်ရွက်နေသည်ဟု ဗန်းမောက်မြို့ခံ ဦးသန်းထွန်းက ပြောသည်။

ဗန်းမောက်ဒေသနှင့် နယ်မြေချင်းဆက်စပ်တည်ရှိ သော နမ်းခမ်း၊ ဝန်းသို ခရိုင်ချင်းဆက်ကျေးရွာများ၏ အနီး၌ ရွှေတူးဖော်ခွင့်စာချုပ်၍ လုပ်ကွက်(အသေးစား) များရှိရာ ကုမ္ပဏီလုပ်ကွက် ဧက ၂၀ စီရယူလုပ်ကိုင်နေကြ သော ရွှေလင်းအောင်ကုမ္ပဏီ တစ်နေရာ၊ အောင်ဆုမြတ် ကုမ္ပဏီတစ်နေရာ၊ ဦးတင်ရွှေကုမ္ပဏီ နှစ်နေရာ၊ ပြည်ကောင်းကျော်ကုမ္ပဏီ တစ်နေရာ၊ ကောင်းမွန် ရတနာကုမ္ပဏီ တစ်နေရာ၊ ဆုထူးပန်ကုမ္ပဏီ တစ်နေရာ၊ ငွေရောင်လင်းကုမ္ပဏီ တစ်နေရာ၊ ရွှေတုံတုံကုမ္ပဏီ တစ်နေရာ၊ ရွှေနီလှကုမ္ပဏီ တစ်နေရာ၊ ရွှေမိုးရွှေလျှံကုမ္ပဏီ တစ်နေရာ၊ ကိုမိုးဦးကုမ္ပဏီ တစ်နေရာ၊ ရွှေဝင်းအောင် အောင်ကုမ္ပဏီ တစ်နေရာ၊ ဟိန်းဟိန်းသန်းကုမ္ပဏီ တစ်နေရာ၊ အောင်ပြည့်သာကုမ္ပဏီ တစ်နေရာ၊ အေးငြိမ်းခ ကုမ္ပဏီ တစ်နေရာ၊ အေးအေးခိုင်ကုမ္ပဏီ နှစ်နေရာ၊ ရွှေအိုးစည်ကုမ္ပဏီ တစ်နေရာ၊ အဂ္ဂရတနာကုမ္ပဏီ သုံးနေရာ၊ ရွှေလက်ဝဲသုန္ဒရကုမ္ပဏီ နှစ်နေရာ၊ ရွှေစည်တိုး ကုမ္ပဏီ တစ်နေရာ၊ တံချူရှင်ကုမ္ပဏီ တစ်နေရာ၊ ရွှေငွေ ဗမာကုမ္ပဏီ တစ်နေရာ၊ တက်လူကုမ္ပဏီ နှစ်နေရာ၊ SKY Work ကုမ္ပဏီ တစ်နေရာ၊ စွမ်းမင်းထက်ကုမ္ပဏီ တစ်နေရာ၊ ကိုလေးနောင်ကုမ္ပဏီတစ်နေရာ၊ စွမ်းရတနာ ငွေးကုမ္ပဏီ နှစ်နေရာ၊ သန်းထိုက်ရွှေစင်ကုမ္ပဏီတစ်နေရာ၊ ရွှေတွင်းကြီးကုမ္ပဏီ တစ်နေရာ၊ မင်းဝင်းစိုးကုမ္ပဏီ တစ်နေရာ၊ ရွှေဟိန်းစံကုမ္ပဏီ တစ်နေရာ၊ ဇလပ်ပွင့်ဖူး ကုမ္ပဏီ တစ်နေရာ၊ တင်မြင့်အောင်ကုမ္ပဏီ တစ်နေရာ၊ သက်ခိုင်ဦးကုမ္ပဏီ နှစ်နေရာ၊ ဂိုးလ်ဒင်းဇော်ကုမ္ပဏီ တစ်နေရာ၊ ၇၂၇ ကုမ္ပဏီ နှစ်နေရာ စသည်ဖြင့် အသေးစား ကုမ္ပဏီဦးရေ ၃၅ ခုရှိပြီး ကုမ္ပဏီအရေအတွက်မှာ ၄၆ ခုရှိနေသည်။



ဗန်းမောက်မြို့နယ်အတွင်းမှ ရွှေလုပ်ကွက်တစ်ခုကို တွေ့ရစဉ်။

ရွှေထွက်ရှိရာဗန်းမောက်မြို့နယ်အတွင်း လျှောက်ထား ဆဲ လုပ်ကွက်များစာရင်းအကြီးစားများ၌ ထာဝရကုမ္ပဏီ လေးနေရာ၊ Ppndo ကုမ္ပဏီသုံးနေရာ၊ ဆုထူးပန်ကုမ္ပဏီ တစ်နေရာ၊ ရွှေနံ့သာနဂါးကုမ္ပဏီ တစ်နေရာ၊ ရွှေလက်ဝဲ သုန္ဒရကုမ္ပဏီ တစ်နေရာ၊ ရွှေဇေယျာအများပိုင် သုံးနေရာ၊ စွမ်းမင်းတော်ကုမ္ပဏီ တစ်နေရာတို့ဖြစ်သည်။ ဗန်းမောက် မြို့နယ်အတွင်း စာချုပ်ပြီးသော လုပ်ကွက်များစာရင်း (အသေးစား) ၇၂၇ ကုမ္ပဏီမှာ တစ်နေရာ ဧက ၂၀ ရှိသည်။ အကြီးစား စာချုပ်ပြီးသောလုပ်ကွက်များ၏ စာရင်းအရ ထာဝရကုမ္ပဏီ(A)လုပ်ကွက်သုံးနေရာနှင့် NOBELGOLD ကုမ္ပဏီတို့ကို ချပေးခဲ့ကြောင်း လေ့လာ သိရသည်။

သက်ဆိုင်ရာနှင့်လုပ်ကိုင်ခွင့်ရယူပြီး ရွှေလုပ်ငန်းများ (ရွှေမျောစက်တွင်း) ကျယ်ပြန့်စွာ လုပ်ကိုင်လျက်ရှိနေချိန် ဝယ် ကျောက်ရွှေဟုခေါ်သည့်ကျောက်ခဲများကို ကြိတ်ခွဲပြီး မှ ရွှေရှာဖွေသောလုပ်ငန်းများလည်းရှိနေရာ ဆိုင်ယာနိုက် အသုံးပြုပြီး လူနှင့်သက်ရှိတိရစ္ဆာန်များအတွက် အန္တရာယ် ဖြစ်စေနိုင်သော ဓာတုဆေးဝါးတို့၏ အန္တရာယ်များက လည်း စိုးရိမ်စရာအခြေအနေတွင် ရှိနေသည်ဟု ဦးတင်မောင်က ပြောပြသည်။

ချောင်း၊ မြောင်းများအတွင်းသို့ စီးဝင်မျောပါလာသော ဆိုင်ယာနိုက်၏ ဘေးထွက်ဆိုးကျိုးကြောင့် ချောင်းရေ၊ မြောင်းရေကို သောက်သုံးမိသောလူနှင့် ကျွဲ၊ နွားသက်ရှိတို့ အန္တရာယ်မဖြစ်စေရန်အတွက် ကသာခရိုင်နှင့် ဗန်းမောက် မြို့နယ်အဆင့်တာဝန်ရှိသူများ၊ စီမံခန့်ခွဲရေးကော်မတီ များက အလျင်အမြန်တားဆီးပေးနိုင်ရန် လိုအပ်လျက်ရှိ နေသည်ဟု ဒေသခံတို့က ပြောဆိုလျက်ရှိသည်။

အရှေ့ကုန်းရွာတွင် လယ်မြေများ ရွှေလုပ်ကွက်များ အဖြစ်သို့ ရောက်ရှိသွားခဲ့ကြရသော သာဓကများကိုလည်း ဆင်ခြင်ကြည့်ကြရမည်ဟုမြနန္ဒာရပ်ကွက်နေ ဦးစိုးအောင် က ပြောဆိုသည်။ "လယ်ကို လယ်ဈေးပဲပေးရင်မရောင်း ချင်ကြဘူး။ ရွှေတူးမယ့်ကုမ္ပဏီဘက်က လယ်ဈေးထက် အဆ ၂၀လောက်ပေးဝယ်ပြီး ရွှေတွင်းတွေလုပ်ကိုင်ခဲ့ကြ တဲ့အခါ ရွာတွေနဲ့အနီးဆုံးမှာ ရွှေလုပ်ကွက်တွေက ဝါးမြို ခဲ့ကြပြီဗျာ။ သစ်ပင်၊ သစ်တော၊ ချောင်းတွေ၊ ရေကောင်း တွေပါ ရစရာမရှိအောင်ကို ပျက်စီးသွားခဲ့ရပါပြီ"ဟု ရွှေတူးဖော်မှု၏ဆိုးကျိုးများကို ဆက်လက်သုံးသပ်ပြောဆို ခဲ့သည်။

**ယဉ်ယဉ်သိန်း(နဘား)**



# ကရာတေးဒို ပြိုင်ပွဲဖွင့်

**ရန်ကုန် ဇန်နဝါရီ ၂၃**

၂၀၁၇ ခုနှစ် (၂၉)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ တွင် ပါဝင်ယှဉ်ပြိုင်ရန် ထူးချွန်သော အားကစားသမားများ ပေါ်ထွက် လာ၍ မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ကရာတေးဒိုကလပ်များ ကရာတေး အား ကစားသမားများအတွက် ခေတ်မီနည်းစနစ်များ ရရှိရေး၊ နောက်ဆုံး ပြောင်းလဲလာသည့် ကရာတေးဒိုပြိုင်ပွဲစည်းမျဉ်းဥပဒေများ သိရှိနိုင်စေရန် ရည်ရွယ်လျက် 1ST TAKUYA TAYAMA KARATEDO CHAMPION-SHIPS, 2016 ပြိုင်ပွဲဖွင့်ပွဲကို ယနေ့ နံနက် ၉ နာရီက အောင်ဆန်း အားကစားပြိုင်ဝင်း မိုးလုံလေလုံ အားကစားခန်းမ၌ ကျင်းပသည်။

၁၉၉၅ ခုနှစ်မှစ၍ ယနေ့တိုင် ခေတ်နှင့်အညီ ပြောင်းလဲနေသော နည်းစနစ်များ၊ ပြိုင်ပွဲစည်းမျဉ်း စည်းကမ်းများ သင်ကြားပို့ချလေ့ကျင့် ပေးခဲ့သော ဂျပန်ကရာတေးဒို နည်းပြ ဆရာ Mr.TAKUYA TANIYAMA ကို ဂုဏ်ပြုကျင်းပသော အဆိုပါပြိုင်ပွဲ ဖွင့်ပွဲသို့ အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇော်ဝင်းတက်ရောက် အဖွင့်အမှာစကား ပြောကြားကာ ဖွင့်လှစ်ပေးခဲ့ပြီး ပြိုင်ပွဲဝင်ကလပ် အသင်းများမှ အားကစားသမားများက သရုပ်ပြကရာတေးဒို ကိုယ်ခံပညာ ကစားကွက်များ တင်ဆက်သည်။ ယင်းနောက် ပထမနေ့ပြိုင်ပွဲများ ဆက်လက်ကျင်းပသည်။

မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ် အနေဖြင့် ၁၉၈၉ ခုနှစ် အဖွဲ့ချုပ် စတင်ဖွဲ့စည်းချိန်မှ ယနေ့ထိ အရှေ့ တောင်အာရှအားကစားပြိုင်ပွဲအပါ အဝင် နိုင်ငံတကာကရာတေးဒိုပြိုင်ပွဲ များမှ ရွှေတံဆိပ် ၁၆ ခု၊ ငွေတံဆိပ် ၃၂ ခုနှင့် ကြေးတံဆိပ် ၇၀ ကို ရယူ ပေးခဲ့ကြောင်း သိရသည်။ **(နေသန်)**

## ပြည်တွင်းရေးရာ


# နွားနို့တိုက်ပါ




ကိုယ်ခန္ဓာ ဖွံ့ဖြိုးစေဖို့

ကျန်းမာသန်စွမ်းစေဖို့

ဉာဏ်ရည်ဉာဏ်သွေး ကောင်းစေဖို့

အသားအရေ လုပစေဖို့

ကျောင်းနေအရွယ် သင့်ကလေးကို

နွားနို့တိုက်ပါစို့


❁ **ကျောဖုံးမှ**

**ဦးသိန်းထွန်း**
**(နာယက၊ ထွန်းဖောင်ဒေးရှင်း စာပေကော်မတီ)**

မြန်မာစာပေလောက ဖွံ့ဖြိုးတိုးတက်ရေး၊ စာကောင်းပေမွန်တွေ ထွက်ပေါ်ရေးနဲ့ အများပြည်သူတို့ စာကောင်းပေမွန်တွေကို ဖတ်ရှုသူ၊ ရေးဖွဲ့သူ၊ သုတေသနပြုသူတွေကို တိုးပွားလာစေဖို့အတွက် စာပေဆုတွေကို နှစ်စဉ်ရွေးချယ်ချီးမြှင့်ခဲ့တာ ၁၀ နှစ်ရှိပါပြီ။ ဆုချီးမြှင့်ရွေးချယ်ဖို့အတွက်လည်း ဘာသာရပ်အလိုက် ကျွမ်းကျင်ကော်မတီတွေဖွဲ့ပြီး ရွေးချယ်ခဲ့ပါတယ်။ ထွန်းဖောင်ဒေးရှင်း တစ်သက်တာ စာပေဆုကို ၂၀၁၀ ပြည့်နှစ်က စတင်ချီးမြှင့်ခဲ့ပါတယ်။ မြန်မာစာပေလောက ဖွံ့ဖြိုးရေးကို တစိုက်မတ်မတ်ဆောင်ရွက်ကြပြီး သတ်မှတ်ထားတဲ့ တစ်သက်တာ စာပေဆု စည်းကမ်းချက်တွေနဲ့ ကိုက်ညီတဲ့ စာရေးဆရာကြီးတစ်ဦးကို နှစ်စဉ် ရွေးချယ်ချီးမြှင့်ခဲ့ရာမှ ၂၀၁၅ ခုနှစ်မှ တစ်သက်တာစာပေဆုကို သုံးဆုအထိ တိုးမြှင့်ချီးမြှင့်ခဲ့ပါတယ်။

ထွန်းဖောင်ဒေးရှင်း စာပေဆုတွင် ၂၀၁၄ ခုနှစ်က ဘာသာရပ်ပေါင်း ၁၀ မျိုးအတွက် စုစုပေါင်း ၁၆ ဆု ချီးမြှင့်ခဲ့ပြီး ယခု ၂၀၁၅ ခုနှစ် စာပေဆုအတွက် ဘာသာရပ် ၁၂ မျိုးနှင့် စာမူဆုအတွက် ဘာသာရပ်ခုနစ်မျိုး ဆုချီးမြှင့်ခဲ့ပါတယ်။ ဒီလိုရွေးချယ်ခဲ့တဲ့ စာပေတွေကို သမိုင်း၊ ယဉ်ကျေးမှု၊ လူမှုရေး၊ ခရီးသွား၊ အတ္ထုပ္ပတ္တိ၊ ပတ်ဝန်းကျင်၊ စိုက်ပျိုးရေး၊ နိုင်ငံရေး၊ စီးပွားရေး၊ ကလေးနဲ့လူငယ်စာပေ ကဏ္ဍမျိုးစုံတို့ ပါဝင်ပါတယ်။

ယနေ့ပြည်သူတွေဟာ စာဖတ်အားနည်းလာတယ်။ စာဖတ်အားတိုးလာအောင် လုပ်ရမယ်။ အတော်များများဟာ Facebook ပေါ်မှာ အချိန်ကုန်နေတယ်လို့ ထင်ပါတယ်။ ဒါကြောင့် စာများများဖတ်လာအောင် တစ်ဖက်တစ်လမ်းက လုပ်ဆောင်သွားပါမယ်။

**ဦးတင်ခ(တက္ကသိုလ်တင်ခ)**
**ထွန်းဖောင်ဒေးရှင်း**
**တစ်သက်တာစာပေဆု**

၁၉၅၇ ခုနှစ် ဧပြီလသင်္ကြန် အထူးထုတ် မြန်မာ့အလင်းသတင်းစာမှာ "ပွဲသဘင်မန္တလေးချင် ဘဝနွမ်းတာပ" လေးချိုးကဗျာကို ပထမဆုံးပုံနှိပ်ဖော်ပြခံရပါတယ်။ ၁၉၅၉ ခုနှစ်က သက်လျှာ မဂ္ဂဇင်းကဗျာပြိုင်ပွဲမှာ "ပညာ"လေးလုံးစပ်လင်္ကာကို ဒုတိယဆုရရှိပြီး ပုံနှိပ်ဖော်ပြခံရပါတယ်။ အဲဒီနောက် ရှုမဝ၊ မြဝတီ၊ ငွေတာရီ၊ စန္ဒာ၊ သောင်းပြောင်းထွေလာနဲ့ နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်းတွေ၊ ဟံသာဝတီ၊ လုပ်သားပြည်သူနေ့စဉ်၊ မြန်မာ့အလင်း၊ ကြေးမုံသတင်းစာနဲ့ နိုင်ငံတကာသတင်းဂျာနယ်တွေမှာ ကဗျာ၊ စာပေဆောင်းပါးများစွာ ရေးသားခဲ့ပါတယ်။ ၁၉၈၃-၉၄ ခုနှစ်အတွင်း လုပ်သားပြည်သူ နေ့စဉ်သတင်းစာရဲ့ စာပေအနုပညာကဏ္ဍမှာ စာပေ ယဉ်ကျေးမှုအနုပညာ၊ သုတရေးရာတွေကို စဉ်ဆက်မပြတ်ရေးသားခဲ့ပါတယ်။ ၁၉၉၃ ခုနှစ်မှာ ဆောင်းပါး ၃၄ပုဒ် ရွေးထုတ်ကာ ဆောင်းပါးပေါင်းချုပ်စာအုပ်ကို "မြန်မာ့ဇာတိမာန် အဘိဓာန်"အမည်ဖြင့် ပုံနှိပ်ထုတ်ဝေခဲ့ရာ အမျိုးသားစာပေဆု (သုတပဒေသာ-ဝိဇ္ဇာ)ချီးမြှင့်ခံရပါတယ်။ အခုချိန်ထိ စာအုပ်ပေါင်း ၁၂ အုပ် ရေးသားခဲ့ပါတယ်။

**မြင့်မိုရ်ဆွေ**
**(သုတပဒေသာ ဘာသာရပ်စာပေဆု)**

ကျွန်တော်ကတော့"ကောင်းကင်ဘုံကိုမျှော်၍ ငရဲသို့ရောက်ရှိခြင်း"စာအုပ်နဲ့ စာပေဆုချီးမြှင့်ခံရတာပါ။ ဒီစာအုပ်မှာ မြန်မာနိုင်ငံရဲ့ အရေးကြီးဆုံးကဏ္ဍတစ်ခုဖြစ်တဲ့ အိမ်ရာဖွံ့ဖြိုးရေးလုပ်ငန်းဆိုင်ရာအကြောင်းရပ်တွေကို ကျွန်တော့်အတွေ့အကြုံကို အခြေခံရေးသားထားပြီး ဆောင်းပါး ၂၉ ပုဒ် စုစည်းထားတဲ့စာအုပ်ဖြစ်ပါတယ်။ နိုင်ငံဖွံ့ဖြိုးရေးအတွက် အိမ်ရာကဏ္ဍကို လူမှုရေးကဏ္ဍအဖြစ် နွမ်းပါးမှု လျှော့ချရေးအတွက် သက်ဆိုင်ရာဌာနတွေက ထိရောက်တဲ့ အိမ်ရာမူဝါဒ ဦးစားပေးသတ်မှတ်ဆောင်ရွက်သင့်ပါတယ်။ ငွေကိုရင်းတဲ့ စီမံကိန်း၊ မြေကိုရင်းတဲ့ စီမံကိန်းတွေကို စည်းကမ်းတကျ ညှိနှိုင်းဆောင်ရွက်သင့်ပါတယ်။ ကျွန်တော်တို့ရဲ့ မြို့တော်ကို ကြွယ်ဝမှုသင်္ကေတအဖြစ် အထပ်မြင့်အဆောက်အအုံတွေနဲ့ အလှဆင်ပြီး နိုင်ငံတကာအရင်းအနှီးတွေကို ဆွဲဆောင်ကြသော်လည်း ထိုမှဆက်နွှယ်လျက် မြို့ပြပျက်စီးမှုအကြောင်းတွေရှိတဲ့အတွက် မြို့ပြအထပ်မြင့်တွေ အလွန်အကျွံမဖြစ်စေရန် အကြံပြုရေးသားထားတာဖြစ်ပါတယ်။

**ကိုမော် (အောင်သမာဓိ)**
**သမိုင်းဘာသာရပ်(စာမူ)ဆု**

ကျွန်တော်ဟာ ငယ်စဉ်ကတည်းက နွေရာသီကျောင်းပိတ်ရက်ဆိုရင် ရွှေတောမှာ ရွှေကျင်ယူတဲ့လုပ်ငန်းလုပ်ကိုင်ရင်း ရွှေလုပ်ငန်းနဲ့ထိတွေ့ရင်းနှီးခဲ့ပါတယ်။ နောက်ပိုင်း တက္ကသိုလ်တက်ရင်း အားလပ်ချိန်မှာ ရွှေလျှော်ချွတ်သန့်စင်တဲ့ ပညာရပ်ကို သင်ကြားလေ့လာခဲ့ပါတယ်။ ၂၀၀၅ ခုနှစ်မှစတင်ပြီး ရွှေလျှော်ဖိုနဲ့ ရွှေဆိုင်ဖွင့်ချင်သူတွေကို အခမဲ့လေ့ကျင့်သင်ကြားပေးပါတယ်။ ၂၀၀၈ ခုနှစ်ကစပြီး ရွှေနဲ့ပတ်သက်တဲ့အသိပညာဗဟုသုတတွေကို အခမဲ့ဖြန့်ဝေပြီး သင်တန်းတွေဖွင့်ကာ ဟောပြောပို့ချခဲ့ပါတယ်။

မြန်မာလူမျိုးတို့ရဲ့ အနှစ်သက်ဆုံး၊ တန်ဖိုးအထားဆုံး အဖိုးတန်သတ္တုတစ်မျိုးဖြစ်တဲ့ ရွှေနဲ့စပ်ဆိုင်တဲ့ အကြောင်းရပ်တွေနဲ့အတူ ရွှေအမျိုးအစား၊ ရွှေအရည်အသွေး၊ ရွှေလျှော်ချွတ်သန့်စင်ခြင်းနဲ့ ရွှေချိန်တွယ်အတိုင်းအတာစနစ်အကြောင်းတွေ ထည့်သွင်း ရေးသားထားတာပါ။ နောက်ပြီး ရှေးမြန်မာမင်းတွေလက်ထက်က ရွှေကိုအသုံးပြုတဲ့ အကြောင်းအရာတွေကိုပါ ပြည့်စုံစွာ ရေးသားထားပါတယ်။ ရွှေလုပ်ငန်းလုပ်ကိုင်သူတစ်ဦးအနေနဲ့ ရွှေနဲ့ဆက်စပ်ရာအကြောင်းရပ်တွေကို ထောင့်စေ့အောင် လေ့လာသုတေသနပြုပြီး သမိုင်းဖြစ်ရပ်တွေ၊ သမိုင်းအကိုးအကားတွေနဲ့ ပြည့်စုံစွာရေးသားတင်ပြထားတဲ့ "မြန်မာ့ရွှေသမိုင်း" စာမူအနေနဲ့ ဆုရရှိခဲ့တာပါ။



ဦးသိန်းထွန်း



ဦးတင်ခ(တက္ကသိုလ်တင်ခ)



မြင့်မိုရ်ဆွေ



ကိုမော် (အောင်သမာဓိ)



အောင်နှင်း

**အောင်နှင်း**
**လူငယ်ဘာသာရပ်(စာမူ)ဆုရ**

ကျွန်တော်ဟာ ကိုရီးယားနိုင်ငံရဲ့ ပညာသင်ဆုရရှိခဲ့တဲ့ တစ်နှစ်တာ အတွေ့အကြုံကို ပြန်လည်ဝေငှတဲ့ အနေနဲ့ရေးသားခဲ့တာပါ။ ဒီစာအုပ်မှာ ပညာသင်ခရီးအစမှ ပြီးဆုံးတဲ့အထိ အခန်း ၁၇ ခန်းခွဲပြီး မှတ်တမ်းတင်ရေးသားထားတာပါ။ ကိုရီးယားနိုင်ငံ အပါအဝင် အာရှ၊ ဥရောပမှ ပညာအတူသင်သူတွေရဲ့ အတွေ့အကြုံတွေကို ကျွန်တော်တို့နိုင်ငံရဲ့ အခြေအနေနဲ့ နှိုင်းယှဉ်ပြီးသင်ကြားခဲ့ရတဲ့ ဘာသာရပ်အပေါ်အခြေခံကာ လူငယ်တွေ အားကျအတုယူနိုင်ဖို့ မျှဝေရေးသားထားတာပါ။ ချမ်းသာကြွယ်ဝတဲ့နိုင်ငံသို့ သွားရောက်လေ့လာကြပြီး အမိနိုင်ငံမှာ ပြန်လည်အသုံးချနိုင်ဖို့ ကြိုးစားသင်ယူမှု၊ တွေ့ကြုံရတဲ့ စိန်ခေါ်မှု၊ အခက်အခဲ၊ ရရှိတဲ့အတွေ့အကြုံနဲ့ ကမ္ဘာ့နိုင်ငံအသီးသီးက မိတ်ဆွေတွေနဲ့ ခင်မင်ရင်းနှီးခွင့်မှသည် မိမိပတ်ဝန်းကျင်အတွက် အကြံဉာဏ် စိတ်ကူးသစ်တွေရရှိလာတဲ့အကြောင်းကို ရေးသားဖော်ပြထားတာပါ။ **(ကြေးမုံ)**

❍ **ရှမ်းနှင့် ရန်ကုန်မှ**

မိုင်းအိုက်နိုင်နှင့် စိုးမင်းဦးတို့ အပိုင်အခွင့်အရေးများရသော်လည်း ဂိုးအဖြစ်မပြောင်းလဲနိုင်ခဲ့ပေ။ ၅၅ မိနစ်တွင် ရန်ကုန်အသင်းဂိုးစရခဲ့ပြီး ကျော်ကိုကိုက သွင်းယူခဲ့ခြင်းဖြစ်သည်။ ဂိုးပေးလိုက်ရသော်လည်း ရှမ်းအသင်း ကစားကွက်အပြောင်းအလဲ မလုပ်နိုင်ခဲ့ဘဲ မိနစ် ၈၀ ကျော်မှ ဖိအားပေးနိုင်ခဲ့သည်။ ရှမ်းယူနိုက်တက်အတွက် ချေပဂိုးကို ၈၄ မိနစ်တွင် စိုင်းမင်းထွန်းက သွင်းယူခဲ့သည်။

အခြားပွဲစဉ်များတွင် ဟံသာဝတီအသင်းက ဧရာဝတီကို အဝေးကွင်းတွင် လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ ဟံသာဝတီအတွက် ဘမ်ဘာက နှစ်ဂိုး၊ မောင်မောင်လွင်နှင့် အီမန်စ်တို့က တစ်ဂိုးစီသွင်းယူခဲ့ပြီး ခရစ္စတိုဖာက ဧရာဝတီအတွက် ချေပဂိုးတစ်ဂိုး ပြန်သွင်းခဲ့သည်။ ဇေယျာရွှေမြေအသင်းမှာ ဗစ်တာ၏ သွင်းဂိုးနှစ်ဂိုးဖြင့် Southern အသင်းကို အနိုင်ရရှိခဲ့သည်။ ရတနာပုံအသင်းမှာ Horizon အသင်းကို ငါးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး မာတူနာက နှစ်ဂိုး၊ အောင်သူ၊ ရဲကိုဦးနှင့် နန္ဒလင်းကျော်ချစ်တို့က တစ်ဂိုးစီသွင်းယူခဲ့သည်။ Horizon အတွက် ချေပဂိုးကို ပယ်နယ်တီမှတစ်ဆင့် ညီညီထွန်းက သွင်းယူခဲ့သည်။

**ယနေ့ပွဲ**

**(သုဝဏ္ဏကွင်း) မကွေး-ချင်းယူနိုက်တက်**

**(အောင်ဆန်းကွင်း) ရခိုင်-ဇွဲကပင်**


**အားကစားမြင့်တင် စိတ်လန်းရွှင်**

**ဆန့်ကျင် မူးယစ်ဆေး**


❒ **နှစ်(၁၀၀)ပြည့်မှ**

ပျော်ပွဲရွှင်ပွဲများနှင့်အတူ အပန်းဖြေပြည်သူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရသည်။

တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်)ကို မတည်ထောင်မီကာလများက ယခုရန်ကုန်ဆေးရုံကြီးနေရာတွင် ဖွင့်လှစ်ပြသခဲ့သော "ဖယ်ယာပြတိုက်"တွင် ၁၈၈၂ ခုနှစ်ကစပြီး တောရိုင်းတိရစ္ဆာန်များကို လှောင်အိမ်များတွင် ထည့်သွင်းမွေးမြူပြသခဲ့သည်။ ၁၉၀၁ ခုနှစ်တွင် ပြည်သူလူထုထံမှ ကောက်ခံရရှိငွေကျပ် ၂၄၀၀၀၀ နှင့် ကန်တော်ကြီးအနီးရှိ မြေရိုင်း ၆၁ဧက ကိုရှင်းလင်းပြီး စတင်တည်ဆောက်ခဲ့သည်။ ၁၉၀၆ ခုနှစ် ဇန်နဝါရီတွင် ဆောက်လုပ်ပြီးစီး၍ "ဝိတိုရိယဘုရင်မပန်းခြံနှင့် တိရစ္ဆာန်ဥယျာဉ်"ဟု အမည်ပေးပြီး အခမ်းအနားနှင့် ဖွင့်လှစ်ကာ ပြည်သူလူထုကို ပြသခဲ့သည်မှ ယနေ့တိုင် နှစ်ပေါင်း ၁၁၀ သက်တမ်းရှိခဲ့ပြီဖြစ်သည်။

တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်)၏ ယနေ့ကာလ ပြည်သူအပန်းဖြေရာ ဗဟုသုတများရှာဖွေရာ ဥယျာဉ်ကြီးအဖြစ် တည်တံ့အောင်ဖြတ်သန်းခဲ့ရသော ကာလများတွင် ဆူးခင်းလမ်းထက်ပင် ကြမ်းတမ်းခဲ့သော ဒုတိယကမ္ဘာစစ်တွင်းကာလများလည်း ပါဝင်ခဲ့ကြောင်း၊ ဗုံးဆန်အမြောက်အမြား ပေါက်ကွဲမှုများကြားမှ တောရိုင်းတိရစ္ဆာန်များ လွတ်ကင်းစေရေး စောင့်ရှောက်ထိန်းသိမ်းခဲ့ရာတွင် ကျား၊ ခြင်္သေ့၊ ဝက်ဝံကဲ့သို့ သားစားတောရိုင်းသတ္တဝါများကို ရန်ကုန်မြို့မှ ဘေးလွတ်ရာ ဟင်္သာတမြို့အထိ ကုန်းကြောင်း၊ ရေကြောင်း၊ ခြေကျင် အထမ်းပါအသုံးပြု၍ ရှောင်တိမ်းရင်း ထိုခေတ်တိရစ္ဆာန်ဥယျာဉ်ဝန်ထမ်းများက ပို့ဆောင်ခဲ့ကြောင်း၊ ဟင်္သာတမြို့မှ ဦးဘသိန်းအမည်ရှိ တိရစ္ဆာန်ချစ်သူ၊ ဝါသနာပါသူ ပုဂ္ဂိုလ်မှ ထိန်းသိမ်းပေးခဲ့ကြောင်း၊ ကျန်ရှိ၍ အကောင်ရေများပြားသော သမင်၊ ဒရယ်၊ ချေ၊ စိုင်၊ ဆတ်ကဲ့သို့သော သတ္တဝါများကို ရွှေ့ပြောင်းရန်မလွယ်ကူချိန်တွင် ဝန်ထမ်းများလည်း အတူနေ ကျွေးမွေးစောင့်ရှောက်လျက် ဗုံးများ၊ အမြောက်သေနတ်များကြားထဲတွင် ခက်ခဲစွာဖြတ်ကျော်ခဲ့ကြကြောင်း တိရစ္ဆာန်ဥယျာဉ်နှစ်ပေါင်း(၁၁၀)ပြည့်အခမ်းအနားတွင် တာဝန်ရှိသူ အကြံပေး ဒေါက်တာမြင့်သိန်းက ဗဟုသုတဖြစ်ဖွယ် ပြောကြားခဲ့သည်။ တိရစ္ဆာန်ဥယျာဉ်ရန်ကုန်သည် သက်တမ်းနှစ်ပေါင်း (၁၁၀)ထိတိုင် အများပြည်သူများအား ဆွဲဆောင်ရာနေရာတစ်ခုအဖြစ် ရပ်တည်ခဲ့ပြီး ဥယျာဉ်ကြီးအတွင်း ရှေးမူမပျက် တိရစ္ဆာန်လှောင်အိမ်ကြီးများ၊ ခေတ်မီတိရစ္ဆာန်လှောင်အိမ်များနှင့် အရိပ်ရပင်ကြီးများ များစွာနှင့်အတူ နို့တိုက်သတ္တဝါမျိုးစိတ် ၄၆ မျိုး၊ ကျေးငှက်သတ္တဝါမျိုးစိတ် ၆၉ မျိုး၊ တွားသွားသတ္တဝါမျိုးစိတ် ၁၈ မျိုးတို့ကို ထိန်းသိမ်းပြသထားရှိပါသည်။

ဇန်နဝါရီ ၂၅ ရက်တွင် ကျရောက်မည့် ရန်ကုန်တိရစ္ဆာန်ဥယျာဉ်နှစ်(၁၁၀)ပြည့်မွေးနေ့ကို ပျော်ပွဲရွှင်ပွဲ၊ ဈေးရောင်းပွဲများနှင့် ဇန်နဝါရီ ၂၃ ရက်မှစ၍ ၂၅ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ရာ ဇန်နဝါရီ ၂၃ ရက်တွင် ခြင်းလုံးအလှခတ်ခြင်း၊ မျက်လှည့်ပြပွဲ၊ တိရစ္ဆာန်လိမ္မာနှင့် ဆင်ကပွဲ၊ တိရစ္ဆာန်လိမ္မာလေးများနှင့် ဓာတ်ပုံရိုက်ခြင်းအစီအစဉ်များ၊ ဇန်ဝါရီ ၂၄ ရက်တွင် Unplugged Show များ၊ တိရစ္ဆာန်လိမ္မာနှင့် ဆင်ကပွဲ၊ Myanmar Got's talent မှ အနုပညာရှင်များ၏ ဖျော်ဖြေပွဲ၊ ရုပ်သေးအစီအစဉ်နှင့် Game အစီအစဉ်များ၊ ဇန်နဝါရီ ၂၅ ရက်တွင် နှစ်(၁၁၀)ပြည့် အထိမ်းအမှတ်အဖြစ် Unplugged Show၊ အဆိုတော်များ၊ မျက်လှည့်ပြပွဲ၊ တိရစ္ဆာန်လိမ္မာနှင့် ဆင်လိမ္မာကပွဲစသည့် အစီအစဉ်များဖြင့် တင်ဆက်ဖျော်ဖြေသွားမည်ဖြစ်ပြီး နံနက် ၈ နာရီမှ ညနေ ၆ နာရီအထိ ဖွင့်လှစ်မည်ဖြစ်သည်။ ဝင်ကြေး လူကြီး ကျပ် ၁၀၀၀၊ ကလေး ကျပ် ၅၀၀ နှင့် နိုင်ငံခြားသားဧည့်သည် ကျပ် ၃၀၀၀ ဖြစ်ပြီး အထူးနှုန်းမှာ ကျပ် ၅၀၀ ဖြစ်ကြောင်းသိရသည်။ **(ကိုကိုနေ)**

# ညောင်ဦးမြို့နယ် နွေပဲတီစိမ်းစိုက်တောင်သူများ ထွန်ယက်ရန် ရေလိုအပ်

**ညောင်ဦး ဇန်နဝါရီ ၂၃**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ညောင်ဦးမြို့နယ် သူကောင်းတည်မြစ်ရေတင်နှင့် နွေပဲတီစိမ်းစိုက်ပျိုးရန် သူကောင်းတည်ကျေးရွာ၊ အထက်ညဥ့်ကျေးရွာ၊ အောက်ညဥ့်ကျေးရွာ၊ ယမ်းစမ်းကျေးရွာများမှ ပဲတီစိမ်းစိုက်ပျိုးလိုသူ တောင်သူများက ထွန်ရေး ထွန်ယက်ရန် ရေလိုအပ်မှုရှိနေကြောင်း ဒေသခံ နွေပဲတီစိမ်းစိုက်ပျိုးလိုသူ တောင်သူများထံမှ သိရှိရသည်။

ယခုအချိန်သည် မြန်မာလနှင့် ပြောလျှင် ပြာသိုလပြည့်ဖြစ်ပြီး နွေပဲတီစိမ်းကို တပေါင်းလဆန်းဆိုလျှင် စိုက်ကြရတော့မည်ဖြစ်သည်။ နွေပဲတီစိမ်းစိုက်ရမည့် အချိန် ၄၅ ရက်ခန့်သာလိုတော့သည်။ ယင်းအချိန်အတောအတွင်း ပေါင်းသတ်၊ ထွန်ရေးမြေနှပ်၊ ထွန်ရေးထွန်ယက်ရန် တောင်သူများ ရေလိုအပ်နေကြောင်း သိရသည်။

"ကျွန်တော်တို့ ဒီရေတင်ကန်(၆) နဲ့ ရေတင်ကန်(၇)ကြား စက်နှင့်တစ်ဆင့်မောင်းပြီးစိုက်ပျိုးနိုင်တယ်လို့ တော့ပြောပါတယ်။ ဒါပေမယ့် ကျွန်တော်တို့ တောင်သူတွေကလည်း မြစ်ရေတင်ကို မယုံရဲဘဲဖြစ်နေတယ်။ နွေပဲတီစိမ်းစိုက်တော့လို့ ပြောပေမယ့် အခုရက်ထိ ထွန်ရေးထွန်ဖို့ ရေမပေးသေးဘူး။

"ကျွန်တော်တို့ တောင်သူတွေကတော့ ပဲတီစိမ်းစိုက်ဖို့ လက်သွေးနေပါတယ်။ ရေပေးတော့မယ်ဆိုလို့ ဝမ်းသာနေပါတယ်။ ဒါပေမယ့် စိုက်ပျိုးချိန်ရောက်ပြီး ထွန်ယက်ချိန်ထိအောင် ရေမပေးသေးတဲ့အတွက် ဝမ်းသာ၊ ဝမ်းနည်းဖြစ်နေကြတယ်" ဟု နွေပဲတီစိမ်းစိုက်ရန် ပြင်ဆင်နေသူ တောင်သူတစ်ဦးက ပြောသည်။

"ကျွန်မတို့တောင်သူတွေ နွေပဲတီစိမ်းစိုက်ရရင် တစ်နှစ်ပတ်လုံး အလုပ်ရှိတယ်။ ပဲတီစိမ်းစိုက်ခင်း ကျွတ်ရင် နွားစာလည်းပေါတယ်။ လူစာရော၊ နွားစာရော အဆင်ပြေတယ်။ ပဲတီစိမ်းပင်ကို အသီးခူးပြီးရင် နွားကျွေးရတယ်။ နွေပဲတီစိမ်းအခွံကလည်း နွားကျွေးလို့ရတယ်။ နွားကျွေးရတော့ နွားစာအတွက်လည်း မပူရတော့ဘူး။ တောင်သူတွေက ပဲတီစိမ်းစိုက်ဖြစ်အောင် စိုက်ချင်နေကြတယ်။ နွားစာရော၊ လူစာရော ပေါလာရင်တော့ ကျွန်မတို့တောင်သူတွေ အဆင်ပြေနိုင်ပါတယ်။

"အခုတော့ ဆည်မြောင်းကြီးမှာ ရေမလာတော့ ခြောက်သွေ့နေတယ်။ ကျွန်မတို့က အခုနှစ်မှ နွေပဲတီစိမ်းကို စစိုက်မှာဖြစ်လို့ ထွန်ယက်ဖို့အတွက် ရေလိုချင်နေပါပြီ။ နွေပဲတီစိမ်းစိုက်မယ့် တောင်သူတွေကလည်း ရေကို မျှော်လင့်နေကြပါပြီ"ဟု နွေပဲတီစိမ်းစိုက်မည့် တောင်သူအမျိုးသမီးတစ်ဦးထံမှ သိရသည်။ ထို့ကြောင့် သူကောင်းတည် မြစ်ရေတင်တွင် မြစ်ရေတင်ကန် ရှစ်ကန်ရှိပြီး ကန်(၆) အထက်မှ နွေပဲ တီစိမ်းစိုက်မည့် တောင်သူများက ထွန်ရေးထွန်ယက်ရန် ရေလိုအပ်နေကြောင်း ဒေသခံ တောင်သူများထံမှ သိရသည်။

**ကျော်ဌေး(ညောင်ဦး)**



# မိုးစပါးလှိုင်လှိုင်ပေါ်သော်လည်း စပါးဈေး၊ ဆန်ဈေးမကျ

**ဖြူး ဇန်နဝါရီ ၂၃**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင်ရှိ မြို့နယ်ခြောက်မြို့နယ်တွင် ဖြူးမြို့နယ်သည် မိုးစပါးနှင့် ဆောင်းသီးနှံ ပဲမျိုးစုံစိုက်ဧကအများဆုံး စိုက်ပျိုးသောမြို့နယ်ဖြစ်ပြီး မိုးစပါးစိုက်ဧကတစ်သိန်းခွဲကျော်နှင့် ဆောင်းသီးနှံ ပဲမျိုးစုံစိုက်ဧက တစ်သိန်းကျော် စိုက်ပျိုးခဲ့ကြသည်။

ယခုအခါ ဖြူးမြို့နယ်တွင် မိုးစပါးများ လှိုင်လှိုင်ပေါ်နေသော်လည်း စပါးဈေးနှင့် ဆန်ဈေးများမှာ ယခင်နှစ်ကထက် ဈေးနှုန်းမြင့်တက်လျက်ရှိပြီး သုခ(၂)ပျော့ထွန်း၊ ဆင်းသုခ၊ မနောထွန်း စသည့်စပါးမျိုးများမှာ စပါးတင်း ၁၀၀ လျှင် ကျပ်ခြောက်သိန်းခန့်ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိသည်။ မြို့ပေါ်ရှိ ဆန်စက်ကြီးများတွင် စပါးအိတ်များစုပုံနေကာ ကြိတ်ခွဲရန် စောင့်ဆိုင်းလျက်ရှိပြီး တောင်သူ လယ်သမားကြီးများမှာ ဆန်ဈေးကောင်းရရှိရန် မျှော်လင့်နေကြသည်။

"ကျွန်တော်တို့ လယ်သမားတွေ ဒီနှစ်မှာ ဆန်ဈေး၊ စပါးဈေး ဈေးကောင်းရကြပါတယ်။ မနှစ်က ဒီလိုအချိန်မှာ စပါးတင်း ၁၀၀ ကို ကျပ်ငါးသိန်းကျော်နဲ့ ရောင်းချခဲ့ရလို့ သိပ်မကျန်ပါဘူး။ ဒီနှစ်ကတော့ ကျွန်တော်တို့ လယ်သမားတွေအတွက် သိပ်မဆိုးဘူးလို့ ပြောရမှာပါ" ဟု ဖြူး(အရှေ့)မှ ဒေသခံလယ်သမားတစ်ဦးက ပြောသည်။

**(ဖြူးမြင့်ဦး)**



မြို့ပေါ်ရှိ ဆန်စက်ကြီးများတွင် ကြိတ်ခွဲရန် စုပုံထားသည့် စပါးအိတ်များကို တွေ့ရစဉ်။

# မြေပဲနုတ်ချိန် အလုပ်သမားများ တစ်နေ့ ကျပ် ၆၅၀၀ ဝင်ငွေရရှိ

**မြင်းမူ ဇန်နဝါရီ ၂၃**

ယခုအချိန်သည် မြေပဲစိုက်တောင်သူတို့ မြေပဲနုတ်ချိန်၊ မြေပဲဆွတ်ချိန်ကာလ ဖြစ်ပါသည်။ အချိန်အခါမဟုတ် ရွာမည့်မိုးများအတွက် စိုးရိမ်ရသောကြောင့် မြေပဲများကို မြန်မြန်နုတ်၊ မြန်မြန်ဆွတ်သော လုပ်ငန်းများကို အပူတပြင်း လုပ်ကြရပါသည်။ အကယ်၍ မိုးမိသွားလျှင် အညှောင့်ပေါက်၍ ဥပုပ်တတ်ပါသည်။ ထို့ကြောင့် အခင်းထဲမှ အိမ်မြန်မြန်ရောက်ရေးအတွက် အရေးတကြီး လုပ်ကြရသည်။ မြေပဲနုတ်/ဆွတ် အလုပ်သမားရှားပါးမှုကြောင့် လုပ်အားခကို ဈေးကြီးပေးကာငှားရမ်းကြရသည်။ အမျိုးသမီးတစ်ယောက်အတွက် နုတ်/ဆွတ်ခ တစ်တောင်းလျှင် ကျပ် ၁၃၀၀ နှုန်းပေး၍ ငှားကြရသည်။

မြေပဲတစ်ခင်း၌ တစ်နေ့တွင် အမျိုးသမီးအလုပ်သမား ၅၀ ခန့်မှာ တစ်နေ့ဝင်ငွေ ကျပ် ၆၅၀၀ နှုန်းဖြင့် အဆင်ပြေနေကြကြောင်း သိရသည်။

"ကျွန်တော့်အခင်းမြေပဲနုတ်တာ ဒီနေ့နဲ့ဆိုရင် သုံးရက်ရှိပြီ။ အမျိုးသမီး ၁၅ ယောက်နဲ့ အနုတ်ရော၊ အဆွတ်ပါ တစ်တောင်းကို ကျပ် ၁၃၀၀ နှုန်းနဲ့ ဈေးဖြတ်ထားတာ၊ တစ်ယောက် ငါးတောင်းလောက်ပြီးတယ်ဆိုတော့ တစ်ယောက် ကျပ် ၆၅၀၀ ရကြတယ်။ ပင်ပန်းတော့ပင်ပန်းကြတာပေါ့ဗျာ"ဟု မြေပဲခင်းပိုင်ရှင်က ပြောသည်။

"ကျွန်တော့်စိုက်ခင်းက သုံးဧကရှိတယ်။ မြေပဲဆန်(မကွေး)မျိုး ခြောက်တင်းချတယ်။ တစ်တင်းကို ငါးသောင်းဆိုတော့ မျိုးစေ့ဖိုးက ကျပ် ၃၀၀၀၀၀ ကျတယ်။ ဆေးဖိုးက တစ်သိန်း၊ ထွန်ယက်ခက ကျပ် ၁၅၀၀၀၀ ၊ ပေါင်းသင်ခ၊ နုတ်ခ၊ ဆွတ်ခ၊ လုပ်အားခက ကျပ် ၃၀၀၀၀၀ ဆိုတော့ စုစုပေါင်း ကျပ် ၈၅၀၀၀၀ လောက် ကုန်ကျတယ်။ အခုနုတ်ပြီး၊ ဆွတ်ပြီး၊ ခွာပြီး၊ အဆန်တင်း ၅၀ ရတယ်။ အခုပွဲရုံမှာ တစ်တင်းကို ကျပ် ၄၅၀၀၀ နဲ့ ဝယ်တယ်ဆိုတော့ စုစုပေါင်း ၂၂၅၀၀၀၀ ရတယ်။ ကုန်ကျစရိတ်နဲ့တွက်လိုက်ရင် ကျွန်တော့်မိသားစုအတွက် ၁၄ သိန်းလောက်ကျန်တယ်။ သုံးလလောက် မြုပ်နှံထားရတာ မဆိုးပါဘူး။ တစ်လ ၄၅၀၀၀၀ လောက်တော့ ကိုက်ပါတယ်။ ကိုယ်တိုင်ဆီကြိတ်ပြီး ဖြန့်မယ်ဆိုရင် ဒီထက်ပိုကျန်တယ်။ စားသုံးသူတွေလည်း မြေပဲဆီစစ်စစ်စားရတော့ ကျန်းမာရေးအတွက် စိတ်ချရတယ်"ဟူ၍ မြေပဲစိုက်တောင်သူတစ်ဦးက ပြောသည်။

**(၆၂၄)**

## ပတ်စရာ မှတ်စရာ

မြစ်မခ – ဘောဂီ

### အမေများနေ့အမှတ်တရ

# မိဘကျေးဇူးဆပ်ဖူးစေချင်

ဇန်နဝါရီ ၂၄ ရက်နေ့သည် အမေများနေ့ဖြစ်ပါသည်။ နှစ်စဉ်နှစ်တိုင်း အမေများနေ့ကို အမှတ်တရတိုက်တွန်းနှိုးဆော်ပေးကြသော စာရေးဆရာများနှင့် မြန်မာ့အသံလွှင့်ဌာနဆိုင်ရာဝန်ထမ်းများကိုလည်း အထူးကျေးဇူးတင်မိသည်။

ယခုနှစ်အတွက် ထူးထူးခြားခြား ကျင်းပမည့်ပုံစံလေးမှာ အမေ့ခြေဖဝါးကို ကန်တော့ခြင်းပါပဲ။ ဒီသတင်းကို ကျွန်မ လေလှိုင်းကတစ်ဆင့် ရုတ်တရက် ကြားလိုက်မိချိန်တွင် ကျွန်မရင်ထဲ ဝမ်းသာလွန်း၍ ကြက်သီးများတောင် ထမိပါသည်။

လူတိုင်းလူတိုင်း မိခင်၏ဝမ်းမှဆင်းသက်ပြီး မိခင်၊ ဖခင်တို့၏ ကျွေးမွေးစောင့်ရှောက်မှုဖြင့် ကြီးပြင်းလာကြရသည်။ တချို့သော သားသမီးများသည် မိမိပေါက်ဖွားကြီးပြင်းလာခဲ့ရသည့် မိခင်နှင့်ဖခင်ကို ကျေးဇူးတင်တတ်သူများရှိသလို၊ တချို့သော သားသမီးများက မိဘကျေးဇူးကို မသိတတ်သူများလည်းရှိသည်။

မည်သို့ပင်ဖြစ်စေ မိခင်ဟူသည် ကိုးလလွယ် ဆယ်လဖွား၍ သားသမီးများကို ပြုစုပျိုးထောင်ပေးရသည့်သူများဖြစ်သလို သားသမီးများ၏ ဘဝအတွက် လက်ဦးဆရာများဖြစ်သည်။ ထို့ကြောင့် သားသမီးများသည် အသက်ငယ်ရွယ်စဉ်၌ အသိတရားနည်းပါးသေး၍ မိခင်ကို ကျေးဇူးမသိတတ်ကြပေမယ့် အသက်ရလာပြီး အသိဉာဏ်မြင့်မားလာချိန်တွင်မိခင်၏ ကျေးဇူးတရားများကို သတိရလာပြီး ကျေးဇူးဆပ်ကြရပေမည်။

မိခင်အပေါ် ကျေးဇူးဆပ်ရာတွင် ငွေကြေးနှင့်ကျေးဇူးဆပ်သည်ကို မဆိုလိုပါ။ မိမိ၏ ပြုစုနိုင်သောခွန်အားအစွမ်းဖြင့်လည်းကောင်း၊ စိတ်၏ခွန်အားပေးခြင်းဖြင့်လည်းကောင်း၊ မိခင်အတွက် အားရှိစေသော စကားလုံးလေးများ၊ အမူအရာလေးများဖြင့် ကျေးဇူးဆပ်နိုင်ပါသည်။

ကျွန်မသည်အမေ့ကို ပြုစုခွင့်ရသည်မှာ နှစ်နှစ်ကျော်လာပြီဖြစ်သည်။ ဤနှစ်နှစ်အတွင်း အမေ့ကို ကျွန်မကျေးဇူးဆပ်ဖြစ်ရဲ့လားလို့ မိမိကိုယ်မိမိ နေ့စဉ်သုံးသပ်မိပါသည်။

ယခုနှစ်တွင်လည်း အမေ့အတွက် တရားဓမ္မများကို မိမိရရှိထားသော ဗဟုသုတများဖြင့် ပြောပြပေးရမည်။ တရားထိုင်ဖြစ်အောင် တိုက်တွန်းပေးရမည်။ ဒါနအတွက်လည်း ကုသိုလ်ရအောင်စေ့ဆော်ပေးရမည်။

အသက်(၉၁)နှစ် ကျော်ပြီဖြစ်သော ကျွန်မအမေသည် ယခင်အသက်ငယ်စဉ်က ဒါန၊ သီလ၊ သမထ၊ ဝိပဿနာကို မပြတ်လုပ်ခဲ့ပါသည်။ ယခုအခါ အနည်းငယ်သတိမေ့နေပါသည်။ တရားထိုင်ဖို့ တိုက်တွန်းလျှင် မျက်စိမမှိတ်ချင်ကြောင်းပြောသည်။

ယခုအချိန်တွင် အမေနှင့်စကားပြောလျှင် ကလေးတစ်ယောက်ကို ပြောပြနေရသလို ဖြစ်နေသည်။ မနှစ်က အနေအထားနှင့် ယခုနှစ်အနေအထား ကွာခြားလေပြီ။ အမေ့အသက်(၉၁)နှစ်ဆိုပေမယ့် သတိလေးနှင့် ကပ်ပြီးနေသဖြင့် အသိမလွတ်သေးပါ။

ကျွန်မတို့မိသားစုမှာ အမေ့ကိုတစ်နေကုန်မပြုစုနိုင်ပေ။ အမေ့ကို သူနာပြုဆရာမလေးများနှင့် နေ့ညမပြတ်ပြုစုပေးရသည်။ သူနာပြုဆရာမလေးများ ပြုစုပေးသည်ဆိုပေမယ့် နံနက်မိုးလင်းသည်နှင့် အမေ့အတွက် အစားအသောက်၊ အနေအထိုင်၊ သောက်ရမည့်ဆေးများကိုပါ ကျွန်မကိုယ်တိုင်စီစဉ်ပေးပါသည်။ အားရင်အားသလို အမေနှင့်အတူ ကျွန်မကိုယ်ကာယလေ့ကျင့်ခန်းလုပ်ပါသည်။ တရားအတူထိုင်ပေးသည်။

ယခုအချိန်တွင် အမေ့ကျန်းမာရေးကောင်းနေသည်။ လက်များ၊ ခြေများ အနွေးဓာတ်ရှိနေတုန်းပါ။ နေ့စဉ်ပုံမှန်စားသောက်ပြီး ညစဉ်အိပ်ပျော်သည်ဟု ပြောသည်။

အမေအသက်ရှည်နေခြင်းနှင့်အတူ တရားဓမ္မများလည်း လုပ်ဖြစ်အောင် ကျွန်မအမြဲသတိပေးနေသည်။ ကျွန်မအမေ့ကို ပြုစုခွင့်ရနေခြင်းအတွက် ကျွန်မရင်ထဲ၌ နေ့စဉ်ပီတိဖြစ်နေမိပါသည်။ ။

# တောင်သာမြို့နယ်အတွင်း ရန်ကုန်-ပြည်-မန္တလေးလမ်းပိုင်းမှ တံတားနှစ်စင်းဖွင့်လှစ်

**တောင်သာ ဇန်နဝါရီ ၂၃**

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် တောင်သာမြို့နယ်တွင် သယ်ယူပို့ဆောင်ရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန လမ်းတံတားအထူးအဖွဲ့(၃)မှ တည်ဆောက်ပြီးစီးသည့် ရန်ကုန်-ပြည်-မန္တလေးလမ်းပိုင်းမှ ဆီမီးကန်တံတားနှင့်ကိုင်းချောင်းတံတားတို့ကို ဇန်နဝါရီ ၂၂ က ဖွင့်လှစ်ခဲ့သည်။

မိုးတွင်းကာလတွင် တောင်ကျရေများကြောင့် သွားလာရေးနှင့် ကုန်စည်ကူးသန်းရောင်းဝယ်ရေးတွင် ကြုံတွေ့နေရသည့် အခက်အခဲများကို ဖြေရှင်းပေးနိုင်တော့မည်ဖြစ်ပြီး တံတားအသုံးပြုကြသည့် ဒေသခံများ အနေဖြင့် အချိန်အခါမရွေး သွားလာနိုင်ပြီဖြစ်ကာ တံတားကြီး ရေရှည်တည်တံ့ခိုင်မြဲအောင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း၊ တံတားစည်းကမ်းလိုက်နာကြ၊ ထိန်းသိမ်းကြရန်လိုကြောင်း လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးဦးကျော်ဆန်းက အဆိုပါ တံတားဖွင့်ပွဲတွင် ပြောကြားသည်။

နိုင်ငံတော်အစိုးရမှ ပေ ၁၈၀ အထက် တည်ဆောက်ပြီးစီးသည့် ရန်ကုန်- ပြည်- မန္တလေးလမ်းပိုင်း တံတားများတွင် ဆီမီးကန်တံတားသည် အစင်း ၁၀၀ မြောက်ဖြစ်၍ တံတားအရှည် ပေ ၂၄၀ နှင့် ကိုင်းချောင်းတံတားမှာ ၁၀၁ စင်းမြောက်ဖြစ်ပြီး တံတားအရှည်ပေ ၄၂၀ ရှိကြောင်း၊ အဆိုပါ တံတားနှစ်စင်းတွင် ယာဉ်တစ်စီး ခွင့်ပြုအလေးချိန်မှာ ယာဉ်နှင့်ကုန်တန် ၆၀ ဖြစ်ပြီး ယာဉ်သွားလမ်းအကျယ် ၂၄ပေ တစ်ဖက်တစ်ချက်တွင် သုံးပေစီ အကျယ်ရှိ လူသွားလမ်းပါဝင်ကာ သံကူကွန်ကရစ်တံတား အမျိုးအစားများဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# ညောင်ဦးတွင် အဆိုတော်ဇော်ဝင်းထွဋ်၏ မွေးနေ့အထိမ်းအမှတ် Free Show ပွဲပြုလုပ်

**ညောင်ဦး ဇန်နဝါရီ ၂၃**

ညောင်ဦးတွင် အင်ပါယာတေးဂီတအဖွဲ့မှ နိုင်ငံကျော်ရောခ့်အဆိုတော်



ဇော်ဝင်းထွဋ်၏ မွေးနေ့အထိမ်းအမှတ်အဖြစ် အခမဲ့တေးဂီတဖျော်ဖြေပွဲ (Free show)ကို ဇန်နဝါရီ ၂၁ ရက်က ညောင်ဦးမြို့ မြို့ရှောင်လမ်း ပုဂံရွှေပြည် ကားကြီးဝင်းအနီး ဦးပေါင်းကျားမြင်းစီးစခန်း၌ ကျင်းပခဲ့ရာ ပရိသတ်အများအပြား လာရောက်ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

အဆိုပါ ဖျော်ဖြေပွဲတွင် မွေးနေ့ရှင် အဆိုတော်ဇော်ဝင်းထွဋ်နှင့်အတူ နိုင်ငံကျော်အဆိုတော်များဖြစ်သည့် ရင်ဂို၊ ဂျေမောင်မောင်၊ ဘိုဘို၊ ဝေလ၊ Snare၊ စိုင်းစိုင်းခမ်းလှိုင်၊ စည်သူလွင်၊ ထွန်းအိန္ဒြာဗိုလ်၊ လိမ္မော်သီး တို့ကလည်း အားဖြည့်သီဆိုဖျော်ဖြေခဲ့ကြကြောင်း သိရသည်။

အလားတူ ယနေ့ညပိုင်းတွင် Iron Cross တီးဝိုင်းနှင့် နိုင်ငံကျော်အဆိုတော် လေးဖြူ၊ အငဲ၊ မျိုးကြီး၊ ဝိုင်ဝိုင်းတို့ပါဝင်သည့်အဖွဲ့ကလည်း Iron Cross Music Tour အဖြစ် ပုဂံယဉ်ကျေးမှုဒေသရှိ အာနန္ဒာဘုရားပွဲတော်ကွင်း၌ အခမဲ့ဖျော်ဖြေတင်ဆက်ပြီး ယင်းဖျော်ဖြေတင်ဆက်မှု အစအဆုံးကို 4HDနှင့် 5 special ရုပ်သံလိုင်းများမှ တိုက်ရိုက်ထုတ်လွှင့်ပြသခဲ့ကြောင်း သိရသည်။

**ရဲသူရအောင် (ညောင်ဦး)**

# ဂျနီဖာလောရန့်စ်၏ရုပ်ရှင်သစ် 'Marita'



ဟောလိဝုဒ်ရဲ့အော်စကာဆုရှင်မင်းသမီးတစ်ဦးဖြစ်တဲ့ ဂျနီဖာလောရန့်စ်ဟာ ကျူးဘားနိုင်ငံမှာ သွားရောက်ရိုက်ကူးမယ့် ဒရမ်မာရုပ်ရှင် “Marita”တွင် ပါဝင်သရုပ်ဆောင်ရန် သဘောတူလက်မှတ်ရေးထိုးခဲ့ပြီးဖြစ်ကြောင်း ယူပီအိုင်သတင်းဌာနက ဖော်ပြခဲ့ပါတယ်။

ယင်းရုပ်ရှင်ဟာ အချစ်စုံထောက်ဒရမ်မာရုပ်ရှင်အမျိုးအစားဖြစ်ပြီး အဆိုပါရုပ်ရှင်မှာ ဂျနီဖာလောရန့်စ်က ကျူးဘားခေါင်းဆောင်ဖီဒယ်လ်ကက်စရိုနဲ့ အချစ်ဇာတ်လမ်းတွေ ပျိုးခဲ့တဲ့ ဂျာမနီလူမျိုး မာရီတာလောရန့်ဇ်အဖြစ် ပါဝင်သရုပ်ဆောင်သွားမှာ ဖြစ်ပါတယ်။

ဒီအချစ်ဇာတ်လမ်းကို စတင်ချိန်မှာ လောရန့်စ်ဟာ အသက် (၁၉)နှစ်အရွယ်သာရှိသေးပြီး ရုပ်ရှင်ရဲ့ နောက်ခံမြင်ကွင်းတွေကိုတော့ ၁၉၅၉ ခုနှစ်ဝန်းကျင်ကို အခြေခံထားကြောင်း သိရပါတယ်။

“Marita”ကို ဂျနီဖာလောရန့်စ်နဲ့ ဆိုနီပစ်ချားတို့ ပူးပေါင်းထုတ်လုပ်သွားမှာ ဖြစ်ပါတယ်။

# သားဦးလေးကိုမွေးဖွားလိုက်တဲ့ လူးဝစ်တွမ်လင်ဆန်နှင့် ဘရီယာနာဂျန်းဝက်သ်



ဗြိတိန်ပေါ့ပ် တေးဂီတလောက၏အအောင်မြင်ဆုံးသောအမျိုးသားပေါ့ပ် တေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်သည့် “One Direction”မှ အဖွဲ့ဝင်တစ်ဦးဖြစ်သူ လူးဝစ်တွမ်လင်ဆန်၏ ချစ်သူဒီဇိုင်နာ တစ်ဦးဖြစ်သော ဘရီယာနာ ဂျန်းဝက်သ်သည် ပြီးခဲ့သည့်ကြာသပတေးနေ့က လော့စ်အိန်ဂျယ်လိစ်တွင် သားဦးရင်သွေးလေးကို အောင်မြင်စွာ မွေးဖွားခဲ့ကြောင်း ယူပီအိုင်သတင်းဌာနက ဖော်ပြခဲ့သည်။

အသက် (၂၄)နှစ်အရွယ် လူးဝစ်က ယခုကဲ့သို့ သားယောကျ်ားလေးတစ်ဦး ရရှိခဲ့ပြီး ဖခင်ဘဝရောက်ခဲ့ခြင်းအပေါ် အလွန်ပင်စိတ်လှုပ်ရှားရင်ခုန်မိကြောင်းလည်း ဖွင့်ဟခဲ့သည်။

ပြီးခဲ့သည့် ၂၀၁၅ ခုနှစ် ဇွန်လအတွင်း လူးဝစ်က သူ၏အရင်းနှီးဆုံးသူငယ်ချင်းဖြစ်သူ ဘရီယာနာတွင် သူနှင့်ရခဲ့သော ရင်သွေးလေးရှိနေပြီဖြစ်ကြောင်းနှင့် ဖခင်တစ်ဦးဖြစ်လာမည့်ဘဝကို စိတ်ကူးကာ ရင်ခုန်နေမိကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။ အဆိုပါသတင်းကြောင့် ပရိသတ်များ အံ့အားသင့်ခဲ့ရသည်။ လူးဝစ်နှင့် ဘရီယာနာတို့နှစ်ဦး ချစ်သူများဖြစ်နေကြသည်ကို မည်သူမျှထင်မှတ်မထားမိကြချေ။ သို့သော် သူတို့နှစ်ဦးမှာ အလွန်ရင်းနှီးသော သူငယ်ချင်းများ ဖြစ်ကြသည့်အတွက် ယခုကဲ့သို့ ရင်းနှီးသည့်အခြေအနေမှာ ဖြစ်နိုင်ကြောင်း သူတို့နှစ်ဦး၏ မိတ်ဆွေများက ပြောကြားခဲ့ကြသည်။

လူးဝစ်က ဘရီယာနာနှင့်ရင်သွေးလေးရှိနေပြီဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့ချိန်သည် သူနှင့်နှစ်အတော်ကြာလက်တွဲလာခဲ့သော ချစ်သူအယ်လန်နောကောလ်ဒါနှင့် လမ်းခွဲပြီးခါစအချိန်လည်းဖြစ်သည်။ လတ်တလောတွင် လူးဝစ်နှင့် ဘရီယာနာတို့နှစ်ဦး၏ ဆက်ဆံရေးမှာလည်း မည်သည့်အခြေအနေတွင်ရှိနေကြောင်း တရားဝင်ထုတ်ဖော်ပြောကြားခြင်း မရှိပေ။

**အေးပြည့်-စုစည်းသည်**

# “Academy Awards”ဆုပေးပွဲကို တက်ရောက်ခွင့်ရခဲ့တဲ့ ပထမဦးဆုံးသော တောင်ကိုရီးယားအနုပညာရှင်

အော်စကာဆုပေးပွဲရယ်လို့ လူသိများတဲ့ ဟောလိဝုဒ်ရဲ့ အနုပညာနဲ့ပတ်သက်တဲ့ အထင်ကရဆုပေးပွဲကြီးတစ်ခုဖြစ်တဲ့ “Academy Awards” ဆုပေးပွဲကို လာမယ့် ဖေဖော်ဝါရီ ၂၈ ရက်မှာ ကျင်းပသွားမှာ ဖြစ်ပါတယ်။ အဆိုပါ ဆုပေးပွဲကြီးကို တက်ရောက်ရန် တောင်ကိုရီးယားအနုပညာရှင်တွေထဲမှာ ပထမဦးဆုံးဖိတ်ကြားခံရသူကတော့ မင်းသားလီပြောင်ဟွန်းပါ။

လီပြောင်ဟွန်းဟာ ဟောလိဝုဒ်ရုပ်ရှင်တွေဖြစ်တဲ့ “The Terminator”၊ “RED”နဲ့ “G.I. Joe”တို့မှာ ပါဝင်သရုပ်ဆောင်ခဲ့ပြီး သူရဲ့အနုပညာအရည်အချင်းတွေကြောင့် ယခုလိုအသိအမှတ်ပြုဖိတ်ကြားခံခဲ့ရတာဖြစ်ကြောင်း အောကေပေ့ါပ်ဒေ့ါကွန်းကဖော်ပြခဲ့ပါတယ်။

လီပြောင်ဟွန်းရဲ့ အေဂျင်စီဖြစ်တဲ့ ဘီအိတ်ရှ်အန်တာတိန်းမန့်က “လီပြောင်ဟွန်းဟာ အော်စကာဆုပေးပွဲကိုတက်ရောက်ဖို့ ဖိတ်ကြားခံခဲ့ရပါတယ်။ သူဘယ်အခန်းကဏ္ဍက ပါဝင်ရမယ်ဆိုတဲ့ အသေးစိတ်ကိုတော့ မသိရသေးပါဘူး။ သူဟာအော်စကာဆုအတွက် ဆုလျာထားခံရသူတွေစာရင်းမှာတော့ မပါဝင်ပေမယ့် ဒီလိုဖိတ်ကြားခံရတာကိုက ဂုဏ်ယူစရာတစ်ခုဖြစ်တာမို့ လီပြောင်ဟွန်းက အဆိုပါ အခမ်းအနားကို တက်ရောက်မှာဖြစ်ပါတယ်”လို့ ဇန်နဝါရီ ၂၃ ရက်က ပြောကြားခဲ့ပါတယ်။

ယခုနှစ်ကျင်းပမယ့် အော်စကာဆုပေးပွဲကြီးဟာ (၈၈)ကြိမ်မြောက် အကယ်ဒမီဆုပေးပွဲကြီး ဖြစ်ပါတယ်။



# ရုပ်မြင်သံကြားအစီအစဉ်များ

[၂၄ - ၁ -၂၀၁၆ (တနင်္ဂနွေနေ့)]

## မြန်မာ့ရုပ်မြင်သံကြား New Channel

- ၆း၁၅ မင်းကွန်းဆရာတော်ကြီး၏ အရပ်ဆယ်မျက်နှာမေတ္တာဘာဝနာ ပွားများခြင်းတရားတော်
- ၇း၃၅ Business NEWS
- ၈း၃၅ အောင်မြင်သူနှင့်အတူ (စာရေးဆရာချစ်ဦးညိုနှင့် တွေ့ဆုံခြင်း)
- ၉း၃၅ အနုပညာသတင်းအစီအစဉ်
- ၁၀း၃၅ ကဗျာရိပ်မြုံ “မရွှေဖဲ”
- ၁၂း၅၀ “လူမှန်နေရာမှန်” (အပိုင်း-၃)
- ၁း၁၀ ဖြူ/မည်းရုပ်ရှင် “ကိုယ့်သွေးသူ့သား” (ကျော်ဟိန်း၊ အောင်ထွန်းလေး၊ ခင်သန်းနု) (ဒါရိုက်တာ-ဇော်ထက်)
- ၃း၃၅ Business NEWS
- ၄း၃၅ ရွှေ့ပြောင်းအလုပ်သမားအစီအစဉ်
- ၆း၃၅ မြန်မာ့အသိုက်အဝန်းထဲမှ အမျိုးသမီးများ
- ၇း၁၅ ဟိုးတုန်းကရေဒီယို အသံလွှင့်ဇာတ်လမ်းများ “နှလုံးလှချစ်သူ” (ဒုတိယပိုင်း)
- ၈း၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊မိုးလေဝသအခြေအနေ
- ၉း၀၀ ပြည်တွင်းသတင်း -Tasty Trip -ဆိုကြမယ်၊ပျော်ကြမယ်

**မှတ်ချက်။ နာရီစဉ်တိုင်းတွင် ပြည်တွင်းသတင်းနှင့် နိုင်ငံတကာသတင်းများ ထုတ်လွှင့်ပေးပါသည်။**

## မြန်မာ့ရုပ်မြင်သံကြား Entertainment Channel

- ၆း၀၀ အဖွင့် -ဝတ်မှုံတေးဂီတအဖွဲ့ ဖျော်ဖြေခန်း (အပိုင်း-၃)
- ၆း၂၀ မြန်မာဗီဒီယိုဇာတ်လမ်း “အသွင်မတူတဲ့ကြင်သူ” (ဖြိုးငွေစိုး၊ ခိုင်သင်းကြည်) (ဒါရိုက်တာ-ကိုမျိုးထူး)
- ၇း၅၀ ချစ်စရာ့အရွယ်ကစားကြမယ်
- ၈း၁၅ ဝတ်စားဆင်ယင်မှုပြပွဲ (တေးဂီတ)
- ၈း၃၅ ဆိုကြမယ်၊ ပျော်ကြမယ်
- ၉း၀၅ ပြည်သူ့နီတိ “စည်းအပြင်ကလူ”
- ၉း၄၀ မြန်မာရုပ်ရှင်(ဆေးရောင်စုံ) “ချစ်သောအရိမဒ္ဒနပုရ၏မဟာအောင်ပွဲ” (လူမင်း၊ကျော်သူ၊ ရဲအောင်၊ ဖြိုးငွေစိုး၊ နန္ဒာလှိုင်၊ မေသန်းနု) (ဒါရိုက်တာ-ကြည်ဖြူသျှင်)

**တစ်နေ့(၆)နာရီစာ(၄)ကြိမ်ပြသပါမည်။**

## MRTV- 4

- ၅း၀၀ ပဋ္ဌာန်းပါဠိတော် + ပရိတ်နိဒါန်း၊ မင်္ဂလသုတ်
- ၅း၄၀ “အနုပုဗ္ဗသုတ် အနှစ်ချုပ်” တရားတော် (ပါမောက္ခချုပ် ဆရာတော် ဒေါက်တာ ဘဒ္ဒန္တ နန္ဒမာလာဘိဝံသ)
- ၈း၃၅ Cartoon View
- ၈း၅၅ Weekly Sports Diary
- ၉း၂၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “မျဉ်းပြိုင်ကြားက မေတ္တာများ” (ဇာတ်သိမ်းပိုင်း)
- ၁၀း၅၅ Star တို့ရဲ့ လက်ရာ
- ၁၁း၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “အသက်ကလေးရယ်ရှည်စေလို” (အပိုင်း-၁၇+၁၈)
- ၂း၂၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ “ကံ ကံ၏အကျိုး” [အဆိပ်ပင် (အပိုင်း-၂)]
- ၃း၀၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “အကြင်နာလက်ကလေး” (အပိုင်း-၈၁)
- ၆း၁၀ Health Fix
- ၆း၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “အကြင်နာလက်ကလေး” (အပိုင်း-၈၂)
- ၇း၂၀ Fashion Week
- ၇း၄၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ “ကံ ကံ၏အကျိုး” [အဆိပ်ပင် (အပိုင်း-၃)]
- ၈း၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “အိမ်ရှင်မတို့ချစ်စကား” (အပိုင်း-၁)
- ၉း၁၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “အသက်ကလေးရယ်ရှည်စေလို” (အပိုင်း-၁၉+၂၀)
- ၁၁း၅၀ နယဉ်ဆန်းထွင်ပန်းအလှဆင် (ဟင်းသီးဟင်းရွက်များဖြင့် ပန်းအလှဆင်ခြင်း)
- ၄း၁၀ တန်ခိုးကြီးမား ဘုရားစေတီပုထိုးများ (ဖူးမြော်ကြည်ညိုဖွယ်ရာ မဖ္လိမဒေသရှိ မြတ်စွာဘုရားရှင်နှင့် တန်ခိုးကြီးမား ဘုရားစေတီပုထိုးများ)

## မြဝတီ

- ၆း၀၃ တရားတော်
- ၆း၁၀ မေတ္တာပို့
- ၆း၁၆ ဓမ္မပူဇာတေး
- ၆း၃၅ မြန်မာသံစဉ်ချိုနားဝင်
- ၇း၁၀ အမျိုးသားရေးတေးကဗျာ
- ၈း၀၅ VOA အင်္ဂလိပ်စာသင်ခန်းစာ
- ၈း၁၅ မွေးမြူသုတ
- ၈း၂၀ မြတ်နိုးစရာရိုးရာလက်မှုပညာ
- ၈း၃၅ ဟန်ချက်ညီညီနိုင်ငံတော်သစ်ဆီ
- ၁၁း၀၀ English For Myanmar
- ၁၁း၃၀ အိမ်ရှင်မတို့ရဲ့အချစ်ဆုံး
- ၁၂း၀၀ မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် - ရင်ခုန်ပွဲ နေမင်း၊ချမ်းမီမီကိုနှင့် သရုပ်ဆောင်များ ဒါရိုက်တာ-ကုသိုလ်
- ၁၂း၅၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - မေတ္တာအသချေ် အပိုင်း(၂၈)
- ၁၄း၃၀ သံစဉ်များနှင့်ကမ္ဘာ
- ၄း၃၅ ချစ်သူစုံတွဲတူယှဉ်နွဲ
- ၄း၄၅ ကျန်းမာသုတ
- ၅း၀၀ သာယာသီကြွေးခေတ်ဆန်းတေး
- ၅း၁၅ ရွှေလမ်းငွေလမ်းသူဌေးလမ်း
- ၆း၁၀ စားဖိုဆောင်ချစ်သူ
- ၆း၃၅ ထူးခြားဆန်းပြားကမ္ဘာတစ်လွှား
- ၇း၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - အရာရာထက်မင်း အပိုင်း(၅၈) လူ့ရှင်တော်စတား ယနေ့ညအတွက် မြဝတီတေးလက်ဆောင် ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ရာဇဝင်တွင်မည့် နိမိတ်သခင် အပိုင်း(၃၇)

## တစ်ပတ်အတွင်းအားကစားသုံးသပ်ချက်

# ဂွါဒီယိုလာ ဘယ်လဲ၊ ဘာလဲ






မေလဲ့သင်း ရေးသားသည်

ဇန်နဝါရီ ၂၂ ရက်က အွန်လိုင်းသတင်းစာမျက်နှာတွေမှာ လက်ရှိဘိုင်ယန်နည်းပြ ဂွါဒီယိုလာနဲ့ မန်ယူအသင်းတို့ တွေ့ဆုံခဲ့ကြတယ်ဆိုတဲ့ သတင်းတွေ ပလူပျံအောင်တက်လာပါတယ်။ ဒါပေမယ့် မန်ယူတာဝန်ရှိသူတွေကတော့ ဒီသတင်းက မှန်ကန်မှုမရှိပါဘူးလို့ ချက်ချင်းဆိုသလို ပြန်လည်ရှင်းလင်းခဲ့ပါတယ်။ အွန်လိုင်းသတင်းတွေကတော့ ဂွါဒီယိုလာနဲ့ မန်ယူအသင်းတာဝန်ရှိသူတွေက ပြင်သစ်နိုင်ငံ ပဲရစ်မြို့မှာ တွေ့ဆုံခဲ့တာဖြစ်ပြီး ဒီနှစ်ရာသီကုန်ရင် မန်ယူနည်းပြ ဗန်ဟားလ်နေရာမှာ ဂွါဒီယိုလာကို အစားထိုးဖို့ အသေးစိတ် ဆွေးနွေးခဲ့ကြတယ်လို့ တိတိကျကျကို ရေးသားဖော်ပြခဲ့ပါတယ်။

ပြီးခဲ့တဲ့ ဒီဇင်ဘာလအတွင်း ဂွါဒီယိုလာက ဘိုင်ယန်မြူးနစ်နဲ့ စာချုပ်သက်တမ်းကုန်ရင် လက်ရှိကလပ်အသင်းနဲ့ စာချုပ်သက်တမ်းထပ်မံတိုးမြှင့်တော့မှာ မဟုတ်ဘဲ အခြားအသင်းသစ်တစ်သင်းကိုသာ ပြောင်းလဲကိုင်တွယ်မယ်လို့ ပြောခဲ့ပါတယ်။ ဇန်နဝါရီလဆန်းမှာတော့ သူဟာ ပရီမီယာလိဂ်ရဲ့ စိန်ခေါ်မှုအသစ်တွေကို ရင်ဆိုင်ဖို့ အသင့်ရှိနေပြီလို့ ပြောကြားခဲ့တာကြောင့် သူရဲ့ ပစ်မှတ်က ပရီမီယာလိဂ်အသင်းတစ်သင်းပဲ ဖြစ်တယ်ဆိုတာ သေချာသွားခဲ့ပါတယ်။ ဂွါဒီယိုလာက လက်ရှိနည်းပြတွေထဲမှာ ကမ္ဘာ့အကောင်းဆုံးနည်းပြတစ်ဦးအဖြစ် အားလုံးက လက်ခံထားသူဖြစ်တာကြောင့် သူ့ကိုခေါ်ယူဖို့ ဥရောပအသင်းကြီး အတော်များများက ကြိုးပမ်းနေကြတာဖြစ်ပါတယ်။ သူ့ကိုခေါ်ယူလိုတဲ့အသင်းတွေထဲမှာ ရီးယဲလ်မက်ဒရစ်နဲ့ ပီအက်စ်ဂျီတို့ပါ ပါဝင်နေပေမယ့်သူက လောလောဆယ် ပရီမီယာလိဂ်ကိုသာ ပြောင်းရွှေ့ဖို့စိတ်ကူးထားတာကြောင့် မန်ယူ၊ မန်စီးတီးနဲ့ ချယ်လ်ဆီးတို့ထဲက တစ်သင်းသင်းကိုရောက်မှာ သေချာနေပါတယ်။

ချယ်လ်ဆီးပိုင်ရှင် အေဗရာမိုဗစ်ချ်က ဂွါဒီယိုလာသာ သူ့အသင်းကို လာမယ်ဆိုရင် လိုချင်တဲ့ ကစားသမားတွေကို ဘယ်လောက်ကြေးနဲ့ဖြစ်ဖြစ် ခေါ်ယူဖို့ ခွင့်ပြုပေးမှာ ဖြစ်သလို ဂွါဒီယိုလာအတွက် ဘယ်ကလပ်အသင်းက ကမ်းလှမ်းတဲ့ လုပ်ခလစာထက်မဆို ပိုမိုပေးချေဖို့ အသင့်ရှိနေတယ်ဆိုပြီး စည်းရုံးခဲ့ပါတယ်။ မန်ယူကတော့ သူတို့အသင်းက ပရီမီယာလိဂ်မှာ ဝင်ငွေအကောင်းဆုံးအသင်း ဖြစ်တာနဲ့အညီ ဂွါဒီယိုလာရဲ့ နည်းစနစ်အပြောင်းအလဲအတွက် ဖြစ်ချင်သမျှကို လိုက်လျောဖို့အသင့်ရှိနေပြီး ပရီမီယာလိဂ်မှာ မန်ယူဟာ အစဉ်အလာအကြီးဆုံးအသင်း ဖြစ်တာကြောင့် မန်ယူကိုသာ ဦးစားပေးစဉ်းစားဖို့ အစဉ်အလာနဲ့ မျှားထားပါတယ်။

မန်စီးတီးကလည်း ဒီလိုပါပဲ။ လက်ရှိနည်းပြ ပယ်လီဂရီနီနေရာမှာ ဂွါဒီယိုလာကို အစားထိုးဖို့ ချည်းကပ်နေတာကြာပါပြီ။ ဒါ့ကြောင့် အခုကတည်းက ဂွါဒီယိုလာ လာရင် အဆင်သင့်ဖြစ်စေဖို့ ကစားသမားခေါ်ယူမှုအပိုင်းမှာပါ စပြီးပြင်ဆင်နေပါတယ်။ သတင်းရင်းမြစ်တွေကတော့ ဂွါဒီယိုလာက ပရီမီယာလိဂ်အသင်းတွေထဲမှာ သူ့ကို အရင်ဆုံး ကမ်းလှမ်းမှုပြုခဲ့တဲ့ မန်စီးတီးကိုပဲရွေးချယ်ဖို့ ပိုမိုစိတ်အားထက်သန်နေတယ်လို့ ဆိုပါတယ်။ ဒါပေမယ့်လည်း မန်ယူနဲ့ ချယ်လ်ဆီးတို့ကလည်း သူ့ကိုတောက်လျှောက် ချိတ်ဆက်နေတာကြောင့် ဘယ်အသင်းကို ကိုင်တွယ်မယ်ဆိုတာ အခုထိယတိပြတ် မဆုံးဖြတ်နိုင်သေးပဲရှိနေတာပါ။


ဂွါဒီယိုလာက "ကျွန်တော်က အတွေ့အကြုံသစ်ကို လိုချင်တာကြောင့် ဒီတစ်ခါတော့ အင်္ဂလန်မြေကို ရွေးချယ်မှာပါ။ ပရီမီယာလိဂ်အသင်းအတော်များများက လာရောက်ဆက်သွယ်နေကြပေမယ့် အခုထိတော့ ဘယ်အသင်းနဲ့မှ သဘောတူစာချုပ် မချုပ်ရသေးပါဘူး"လို့ ပြောထားပါတယ်။

ဂွါဒီယိုလာက ဘာစီလိုနာ လူငယ်အသင်းကို ကိုင်တွယ်ခဲ့ပြီးနောက် ဘာစီလိုနာအသင်းကြီးကို ဦးဆောင်ခွင့်ရခဲ့ချိန် လေးနှစ်အတွင်းမှာ ဖလား(၁၄)လုံး ဆွတ်ခူးပေးနိုင်ခဲ့ပါတယ်။ အဲဒီနောက် ဖိအားများလွန်းတာကြောင့် အားကစားလောကကနေ ခဏတာ အနားယူမယ်ဆိုပြီးတော့ နည်းပြဘဝကို ခေတ္တကျောခိုင်းခဲ့ပါတယ်။ ၂၀၁၃ ခုနှစ်မှာတော့ ဘိုင်ယန်မြူးနစ်ကို ကိုင်တွယ်တော့မယ်လို့ ကြေညာခဲ့ပြီးနောက် လက်ရှိအချိန်ထိ ဘိုင်ယန်ကို အကောင်းဆုံးလမ်းကြောင်း တစ်ခုပေါ်မှာ ထိန်းကျောင်းနိုင်ဆဲဖြစ်ပါတယ်။

ဂွါဒီယိုလာက ၁၉၇၁ ခုနှစ် ဇန်နဝါရီ ၁၈ ရက်မှာ မွေးဖွားသူဖြစ်တာကြောင့် လက်ရှိမှာ အသက် (၄၅)နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်ပါတယ်။ ဒါပေမယ့် သူဟာ ဘာစီလိုနာအသင်းကြီးကို စတင်ကိုင်တွယ်ချိန်မှာ အသက်က (၃၇) နှစ်လောက်ပဲ ရှိသေးပေမယ့် အငြင်းပွားမှုတွေအားလုံးကို နောက်မှာချန်ထားပြီး ကမ္ဘာ့ဘောလုံးဇာတ်ခုံမှာ ခဏတာကွယ်ပျောက်နေတဲ့ "တီတီကာကာ" ကစားဟန်ကို ပြန်လည်အသက်သွင်းခဲ့သူဖြစ်ပါတယ်။

၂၀၀၈ ခုနှစ် ဖရန့်ရိကတ်နေရာမှာ အစားထိုးခန့်အပ်ခံရတဲ့ ဂွါဒီယိုလာက ဘာစီလိုနာနည်းပြအဖြစ် စတင်တာဝန်ယူချိန်မှာ အဲဒီအချိန်က ဘာကာရဲ့ "မတို့ရမထိရတဲ့ ကစားသမားစာရင်းဝင်" ရော်နယ်လ်ဒင်ညို၊ ဒေကို၊ အီတူးတို့ဟာ အသင်းရဲ့ အနာဂတ်အစီအစဉ်မှာ ပါဝင်တော့မှာ မဟုတ်ဘူးလို့ ကြေညာခဲ့ပြီး သူရမ်၊ ဇမ်ဘရော့တာ၊ ဒေါ့စ်ဆန်းတို့စ်တို့ကိုလည်း အသင်းကနေ ထွက်ခွာခွင့်ပေးခဲ့ပါတယ်။ အဲဒီနောက် ပီကေးကို မန်ယူကနေ ပြန်လည်ခေါ်ယူခဲ့သလို ဆီဗီလာမှ ကီတာ၊ ဒန်နီအဲဗက်စ်တို့အပြင် အာဆင်နယ်မှ အလက်ဇန္ဒားဟက်ပ်တို့ကို ခေါ်ယူခဲ့ပြီး ဘာစီလိုနာ လူငယ်အသင်းက ကစားသမားတွေဖြစ်တဲ့ ဘက်စကွက်စ်၊ ပက်ဒရို၊ ဂျက်ဖရန်၊ ဆွာရက်ဇ်တို့ကို အသင်းကြီးမှာနေရာပေးကာ ဘာစီလိုနာကို ပြန်လည်သွေးသစ်လောင်းခဲ့ပါတယ်။ အပြောင်းအလဲတွေနဲ့အတူ ဘာစီလိုနာရဲ့ တစ်ရာသီထဲ ဖလားသုံးလုံး ဆွတ်ခူးနိုင်ခဲ့တဲ့ အောင်မြင်မှုကြောင့် ဂွါဒီယိုလာဟာ ချန်ပီယံလိဂ်ဖလားကိုင်မြှောက်နိုင်တဲ့ အသက်အငယ်ဆုံးနည်းပြ ဖြစ်လာခဲ့တဲ့အပြင် သူ့ရဲ့ နာမည်ဂုဏ်သတင်းက ဥရောပဘောလုံးရပ်ဝန်းမှာ တစ်ရှိန်ထိုး ကျော်ကြားလာခဲ့ပါတယ်။

ဘာစီလိုနာကို ကိုင်တွယ်ခဲ့တဲ့ လေးနှစ်အတွင်း အောင်မြင်မှုတွေအလီလီရယူပေးနိုင်ခဲ့သလို လက်ရှိ ဘိုင်ယန်ကို တာဝန်ယူချိန်မှာလည်း အသင်းရဲ့ နည်းစနစ်ပိုင်းကို ဟန်ချက်ညီအောင် စီမံနိုင်ခဲ့ပါတယ်။ အခု ဥရောပ အအောင်မြင်ဆုံးကလပ် ဘာစီလိုနာလည်ပတ်နေတာကလည်း ဂွါဒီယိုလာ တည်ဆောက်ခဲ့တဲ့ နည်းစနစ်၊ နည်းဗျူဟာနဲ့ လူအင်အားပေါ်သာ အခြေခံထားခဲ့တာကြောင့် သူ့ရဲ့ အရိပ်အငွေ့မလွတ်တဲ့ ဘာစီလိုနာလို့ပဲ ဆိုရမှာဖြစ်ပါတယ်။ ဒါ့ကြောင့် ဘိုင်ယန်ကနေ သူထွက်ခွာမယ်လို့ကြေညာတဲ့အချိန်မှာ ဥရောပအသင်းကြီး တော်တော်များများက သူ့ကိုရဖို့ အပြိုင်အဆိုင် ကြိုးပမ်းနေကြတာဖြစ်ပါတယ်။ ကမ်းလှမ်းလာတဲ့အသင်းတွေအားလုံးကလည်း အကောင်းဆုံးအခွင့်အရေးတွေ၊ လုပ်ပိုင်ခွင့်တွေ ပေးမယ်လို့ ဆိုထားတာကြောင့် သူ့အနေနဲ့ ဘယ်ကိုသွားမယ်ဆိုတာ အခုထိ ယတိပြတ် ချမပြနိုင်သေးတာဖြစ်ပါတယ်။ လီဗာပူးနည်းပြ ဂျာဂန်ကလော့ပ်ကတော့ ဂွါဒီယိုလာဟာ မန်စီးတီးထက် ပိုမိုအစဉ်အလာကြီးတဲ့အသင်းကိုပဲ ရွေးချယ်လိမ့်မယ်လို့ ခန့်မှန်းချက်ထုတ်ခဲ့ပါတယ်။ ဒါဆို သူ့ကိုခေါ်ယူနိုင်မယ်လို့ ရေပန်းအစားဆုံးဖြစ်နေတဲ့ မန်စီးတီးကိုမရွေးဘဲ မန်ယူ၊ ချယ်လ်ဆီးအသင်းတွေဆီကို သွားမှာလား။ ဒါမှမဟုတ် သူ့ကို လွန်ခဲ့တဲ့နှစ်တွေကတည်းက ကမ်းလှမ်းနေတဲ့ မန်စီးတီးကိုပဲ ရွေးချယ်မှာလားဆိုတာ လာမယ့်နွေရာသီမှာတော့ မဖြစ်မနေ ဆုံးဖြတ်ချက်ချရတော့မှာဖြစ်ပါတယ်။ အဲဒီအချိန်ရောက်ရင်တော့ ကမ္ဘာတစ်ဝန်း ဘောလုံးပရိသတ်တွေ စိတ်ဝင်စားနေတဲ့ အဖြေဖြစ်တဲ့ ဂွါဒီယိုလာ ဘာလဲ၊ ဘယ်လဲဆိုတာက ကွဲကွဲပြားပြား သိကြရတော့မှာ ဖြစ်ပါတယ်။



# ဥရောပရဲ့အခြားကလပ်အသင်းတွေဆီ ပြောင်းရွှေ့ဖို့ ငြင်းဆိုလိုက်တဲ့ မက်ဆီ

ငွေကြယ်

ကမ္ဘာ့အကောင်းဆုံးကစားသမားဆုကို ငါးကြိမ်တိုင်တိုင်ဆွတ်ခူးရရှိထားခဲ့တဲ့ ဘာစီလိုနာတိုက်စစ်မှူး လီယွန်နယ်မက်ဆီဟာ တစ်နေ့နေ့တစ်ချိန်ချိန်မှာ ဘာစီလိုနာအသင်းကနေ ထွက်ခွာမည်လားဆိုတဲ့ မေးခွန်းကိုငြင်းဆိုခဲ့တဲ့အပြင် ဥရောပရဲ့ အခြားသောကလပ်အသင်းတွေဆီကို ပြောင်းရွှေ့ဖို့လည်း စိတ်မဝင်စားတဲ့အကြောင်း အခိုင်အမာ ပြောကြားခဲ့ပါတယ်။

အသက်(၂၈)နှစ်အရွယ်သာရှိသေးတဲ့ အာဂျင်တီးနားတိုက်စစ်မှူး မက်ဆီဟာ ပြီးခဲ့တဲ့ တစ်ပတ်တုန်းက ကမ္ဘာ့အကောင်းဆုံးကစားသမားဆုလို့ခေါ်တဲ့ ဘလွန်းဒီအောဆုကို ငါးကြိမ်တိုင်တိုင်ဆွတ်ခူးထားခဲ့တဲ့ ကစားသမားလည်း ဖြစ်ပါတယ်။ လီယွန်နယ်မက်ဆီဟာ ကမ္ဘာ့အကောင်းဆုံးကစားသမားဆုကို ရီးယဲလ်မက်ဒရစ်အသင်းမှာ အကောင်းဆုံးခြေစွမ်းကို ပိုင်ဆိုင်ထားခဲ့တဲ့ ပေါ်တူဂီစူပါစတား စီရိုနယ်လ်ဒို၊ ဘာစီလိုနာအသင်းမှာ တိုက်စစ်ပိုင်းစွမ်းဆောင်ရည်မြင့်မားစွာပြသနိုင်ခဲ့တဲ့ ကစားဖော် နေမာတို့ကို ကျော်ဖြတ်ပြီး ရရှိခဲ့တာပါ။

တိုက်စစ်မှူး မက်ဆီဟာ ပြင်သစ်ပထမတန်းပြိုင်ပွဲရဲ့ အချမ်းသာဆုံးအသင်းဖြစ်တဲ့ ပီအက်စ်ဂျီအသင်းနဲ့ အင်္ဂလန်ပရီမီယာလိဂ်ရဲ့ ထိပ်တန်းအဆင့်ရှိတဲ့ မန်စီးတီးလိုအသင်းမျိုးကို ပြောင်းရွှေ့ကစားဖို့ အချိတ်အဆက်တွေ ပြုလုပ်ခဲ့တယ်ဆိုတာတွေတောင် မဟုတ်တဲ့အကြောင်း ပြောကြားခဲ့ပြီး စပိန်ကလပ် ဘာစီလိုနာအသင်းကို အရင်တုန်းက ကတိပေးခဲ့တဲ့အတိုင်း ဘာစီလိုနာအသင်းမှာပဲ ဆက်နေမယ်လို့ ထပ်လောင်းအတည်ပြုခဲ့ပါသေးတယ်။

"ဘာစီလိုနာဟာ ကျွန်တော့်ရဲ့ မိခင်အသင်းပါလို့ အရင်တုန်းကလည်း ပြောခဲ့ပြီးပါပြီ။ ဥရောပမှာ ကျွန်တော့်ရဲ့ ကစားသမားဘဝကို အသိအမှတ်ပြုတဲ့အနေနဲ့ ဘာစီလိုနာအသင်းမှာပဲ အနားယူမှာပါ"ဟု ပြင်သစ်ဘောလုံးမဂ္ဂဇင်းတစ်ခုကို ပြောကြားခဲ့ပါသေးတယ်။

ဒါပေမယ့် မက်ဆီအနေနဲ့ ဆုံးဖြတ်ချက်မခိုင်မာခဲ့ခြင်းကတော့ သူ့ရဲ့မွေးရပ်ဌာနေ အာဂျင်တီးနားမြေမှာ ပြန်လည်ခြေချမယ်ဆိုတဲ့ စကားတွေလည်း ရှိခဲ့ပါသေးတယ်။ အဲဒီလို အာဂျင်တီးနားမှာ ပြန်ကစားဖို့ ပြောခဲ့တဲ့အပြင် ဥရောပရဲ့ အခြားကလပ်အသင်းတွေဆီကို ဘယ်တော့မှ ပြောင်းရွှေ့ကစားမှာမဟုတ်တဲ့အကြောင်းလည်း ဆိုခဲ့ပါတယ်။

တိုက်စစ်မှူး မက်ဆီရဲ့ စွမ်းဆောင်ရည်မြင့်မားမှုကတော့ ၂၀၁၅ ခုနှစ်အတွင်းမှာ ဘာစီလိုနာအသင်းနဲ့အတူ သွင်းဂိုး ၅၂ ဂိုးအထိ သွင်းယူနိုင်ခဲ့သလို ၂၀၁၅ ခုနှစ် တစ်နှစ်တည်း စပိန်လာလီဂါဖလား၊ စပိန်ကိုပါဒယ်ရေးဖလား၊ ချန်ပီယံလိဂ်ဖလား၊ ကမ္ဘာ့ကလပ်အသင်းများဖလား စတဲ့ဖလားတွေကိုတောင် ရယူဆွတ်ခူးပေးနိုင်ခဲ့ပါတယ်။

ဒါပေမယ့် အခုဘောလုံးရာသီမှာတော့ စပိန်လာလီဂါရဲ့ ထိပ်တန်းအဆင့်ဂိုးသွင်းရှင် ၁၀ ဦးစာရင်းထဲမှာ လက်ရှိအချိန်ထိ မက်ဆီမပါဝင်နိုင်ခဲ့ပါဘူး။ လာလီဂါရဲ့ ဂိုးသွင်းအများဆုံးစာရင်းမှာဆိုရင် ဆွာရက်ဇ်ဟာ ၁၈ ဂိုး၊ စီရိုနယ်လ်ဒို၊ ဘင်ဇီမာနဲ့ နေမာတို့ဟာ ၁၆ ဂိုးစီ၊ ဂါရတ်ဘေးလ်က ၁၃ ဂိုး၊ ပီရက်ဇ်၊ ဂရစ်ဇ်မန်း၊ အင်္ဂါရက်ဇီ၊ ဘတ်စတန်တို့ဟာ ၁၂ ဂိုးစီနဲ့ အက်ဒူရစ်ဇ်က ၁၁ ဂိုးနဲ့ အသီးသီးပါဝင်နေကြပါတယ်။

# ယူရို-၂၀၁၆ ပြိုင်ပွဲတွင် ဂိုးလိုင်းနည်းပညာအသုံးပြုမည်



ပြင်သစ်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ယူရို-၂၀၁၆ ပြိုင်ပွဲနှင့် လာမည့်နှစ်ဘောလုံးရာသီ ချန်ပီယံလိဂ်ရှုံးထွက်အဆင့်ပွဲစဉ်များမှ စတင်ကာ ဂိုးလိုင်းနည်းပညာကို အသုံးပြုသွားမည်ဖြစ်ကြောင်း ယူအီးအက်ဖ်အေ (ဥရောပဘောလုံးအဖွဲ့ချုပ်)က ထုတ်ပြန်ကြေညာခဲ့သည်ဟု ဘီဘီစီသတင်းဌာနက ဖော်ပြသည်။ ဇန်နဝါရီ ၂၂ ရက်တွင် ဥရောပဘောလုံးအုပ်ချုပ်ရေးအဖွဲ့အစည်း၏ အလုပ်အမှုဆောင်ကော်မတီက လာမည့် ယူရို-၂၀၁၆ ပြိုင်ပွဲ၌ ဂိုးလိုင်းနည်းပညာအသုံးပြုရေးကိစ္စရပ်နှင့် ပတ်သက်၍ မဲခွဲဆုံးဖြတ်ခဲ့ကြပြီးနောက် ယခုကဲ့သို့ အတည်ပြုချက် ထုတ်ပြန်ကြေညာနိုင်ခဲ့ခြင်းဖြစ်သည်။ ယင်းသို့ ယူရိုပြိုင်ပွဲမတိုင်မီ မဲခွဲဆုံးဖြတ်ခြင်းမှာ ယခင်က ကျင်းပခဲ့သည့် အဓိကပြိုင်ပွဲကြီးများတွင် ဂိုးဝင်၊ မဝင်ဆိုသည့်အချက်နှင့်ပတ်သက်ပြီး အငြင်းပွားစရာဖြစ်ရပ်များ ဖြစ်ပွားခဲ့ခြင်းကြောင့် ဖြစ်သည်။

ဂျာမနီအခြေစိုက် ဂိုးထိန်းချုပ်ရေးစနစ်နှင့် ဗြိတိန်၏ သိမ်းငှက်မျက်လုံးနည်းပညာနှစ်ရပ်စလုံးအား ဥရောပလိဂ်ပွဲစဉ်များတွင် ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုခဲ့ပြီးဖြစ်သော်လည်း ဂိုးလိုင်းနည်းပညာအသုံးပြုရေးကိစ္စရပ်နှင့် ပတ်သက်လျှင်မူ ယူအီးအက်ဖ်အေ အလုပ်အမှုဆောင်များအကြား ယခုထိ အငြင်းပွားနေကြဆဲဖြစ်သည်။ တာဝန်မှ ဆိုင်းငံ့ခြင်းခံထားရသည့် ယူအီးအက်ဖ်အေဥက္ကဋ္ဌ မိုက်ကယ်ပလာတီနီမှာ ယခင်က အဆိုပါ ဂိုးလိုင်းနည်းပညာ အသုံးပြုရေးနှင့် ပတ်သက်၍နှစ်ပေါင်းများစွာဆန့်ကျင်သူတစ်ဦးအနေဖြင့် ရပ်တည်ခဲ့သူဖြစ်သော်လည်း ယခုနောက်ပိုင်းတွင် သူ၏ရပ်တည်ချက် အနည်းငယ်ပျော့ပျောင်းလာသည်ကို တွေ့ရမည်ဖြစ်သည်။

သို့သော် အင်္ဂလန်ဘောလုံးအဖွဲ့ချုပ်ကမူ ယခင်က ကြုံတွေ့ခဲ့ဖူးသည့်ဖြစ်စဉ်များကြောင့် ဂိုးလိုင်းနည်းပညာအသုံးပြုရန် ထောက်ခံမှုအပြုဆုံးအဖွဲ့အစည်းတစ်ခုအဖြစ် အခိုင်အမာရပ်တည်ခဲ့သည်။ ၂၀၁၀ တောင်အာဖရိကကမ္ဘာ့ဖလား ၁၆ သင်းအဆင့် ရှုံးထွက်ပွဲစဉ်တွင် အင်္ဂလန်မှ ဖရန့်လမ်းပတ်၏ သွင်းဂိုးအား ခွင့်ပြုရန် ငြင်းဆန်ခြင်းခံခဲ့ရသလို ယူရို-၂၀၁၂အုပ်စုအဆင့်ပွဲစဉ်တွင်လည်း ယင်းသို့ အလားတူဖြစ်ရပ် ဖြစ်ပွားခဲ့သေးသည်။

## ဇန်နဝါရီ ၂၄/၂၅ ရက်နေ့ ယှဉ်ပြိုင်မည့် ပွဲစဉ်များ

| | | |
|---|---|---|
| **ပရီမီယာလိဂ်** | | |
| အဲဗာတန် | - ဆွမ်ဆီး | ည-၈း၀၀ |
| အာဆင်နယ် | - ချယ်လ်ဆီး | ည-၁၀း၃၀ |
| **စပိန်လာလီဂါ** | | |
| ဘီဘာအို | - အီဘား | ညနေ-၅း၃၀ |
| အက်သလက် | - ဆီဗီလာ | ည-၉း၃၀ |
| ဒီပို့တီဗို | - ဗလင်စီယာ | ည-၁၁း၄၅ |
| ဘက်တစ် | - ရီးယဲလ်မက်ဒရစ် | နံနက်-၂း၀၀ |
| **စီးရီးအေ** | | |
| ဖီအိုရင်တီးနား | - တိုရီနို | ည-၆း၀၀ |
| ဆာဆူအိုလို | - ဘိုလော့နာ | ည-၈း၃၀ |
| အင်တာမီလန် | - ကာပီ | ည-၈း၃၀ |
| လာဇီယို | - ချီယေဗို | ည-၈း၃၀ |
| ဗီရိုနာ | - ဂျီနိုအာ | ည-၈း၃၀ |
| ဆမ်ဒိုးရီးယား | - နာပိုလီ | ည-၈း၃၀ |
| ပါလာမို | - အူဒီးနီးစ် | ည-၈း၃၀ |
| ဂျူဗင်တပ် | - ရိုးမား | နံနက်-၂း၁၅ |
| **ဘွန်ဒက်စ်လီဂါ** | | |
| ဖရန့်ဖတ် | - ဝုဖ်ဘတ် | ည-၉း၀၀ |
| ရှော်လ်ကေး | - ဝါဒါဘရီမင် | ည-၁၁း၀၀ |
| **ပြင်သစ် လီဂူး** | | |
| မိုနာကို | - တူးလော့စ် | ည-၇း၃၀ |
| ရိမ်းစ် | - စိန့်အက်တီယန် | ည-၁၀း၃၀ |
| လီယွန် | - မာဆေး | နံနက်-၂း၃၀ |

မောင်မောင်ဇော်

# အက်ရှ်လေယန်း ဒဏ်ရာရရှိခဲ့ပြီးနောက် ဇန်နဝါရီအပြောင်းအရွှေ့အတွင်း နောက်ခံကစားသမားများ မဖြစ်မနေခေါ်ယူရန် မန်ယူပစ်မှတ်ထား



မေလဲ့သင်း စုစည်းသည်

မန်ယူအသင်းသည် လီဗာပူးနှင့် ပွဲစဉ်၌ အက်ရှ်လေယန်းဒဏ်ရာရရှိခဲ့အပြီး ယခု ဇန်နဝါရီ အပြောင်းအရွှေ့ကာလ မပိတ်သိမ်းမီကာလအတွင်း အနည်းဆုံးနောက်ခံကစားသမားနှစ်ဦး ထပ်မံခေါ်ယူရန် ပစ်မှတ်ထားလာကြောင်း သိရသည်။ ယင်းပွဲစဉ်၌ အက်ရှ်လေယန်းမှာ ပြင်းထန်သည့် ပေါင်ခြံဒဏ်ရာရရှိခဲ့ခြင်းဖြစ်ရာ ကာလကြာရှည်စွာ အနားယူရတော့မည်ဖြစ်သည်။ အက်ရှ်လေယန်းမှာ ယခင်က တောင်ပံတိုက်စစ်နေရာတွင် ခြေစွမ်းပြကစားနိုင်ခဲ့သူဖြစ်သော်လည်း မန်ယူနောက်ခံ ကစားသမားများ ဒဏ်ရာပြဿနာများ ကြုံတွေ့လာခဲ့ရာ ယန်းအား ဗဟိုနောက်ခံလူအဖြစ် ဗန်ဟားလ်ကဝင်ရောက်ကစားစေခဲ့သည်။

သို့သော် မန်ယူတွင်လုခ်ရှော(ခြေထောက်ကျိုး)၊ မာကို့စ်ရိုဂျို(ပုခုံးအဆစ်လွဲ)၊ ဗလင်စီယာ(ခြေချင်းဝတ်အရွတ်ကြောဒဏ်ရာ)တို့မှာ ဒဏ်ရာပြဿနာများ ကြုံတွေ့နေရပြီး ယခုအခါ အက်ရှ်လေယန်းပါ ကာလကြာရှည်စွာ အနားယူရတော့မည်ဖြစ်သဖြင့် မန်ယူအနေဖြင့် လူအင်အားထပ်မံဖြည့်တင်းရန် အရေးတကြီး လိုအပ်လာခြင်းဖြစ်သည်။ အဆိုပါ ဒဏ်ရာပြဿနာကြောင့် အက်ရှ်လေယန်းမှာ အင်္ဂလန်အသင်းနှင့် ယူရို-၂၀၁၆ ပြိုင်ပွဲတွင် ပါဝင်ကစားခွင့် မျှော်လင့်ချက်မှာ အဆုံးသတ်သွားခဲ့ရပြီဖြစ်သည်။

ဗန်ဟားလ်က "အခုဆို မန်ယူမှာ ကြံ့ခိုင်မှုအပြည့်ရှိတဲ့ နောက်ခံကစားသမားဆိုလို့ ဒါမီယန်တစ်ယောက်ပဲရှိပါတော့တယ်။ ဒ့ါကြောင့် မန်ယူအနေနဲ့ အခု ဇန်နဝါရီဈေးကွက်ရဲ့ အဓိက ပစ်မှတ်က နောက်ခံကစားသမားတွေပါ။ အရင်က ဗဟိုနောက်ခံကစားသမားအဖြစ် အသုံးပြုနေတဲ့ အက်ရှ်လေယန်းကလည်း ကာလကြာရှည်အနားယူရမှာဖြစ်တာကြောင့် ကျွန်တော်တို့ နောက်ခံကစားသမားအင်အားကို ဖြည့်တင်းဖို့ အရေးတကြီး လိုအပ်နေပါပြီ" ဟု ဆိုလိုက်သည်။

မန်ယူအသင်းမှာ လီဗာပူးအားတစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ကစားနိုင်ခဲ့ပြီးနောက် မန်ယူ၏ ပရီမီယာလိဂ်ချန်ပီယံအိပ်မက်မှာ ပြန်လည်ရှင်သန်လာခဲ့ရာ ဗန်ဟားလ်က ဇန်နဝါရီဈေးကွက် ပိတ်သိမ်းရက်ဖြစ်သည့် ဖေဖော်ဝါရီ ၁ ရက်မတိုင်မီ အနည်းဆုံး နောက်ခံကစားသမားနှစ်ဦးခန့်အား ခေါ်ယူရန် ဆန္ဒရှိနေခြင်းဖြစ်သည်။ မန်ယူအသင်းသည် လက်ရှိတွင် ဦးဆောင်သူ အာဆင်နယ်ထက် ခုနစ်မှတ် လျော့အနေအထားဖြင့် အမှတ်ပေးဇယားအဆင့်(၅)နေရာတွင် ရပ်တည်နေရာ ချန်ပီယံမျှော်လင့်ချက်အတွက် ကစားသမားအင်အား ထပ်မံဖြည့်တင်းရန် ကြိုးပမ်းလာခြင်းဖြစ်သည်။

# ပီတာဆက်ချ်ရှိနေတာကြောင့် သက်သောင့်သက်သာရှိနေတဲ့ ဝင်းဂါး

အာဆင်နယ်နည်းပြ ဝင်းဂါးက ပီတာဆက်ချ်ဟာ ကင်မရာလိုပဲ အကုန်လုံးကို ကြည့်နေနိုင်တဲ့သူဖြစ်တာကြောင့် ချယ်လ်ဆီးကို ရင်ဆိုင်မယ့်ပွဲမှာ သူရော ကျန်တဲ့ကစားသမားတွေအားလုံးဟာ ပြိုင်ပွဲကို ချဉ်းကပ်ရာမှာ သက်သောင့်သက်သာရှိစေမှာဖြစ်တယ်လို့ ဆိုလိုက်ပါတယ်။ ဝင်းဂါးက ပီတာဆက်ချ်ကို ခေါ်ယူနိုင်မှုဟာ အာဆင်နယ်အတွက် ကြီးမားတဲ့အကျိုးရရှိခဲ့ပြီး ဆက်ချ်ကို "အသင်းရဲ့ နောက်က ကင်မရာ"လို့ တင်စားသုံးနှုန်းခဲ့ပါတယ်။

အာဆင်နယ်အသင်းက ဇန်နဝါရီ ၂၄ ရက်(ယနေ့)မှာ ချယ်လ်ဆီးကို ရင်ဆိုင်ရမှာဖြစ်တာကြောင့် နှစ်သင်းထိပ်တိုက်တွေ့ဆုံမှု မှတ်တမ်းတွေက အာဆင်နယ်အနေနဲ့ အကောင်းဆုံးရလဒ်ပိုင်ဆိုင်ဖို့ ခက်ခဲမယ်လို့ သုံးသပ်မှုတွေရှိနေပါတယ်။ ဒ့ါအပြင် အာဆင်နယ်က လီဗာပူး၊ စတုတ်စီးတီးတို့ကို ရင်ဆိုင်ခဲ့တဲ့ပွဲစဉ်တွေမှာ သရေရလဒ်သာ ထွက်ပေါ်ခဲ့တာကြောင့် ချယ်လ်ဆီးနဲ့ ရင်ဆိုင်ရမယ့်ပွဲစဉ်မှာ အာဆင်နယ်အနေနဲ့ အမှတ်ပေးဇယားထိပ်ကို ဦးဆောင်ခွင့်ဆုံးရှုံးမှာကို အာဆင်နယ် ပရိသတ်တွေက စိုးရိမ်နေကြတာပါ။ ဒါပေမယ့် ပီတာဆက်ချ်က ချယ်လ်ဆီးမှာ နှစ်ပေါင်းများစွာ ကစားလာခဲ့သူဖြစ်တာကြောင့် ဒီအချက်က အာဆင်နယ်အတွက် အားသာချက်တစ်ခု ဖြစ်စေနိုင်တယ်လို့ ဝင်းဂါးက ဆိုခဲ့ပါတယ်။

အာဆင်နယ်က အမှတ်ပေးဇယားကို ဦးဆောင်နေပေမယ့် ဒုတိယနေရာက လက်စတာကို အမှတ်ဖြတ်နိုင်ခြင်းမရှိဘဲ ရဂိုးအသာနဲ့သာ ဦးဆောင်ခွင့်ရရှိနေသလို တတိယနေရာက မန်စီးတီးနဲ့လည်း တစ်မှတ်သာ ကွာဟတဲ့ အနေအထားပါ။ ဒ့ါကြောင့် ချယ်လ်ဆီးကို သရေသာ ကစားနိုင်ရင် အာဆင်နယ်အနေနဲ့ အမှတ်ပေးဇယား ဦးဆောင်ခွင့်ဆုံးရှုံးမှာ သေချာသလောက်ရှိနေပါတယ်။ ဒါပေမယ့် ဒီပွဲစဉ်မှာ အာဆင်နယ်ရဲ့ ကြယ်ပွင့်ကစားသမားနှစ်ဦးဖြစ်တဲ့ အိုဇေးလ်နဲ့ ဆန်းချက်ဇ်တို့နှစ်ဦးလုံး ပြန်လည်ပါဝင်လာမှာဖြစ်သလို ပီတာဆက်ချ်လည်း ရှိနေတဲ့အတွက် ရလဒ်ပိုင်းနဲ့ပတ်သက်ပြီး စိုးရိမ်စိတ်မရှိပါဘူးလို့ ဝင်းဂါးက ပြောကြားခဲ့ပါတယ်။

# ဘိုင်ယန်အိပ်ပျော်နေသည်ဟု လီဝမ်ဒေါစကီး ဝေဖန်

ဘိုင်ယန်မြူးနစ်နှင့် ဟမ်းဘတ်တို့ ယှဉ်ပြိုင်ခဲ့သည့်ပွဲစဉ်တွင် ဘိုင်ယန်အနေဖြင့် နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သော်လည်း ဘိုင်ယန်တိုက်စစ်မှူး လီဝမ်ဒေါစကီးကမူ ကလပ်အသင်း၏ ကစားဟန်မှာ အိပ်ပျော်နေသကဲ့သို့ အသက်ဝင်ခြင်းမရှိဟု ကလပ်အသင်း ဝက်ဘ်ဆိုက်မှတစ်ဆင့် ဝေဖန်ပြောကြားခဲ့သည်။ ယင်းပွဲစဉ်တွင် လီဝမ်ဒေါစကီးမှာ ဘိုင်ယန်အတွက် သွင်းဂိုးနှစ်ဂိုးလုံးသွင်းယူပေးခဲ့သော်လည်း ဒုတိယပိုင်းတွင် ဟမ်းဘတ်အသင်းရရှိသော အလွတ်တည်ကန်ဘောကို ဘိုင်ယန်ကွင်းလယ်လူ ဇာဗီအလွန်ဆိုက ကိုယ့်ဂိုးကိုယ်(Own Goal) သွင်းယူခဲ့မိ၍ ချေပဂိုးတစ်ဂိုး ပြန်လည်ပေးခဲ့ရသည်။ ထို့ကြောင့် လီဝမ်ဒေါစကီးက ဘိုင်ယန်အနေဖြင့် ကံကောင်း၍သာ အနိုင်ရခဲ့ခြင်းဖြစ်ပြီး ဒုတိယပိုင်းကစားဟန်မှာ အိပ်ပျော်နေသူတစ်ဦးအလားဖြစ်နေခဲ့ကြောင်း ဝေဖန်ခဲ့ခြင်းဖြစ်သည်။

# ချယ်လ်ဆီးရဲ့ ပထမဦးစားပေးလို့ သတင်းပြေးနေတဲ့ အယ်လီဂရီ

ချယ်လ်ဆီးအသင်းသည် ယာယီနည်းပြ ဂူဟစ်ဒင့် ရောက်ရှိလာပြီးနောက် ရလဒ်ပိုင်း ကောင်းမွန်လာသော်လည်း လာမည့်ဘောလုံးရာသီတွင် အမြဲတမ်းနည်းပြတစ်ဦးအားခန့်အပ်ရန် ပြင်ဆင်လျက်ရှိရာ ဂျူဗင်တပ်နည်းပြ အယ်လီဂရီမှာ ချယ်လ်ဆီး၏ ဦးစားပေးပစ်မှတ်ဖြစ်ကြောင်း ဂိုးလ်ဒေါ့ကွန်းက ဖော်ပြသည်။ ပြီးခဲ့သည့် ဒီဇင်ဘာလအတွင်း မော်ရင်ဟိုကို ထုတ်ပယ်ခဲ့ပြီးနောက် ချယ်လ်ဆီး တာဝန်ရှိသူများနှင့် အယ်လီဂရီနီတို့ အကြိမ်ပေါင်းများစွာ တွေ့ဆုံမှုများ ပြုလုပ်ခဲ့ကြသည်ဟုလည်း ဆက်လက်ဖော်ပြသည်။ အယ်လီဂရီနီမှာ ပြီးခဲ့သည့်နွေရာသီကပင် ဂျူဗီနှင့် စာချုပ်သက်တမ်းတစ်နှစ် ထပ်မံတိုးမြှင့်ချုပ်ဆိုခဲ့သော်လည်း ချယ်လ်ဆီးကိုမူ ကိုင်တွယ်ရန် စိတ်ဝင်စားနေသည်ဟုလည်း သိရသည်။

# ၁၉၅၁ ခုနှစ်၊ အလုပ်ရုံများအက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေပြဋ္ဌာန်း

**၁၉၅၁ ခုနှစ်၊ အလုပ်ရုံများအက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ**
**(၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၂ ။)**
**( ၁၃၇၇ ခုနှစ်၊ ပြာသိုလဆန်း ၁၁ ရက် )**
**၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက်**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ၁၉၅၁ ခုနှစ်၊ အလုပ်ရုံများအက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ၁၉၅၁ ခုနှစ်၊ အလုပ်ရုံများအက်ဥပဒေတွင်ပါရှိသော-

(က) "အင်စပက်တော်ချုပ်"ဆိုသည့်စကားရပ်ကို "အလုပ်ရုံနှင့် အလုပ်သမားဥပဒေ စစ်ဆေးရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်" ဆိုသည့်စကားရပ်ဖြင့် လည်းကောင်း၊

(ခ) "အင်စပက်တော်"ဆိုသည့်စကားရပ်ကို "စစ်ဆေးရေးအရာရှိ" ဆိုသည့်စကားရပ်ဖြင့် လည်းကောင်း၊

(ဂ) "အလုပ်လုပ်ရန် သင့်လျော်ကြောင်း တာဝန်ခံလက်မှတ်" ဆိုသည့် စကားရပ်နှင့် "တာဝန်ခံလက်မှတ်" ဆိုသည့်စကားရပ်တို့ကို "အလုပ်လုပ်ရန် သင့်လျော်ကြောင်း မှတ်ပုံတင်ဆရာဝန် ထောက်ခံချက်လက်မှတ်" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊

(ဃ) "မှတ်ပုံဝင်ဆရာဝန်" ဆိုသည့်စကားရပ်ကို "မှတ်ပုံတင်ဆရာဝန်" ဆိုသည့်စကားရပ်ဖြင့် လည်းကောင်း၊

(င) "မြန်မာနိုင်ငံဘယဆေးဆိုင်ရာ အက်ဥပဒေ" ဆိုသည့်စကားရပ်ကို "တိုင်းရင်းဆေးကောင်စီဥပဒေ"ဆိုသည့်စကားရပ်ဖြင့် လည်းကောင်း၊

(စ) "အဆက်ဆာလူကြီး" ဆိုသည့်စကားရပ်ကို "အကဲဖြတ်ပုဂ္ဂိုလ်" ဆိုသည့်စကားရပ်ဖြင့် လည်းကောင်း၊

(ဆ) "မြူနီစီပါယ်"ဆိုသည့်စကားရပ်ကို "စည်ပင်သာယာရေးကော်မတီ သို့မဟုတ် စည်ပင်သာယာရေးအဖွဲ့" ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း အသီးသီးအစားထိုးရမည်။

၃။ ၁၉၅၁ ခုနှစ်၊ အလုပ်ရုံများအက်ဥပဒေ ပုဒ်မ ၂-

(က) ပုဒ်မခွဲ (က) တွင်ပါရှိသော "အသက်တဆယ့်ငါးနှစ် မပြည့်သေးသူ" ဆိုသည့်စကားရပ်ကို "အလုပ်လုပ်ကိုင်နိုင်ရန် မှတ်ပုံတင်ဆရာဝန်ကခွင့်ပြုသည့် အသက်တစ်ဆယ့်လေးနှစ်ပြည့်ပြီး အသက်တစ်ဆယ့်ခြောက်နှစ်မပြည့်သေးသူ" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

(ခ) ပုဒ်မခွဲ (ခ) တွင်ပါရှိသော "အသက်တဆယ့်ငါးနှစ်ပြည့်ပြီးဖြစ်လျက်၊ အသက်ဆယ့်ရှစ်နှစ်မပြည့်သေးသူ" ဆိုသည့်စကားရပ်ကို "အသက်တစ်ဆယ့်ခြောက်နှစ်ပြည့်ပြီး အသက်တစ်ဆယ့်ရှစ်နှစ်မပြည့်သေးသူ" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

(ဂ) ပုဒ်မခွဲ (ဍ)၊ ပုဒ်မခွဲငယ် (ဃဃ) တွင်ပါရှိသော "အက္ခရာပုံနှိပ်မှု" ဆိုသည့်စကားရပ်ကို "စာပုံနှိပ်မှု" ဆိုသည့် စကားရပ်ဖြင့် အစားထိုးပြီး ယင်း၏နောက်တွင် "မိတ္တူကူးယူ လုပ်ကိုင်မှု" ဆိုသည့် စကားရပ်ကို ဖြည့်စွက်ရမည်။

(ဃ) ပုဒ်မခွဲ (ဍ)၊ ပုဒ်မခွဲငယ် (ငင) တွင်ပါရှိသော "ရေယာဉ်ကိုဖြစ်စေ" ဆိုသည့်စကားရပ်၏ နောက်၌ "အခြားယာဉ်တစ်မျိုးမျိုးကိုဖြစ်စေ" ဆိုသည့်စကားရပ်ကို ဖြည့်စွက်ရမည်။

(င) ပုဒ်မခွဲ (ဍ)၊ ပုဒ်မခွဲငယ် (ငင) ၏ နောက်တွင် ပုဒ်မခွဲငယ် (စစ) နှင့် ပုဒ်မခွဲငယ် (ဆဆ) တို့အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"( စစ ) လျှပ်စစ်နှင့် အီလက်ထရောနစ် နည်းပညာဆိုင်ရာ ပစ္စည်းများ တည်ဆောက်မှု၊ ပြန်လည်တည်ဆောက်မှု၊ ပြုပြင်ထိန်းသိမ်းမှု၊ ပြန်လည်တပ်ဆင်မှု၊ အပြီးသတ်ထုတ်လုပ်မှု သို့မဟုတ် ပြန်လည်အသုံးပြုနိုင်ရန်စီမံမှု၊

(ဆဆ) ဓာတုပစ္စည်းများ စမ်းသပ်ခြင်း၊ ထုတ်လုပ်ခြင်း၊ ရောစပ်ခြင်း၊ ထုပ်ပိုးခြင်း၊ ရွှေ့ပြောင်းခြင်းလုပ်ငန်းနှင့် ဆက်စပ်လုပ်ကိုင်ရသောလုပ်ငန်း။"

(စ) ပုဒ်မခွဲ (ဌ) တွင်ပါရှိသော "သို့ရာတွင် ပြုလုပ်မှုလုပ်ငန်းစဉ်အတိုင်း မလုပ်သည့် အခန်းတွင်၊ သို့တည်းမဟုတ် နေရာတခုခုတွင်၊ စာရေးအဖြစ်ဖြင့် လုံးလုံးခိုင်းစေခံရသူ မပါဝင်ချေ။" ဆိုသည့် စကားရပ်ကို "ယင်းစကားရပ်တွင် ပြုလုပ်မှုလုပ်ငန်းစဉ်နှင့် မသက်ဆိုင်သည့်နေရာ သို့မဟုတ် ပြုလုပ်မှုလုပ်ငန်းစဉ်နှင့်ဆက်စပ်သော နေရာတစ်ခုခုတွင် ကြီးကြပ်သူ၊ လုံခြုံရေး၊ ယာဉ်မောင်း၊ သန့်ရှင်းရေး၊ ထမင်းချက်၊ စာပို့သူ၊ ဥယျာဉ်လုပ်သားနှင့် အထွေထွေလုပ်သား စသည်တို့လည်းပါဝင်သည်။" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

(ဆ) ပုဒ်မခွဲ (ဍ) ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(ဍ) **အလုပ်ရုံ** ဆိုသည်မှာ အလုပ်သမား ၅ ဦးနှင့်အထက် အလုပ်လုပ်ကိုင်နေသည့် သို့မဟုတ် လွန်ခဲ့သည့် ၁၂ လအတွင်း မည်သည့်ရက်တွင်မဆို အလုပ်လုပ်ကိုင်နေခဲ့သည့်အပြင် ပြုလုပ်မှုလုပ်ငန်းစဉ်အတိုင်း ဆောင်ရွက်သော အစိတ်အပိုင်း တစ်ခုခုတွင်၊ အားအကူအညီဖြင့် လုပ်ကိုင်နေသည့် သို့မဟုတ် သာမန်အားဖြင့် လုပ်ငန်းဆောင်ရွက်သည့် အဆောက်အအုံ တစ်ခုခုနှင့်တကွ ဥပစာကိုပါဆိုလိုပြီး အလုပ်သမား ၁၀ ဦးနှင့်အထက် အလုပ်လုပ်ကိုင်နေသည့် သို့မဟုတ် လွန်ခဲ့သည့် ၁၂ လအတွင်း မည်သည့်ရက်တွင်မဆို အလုပ်လုပ်ကိုင်နေခဲ့သည့်အပြင်၊ ပြုလုပ်မှုလုပ်ငန်းစဉ်အတိုင်း ဆောင်ရွက်သော အစိတ်အပိုင်း တစ်ခုခုတွင်၊ အားအကူအညီမရှိဘဲ လုပ်ကိုင်နေသည့် သို့မဟုတ် သာမန်အားဖြင့် ယင်းသို့ လုပ်ကိုင်သည့် အဆောက်အအုံတစ်ခုခုနှင့်တကွ ဥပစာလည်း ပါဝင်သည်။ ထို့ပြင် အလုပ်သမားတစ်ဦးနှင့်အထက် အလုပ်လုပ်ကိုင်သည့် မော်တော်ယာဉ်ပြင်ဆင်ရာဌာန၊ မော်တော်ယာဉ်ဆေးသုတ်ရာဌာန၊ စာပုံနှိပ်ဌာနနှင့် ဆီကြိတ်ဌာနများပါဝင်သည့်အပြင် လိုအပ်ပါက အခြားအလုပ်ဌာနများကိုလည်း အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနက အမိန့်ကြော်ငြာစာထုတ်ပြန်၍ သတ်မှတ်နိုင်သည်။ သို့ရာတွင် မြန်မာ့သတ္တုတွင်း ဥပဒေနှင့်သက်ဆိုင်သည့် သတ္တုတွင်းမပါဝင်။"

၄။ ၁၉၅၁ ခုနှစ်၊ အလုပ်ရုံများအက်ဥပဒေ ပုဒ်မ ၂၊ ပုဒ်မခွဲ(ဏ)၊ ပုဒ်မ ၄၊ ပုဒ်မခွဲ(၁)၊ ပုဒ်မ ၆၊ ပုဒ်မခွဲ (၁)၊ ပုဒ်မ ၉၊ ပုဒ်မ ၁၀၊ ပုဒ်မခွဲ(၁)၊ ပုဒ်မခွဲ(၅) နှင့် ပုဒ်မခွဲ(၆)၊ ပုဒ်မ ၁၁၊ ပုဒ်မ ၁၂၊ ပုဒ်မခွဲ(၂)၊ ပုဒ်မ ၁၃၊ ပုဒ်မခွဲ(၂)၊ ပုဒ်မ ၁၄၊ ပုဒ်မခွဲ(၂)၊ ပုဒ်မ ၁၇၊ ပုဒ်မခွဲ(၁)၊ ပုဒ်မ ၁၈၊ ပုဒ်မခွဲ(၄)၊ ပုဒ်မ ၂၃၊ ပုဒ်မခွဲ(၂)၊ ပုဒ်မ ၂၄၊ ပုဒ်မခွဲ(၃)၊ ပုဒ်မ ၂၅၊ ပုဒ်မခွဲ(၂)၊ ပုဒ်မ ၂၈၊ ပုဒ်မခွဲ(၃)၊ ပုဒ်မ ၃၀၊ ပုဒ်မခွဲ(၈)၊ ပုဒ်မ ၃၁၊ ပုဒ်မခွဲ(၂)၊ ပုဒ်မ ၃၃၊ ပုဒ်မခွဲ(၂)၊ ပုဒ်မ ၃၆၊ ပုဒ်မခွဲ(၂)၊ ပုဒ်မ ၃၉၊ ပုဒ်မခွဲ(၅)၊ ပုဒ်မ ၄၃၊ ပုဒ်မ ၄၆၊ ပုဒ်မခွဲ(၃)၊ ပုဒ်မ ၅၁၊ ပုဒ်မခွဲ(၁)၊ ပုဒ်မ ၅၂၊ ပုဒ်မ ၅၅၊ ပုဒ်မခွဲ(၁)၊ ပုဒ်မခွဲ(၃)၊ ပုဒ်မခွဲ(၄)နှင့် ပုဒ်မခွဲ(၅)၊ ပုဒ်မ ၅၇၊ ပုဒ်မခွဲ(၁)နှင့် ပုဒ်မခွဲ(၃)၊ ပုဒ်မ ၆၁၊ ပုဒ်မခွဲ(၂)၊ ပုဒ်မ ၆၄၊ ပုဒ်မ ၆၅၊ ပုဒ်မ ၆၆၊ ပုဒ်မခွဲ(၂)၊ ပုဒ်မ ၇၀၊ ပုဒ်မခွဲ(၁)၊ ပုဒ်မခွဲ(၂)၊ ပုဒ်မခွဲ(၃)၊ ပုဒ်မခွဲ(၄) နှင့် ပုဒ်မခွဲ(၆)၊ ပုဒ်မ ၇၁၊ ပုဒ်မခွဲ(၁)၊ ပုဒ်မခွဲ(၂) နှင့် ပုဒ်မခွဲ(၄)၊ ပုဒ်မ ၈၀၊ ပုဒ်မခွဲ(၄)၊ ပုဒ်မ ၈၄၊ ပုဒ်မ ၁၀၃ နှင့် ပုဒ်မ ၁၀၅ တို့တွင် ပါရှိသော "နိုင်ငံတော်သမ္မတ"ဆိုသည့် စကားရပ်ကို "အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေး ဝန်ကြီးဌာန" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၅။ ၁၉၅၁ ခုနှစ်၊ အလုပ်ရုံများအက်ဥပဒေ၏ ပုဒ်မ ၂၊ ပုဒ်မခွဲ(ထ)၊ ပုဒ်မ ၅၊ ပုဒ်မ ၁၀၊ ပုဒ်မခွဲ (၄)၊ ပုဒ်မ ၄၈ ၊ ပုဒ်မခွဲ (၂)၊ ပုဒ်မ ၅၀၊ ပုဒ်မခွဲ (၂)၊ ပုဒ်မခွဲ (၃) နှင့် ပုဒ်မ ၁၀၀ တို့ကို ပယ်ဖျက်ရမည်။

၆။ ၁၉၅၁ ခုနှစ်၊ အလုပ်ရုံများအက်ဥပဒေ ပုဒ်မ ၆၊ ပုဒ်မခွဲ (၂) တွင်ပါရှိသော "အင်စပက်တော်ချုပ်ထံသို့ စာပို့တိုက်မှ ရီစစ္စတြီပြု၍ပေးပို့ရာ၊ ယင်းသို့ပေးပို့သည့်နေ့မှ သုံးလအတွင်း လျှောက်ထားသူထံသို့ အမိန့်စာမပေးပို့လျှင်၊ ထိုလျှောက်လွှာတွင် လျှောက်ထားတောင်းဆိုသည့် ခွင့်ပြုချက်ကိုပေးပြီး ဖြစ်သည်ဟု မှတ်ယူရမည်" ဆိုသည့် စကားရပ်ကို "အလုပ်ရုံနှင့် အလုပ်သမားဥပဒေ စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ထံသို့ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှ မှတ်ပုံတင်၍ဖြစ်စေ၊ အခြားသင့်တော်သော နည်းလမ်းဖြင့်ဖြစ်စေ ပေးပို့ရာတွင် အလုပ်ရုံနှင့် အလုပ်သမားဥပဒေ စစ်ဆေးရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်သည် လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ခွင့်ပြုခြင်း သို့မဟုတ် အကြောင်းပြချက်ဖော်ပြ၍ ငြင်းပယ်ခြင်းပြုရမည်" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၇။ ၁၉၅၁ ခုနှစ်၊ အလုပ်ရုံများအက်ဥပဒေ ပုဒ်မ ၆၊ ပုဒ်မခွဲ (၃) တွင်ပါရှိသော "အစိုးရ" ဆိုသည့် စကားရပ်ကို "အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၈။ ၁၉၅၁ ခုနှစ်၊ အလုပ်ရုံများအက်ဥပဒေ ပုဒ်မ ၈-

(က) ပုဒ်မခွဲ(၁)၊ ပုဒ်မခွဲငယ် (ဂ) တွင်ပါရှိသော "နေရပ်အပြည့်အစုံ" ဆိုသည့် စကားရပ်၏ နောက်တွင် "ဆက်သွယ်ရန်လိပ်စာ၊ ဖုန်းနံပါတ်၊ ဖက်(စ်)နံပါတ်၊ အီးမေးလ်လိပ်စာ" ဆိုသည့်စကားရပ်ကို ဖြည့်စွက်ရမည်။

(ခ) ပုဒ်မခွဲ (၁)၊ ပုဒ်မခွဲငယ် (င)တွင်ပါရှိသော "အသုံးပြုရမည့် အားအမျိုးအစားနှင့်ပမာဏ" ဆိုသည့်စကားရပ်ကို "လုပ်ငန်းအမျိုးအစား၊ အသုံးပြုရမည့်လျှပ်စစ်ဝန်အားနှင့်စက်စွမ်းအား"ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ဂ) ပုဒ်မခွဲ (၆) တွင်ပါရှိသော "ပိတ်ရသည့် အလုပ်ရုံမှာ တဆယ့်ငါးယောက်ထက်မများသော အလုပ်သမားများကို ခိုင်းစေသည့် အလုပ်ရုံဖြစ်လျှင်၊ ယင်းသို့ပိတ်သည့်အချိန်မှ ခုနစ်ရက်အတွင်း အင်စပက်တော်ချုပ်ထံ အကြောင်းကြားရမည်" ဆိုသည့်စကားရပ်ကို ပယ်ဖျက်ရမည်။

(ဃ) ပုဒ်မခွဲ (၇)တွင်ပါရှိသော "သို့ရာတွင် တဆယ့်ငါးယောက်ထက်မများသော အလုပ်သမားများကို ခိုင်းစေသည့် အလုပ်ရုံဖြစ်လျှင်၊ အလုပ်ကို ပြန်လည်လုပ်သည့်နေ့မှ ခုနစ်ရက်အတွင်း ယင်းသို့ ပြန်လည်လုပ်ကြောင်း နို့တစ်စာကို အင်စပက်တော်ချုပ်ထံ ပေးပို့ရမည်" ဆိုသည့် စကားရပ်ကို ပယ်ဖျက်ရမည်။

၉။ ၁၉၅၁ ခုနှစ်၊ အလုပ်ရုံများအက်ဥပဒေ-

(က) ပုဒ်မ ၁၁၊ ပုဒ်မခွဲ(က)၊ ပုဒ်မ ၉၃၊ ပုဒ်မခွဲ (၃) နှင့် ပုဒ်မ ၁၀၂ တို့တွင် ပါရှိသော "အစိုးရ" ဆိုသည့်စကားရပ်ကို "ပြည်ထောင်စုအစိုးရ" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ခ) ပုဒ်မ ၁၁၊ ပုဒ်မခွဲ (က) တွင်ပါရှိသော "ဒေသန္တရ၊ သို့တည်းမဟုတ် အခြားပြည်သူ့အာဏာပိုင်" ဆိုသည့်စကားရပ်နှင့် ပုဒ်မ ၉၃၊ ပုဒ်မခွဲ (၃)၊ ပုဒ်မ ၁၀၂ တို့တွင်ပါရှိသော "အခြားဒေသန္တရ အာဏာပိုင်" ဆိုသည့် စကားရပ်တို့ကို "သက်ဆိုင်ရာ တိုင်းဒေသကြီး အစိုးရ၊ ပြည်နယ်အစိုးရ၊ နေပြည်တော်ကောင်စီ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ ဦးစီးအဖွဲ့" ဆိုသည့် စကားရပ်တို့ဖြင့် အစားထိုးရမည်။

၁၀။ ၁၉၅၁ ခုနှစ်၊ အလုပ်ရုံများအက်ဥပဒေပုဒ်မ ၁၂၊ ပုဒ်မခွဲ (၁) ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(၁) ကျန်းမာရေးဝန်ကြီးဌာနက ခန့်အပ်ထားသည့် မှတ်ပုံတင်ဆရာဝန်များနှင့် အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန၊ လူမှုဖူလုံရေးအဖွဲ့၌ တာဝန်ထမ်းဆောင်နေသော ဆရာဝန်များကို ဤအက်ဥပဒေကိစ္စအလို့ငှာ အလုပ်လုပ်ရန် သင့်လျော်ကြောင်း ထောက်ခံချက်လက်မှတ် ထုတ်ပေးသည့် ဆရာဝန်များအဖြစ် မှတ်ယူရမည်။"

၁၁။ ၁၉၅၁ ခုနှစ်၊ အလုပ်ရုံများအက်ဥပဒေ ပုဒ်မ ၁၃၊ ပုဒ်မခွဲ (၁)၊ ပုဒ်မခွဲငယ် (င)၊ ပုဒ်မ ၁၅၊ ပုဒ်မခွဲ(၂) နှင့် ပုဒ်မခွဲ(၃)၊ ပုဒ်မ ၁၉၊ ပုဒ်မခွဲ (၄)၊ ပုဒ်မ ၂၀၊ ပုဒ်မခွဲ(၄)၊ ပုဒ်မ ၂၁၊ ပုဒ်မခွဲ(၃)၊ ပုဒ်မ ၂၂၊ ပုဒ်မခွဲ(၂)၊ ပုဒ်မ ၄၀၊ ပုဒ်မခွဲ (၇)၊ ပုဒ်မ ၄၄၊ ပုဒ်မခွဲ (၂)၊ ပုဒ်မ ၄၅၊ ပုဒ်မ ၄၈၊ ပုဒ်မခွဲ (၁)၊ ပုဒ်မ ၄၉၊ ပုဒ်မခွဲ (၃)၊ ပုဒ်မ ၆၇၊ ပုဒ်မခွဲ (၈)၊ ပုဒ်မ ၆၈၊ ပုဒ်မခွဲ (၂)၊ ပုဒ်မ ၇၃၊ ပုဒ်မခွဲ(၃) နှင့် ပုဒ်မ ၈၁၊ ပုဒ်မခွဲ(၂) တို့တွင်ပါရှိသော "နိုင်ငံတော်သမ္မတ" ဆိုသည့် စကားရပ်ကို "အလုပ်ရုံနှင့် အလုပ်သမား ဥပဒေစစ်ဆေးရေး ဦးစီးဌာန" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၁၂။ ၁၉၅၁ ခုနှစ်၊ အလုပ်ရုံများအက်ဥပဒေ-

(က) ပုဒ်မ ၁၃၊ ပုဒ်မခွဲ (၁)၊ ပုဒ်မခွဲငယ် (င) တွင်ပါရှိသော "ပြဋ္ဌာန်းထားသည့်" ဆိုသည့် စကားရပ်ကို "သတ်မှတ်ထားသည့်" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ခ) ပုဒ်မ ၁၅၊ ပုဒ်မခွဲ (၃)၊ ပုဒ်မ ၂၀၊ ပုဒ်မခွဲ (၄)၊ ပုဒ်မ ၆၈၊ ပုဒ်မခွဲ (၂)၊ ပုဒ်မ ၇၃၊ ပုဒ်မခွဲ (၃) နှင့် ပုဒ်မ ၈၁၊ ပုဒ်မခွဲ (၂) တို့တွင်ပါရှိသော "ပြဋ္ဌာန်းနိုင်သည်" ဆိုသည့် စကားရပ်ကို"သတ်မှတ်နိုင်သည်" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ဂ) ပုဒ်မ ၁၈၊ ပုဒ်မခွဲ (၄) တွင်ပါရှိသော "ပြဋ္ဌာန်းနိုင်သည်" ဆိုသည့် စကားရပ်ကို "အမိန့်နှင့် ညွှန်ကြားချက်များ ထုတ်ပြန်နိုင်သည်" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ဃ) ပုဒ်မ ၂၁၊ ပုဒ်မခွဲ (၃) တွင်ပါရှိသော "ပြဋ္ဌာန်းနိုင်သည်" ဆိုသည့် စကားရပ်ကို "ညွှန်ကြားချက်များ ထုတ်ပြန်နိုင်သည်" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ "ပြဋ္ဌာန်းနိုင်သည့်အပြင်"ဆိုသည့် စကားရပ်ကို "ညွှန်ကြားချက်များ ထုတ်ပြန်နိုင်သည့်အပြင်" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အစားထိုးရမည်။

(င) ပုဒ်မ ၂၂၊ ပုဒ်မခွဲ (၂) တွင်ပါရှိသော "နည်းဥပဒေများပြုနိုင်သည်" ဆိုသည့် စကားရပ်တို့ကို "ညွှန်ကြားချက်များ ထုတ်ပြန်နိုင်သည်" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(စ) ပုဒ်မ ၂၅၊ ပုဒ်မခွဲ (၂) တွင်ပါရှိသော "ပြဋ္ဌာန်းသည့်" ဆိုသည့် စကားရပ်ကို "သတ်မှတ်သည့်" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ဆ) ပုဒ်မ ၄၉၊ ပုဒ်မခွဲ (၃)၊ ပုဒ်မခွဲငယ် (က) တွင်ပါရှိသော "ပြဋ္ဌာန်းနိုင်သည်" ဆိုသည့် စကားရပ်ကို "ညွှန်ကြားချက်များထုတ်ပြန်နိုင်သည်" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

(ဇ) ပုဒ်မ ၆၇၊ ပုဒ်မခွဲ (၈) တွင်ပါရှိသော "ပြဋ္ဌာန်းနိုင်သည်" ဆိုသည့် စကားရပ်ကို "ထုတ်ပြန်နိုင်သည်" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၁၃။ ၁၉၅၁ ခုနှစ်၊ အလုပ်ရုံများအက်ဥပဒေ ပုဒ်မ ၁၄-

(က) ပုဒ်မခွဲ (၁) တွင်ပါရှိသော "ပြုလုပ်မှုလုပ်ငန်းစဉ်အရ၊ စွန့်ပစ်သည့်ပစ္စည်းများနှင့် ယိုစီးသည့် အရာများကို၊ သုတ်သင်ရှင်းလင်းရန်အတွက်၊ ထိရောက်သော အစီအစဉ်များပြုရမည်" ဆိုသည့် စကားရပ်ကို "ပြုလုပ်မှုလုပ်ငန်းစဉ်အရ စွန့်ပစ်သည့်ပစ္စည်းများ၊ ယိုစီးသည့် အရာများနှင့် အခိုးအငွေ့များ၊ အမှုန်အမွှားများ၊ အနံ့အသက်များကို ရှင်းလင်းသန့်စင်ရာတွင် သဘာဝပတ်ဝန်းကျင် ထိခိုက်မှုမရှိစေရန် စီမံဆောင်ရွက်ထားရမည်" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ခ) ပုဒ်မခွဲ (၂) တွင်ပါရှိသော "သတ်မှတ်သည့် အာဏာပိုင်သဘောတူညီချက်ကို ရရှိရမည်ဟု" ဆိုသည့်စကားရပ်ကို "သက်ဆိုင်ရာဌာနများ၏ သဘောတူညီချက်ရယူရမည်ဟု" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၁၄။ ၁၉၅၁ ခုနှစ်၊ အလုပ်ရုံများအက်ဥပဒေ ပုဒ်မ ၁၅၊ ပုဒ်မခွဲ (၂) တွင်ပါရှိသော "ပြဒါးတိုင်တခု" ဆိုသည့်စကားရပ်ကို "အပူချိန်တိုင်းကိရိယာနှင့်အခြားလိုအပ်သည့်ကိရိယာများ" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၁၅။ ၁၉၅၁ ခုနှစ်၊ အလုပ်ရုံများအက်ဥပဒေ ပုဒ်မ ၁၆၊ ပုဒ်မခွဲ (၂) တွင်ပါရှိသော "အင်တာနယ် ကွန်ဘတ်ရှင်း" ဆိုသည့် စကားရပ်နှင့် ပုဒ်မ၂၀၊ ပုဒ်မခွဲ (၄) တွင်ပါရှိသော

**စာမျက်နှာ ၁၆ သို့**

# ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေပြဋ္ဌာန်း

**ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေကို**
**ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေ**
**(၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၃။)**
**၁၃၇၇ ခုနှစ်၊ ပြာသိုလဆန်း ၁၁ ရက်**
**(၂၀၁၆ ခုနှစ် ၊ ဇန်နဝါရီလ ၂၀ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေ ဟုခေါ်တွင်စေရမည်။

၂။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေ ပုဒ်မ ၉ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၉။ (က) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၏ ရာထူးသက်တမ်းသည် သာမန်အားဖြင့် နိုင်ငံတော်သမ္မတ၏ ရာထူးသက်တမ်းအတိုင်းဖြစ်သည်။ ယင်း၏ သက်တမ်းသည် နှစ်ကြိမ်ထက်မပိုစေရ။

(ခ) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးသည် သက်တမ်းသစ်အတွက် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးအသစ်များ ခန့်အပ်တာဝန်ပေးပြီးသည့်အချိန်အထိ တာဝန်ထမ်းဆောင်ရမည်ဖြစ်ပြီး လုပ်ငန်းတာဝန်များကို စနစ်တကျ လွှဲပြောင်းရမည်။"

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

**(ပုံ) သိန်းစိန်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

---

**စာမျက်နှာ ၁၅ မှ**

"ပြည်သူ့ကျန်းမာရေးအာဏာပိုင်များက စစ်ဆေးရန် နည်းလမ်းများကိုရင်း" ဆိုသည့် စကားရပ်တို့ကို ပယ်ဖျက်ရမည်။

၁၆။ ၁၉၅၁ ခုနှစ်၊ အလုပ်ရုံများအက်ဥပဒေ ပုဒ်မ ၂၂၊ ပုဒ်မခွဲ (၁)၊ ပုဒ်မခွဲ (၂)နှင့် ပုဒ်မခွဲ (၃) တို့တွင်ပါရှိသော "ထွေးခံ"ဆိုသည့်စကားရပ်ကို "တံတွေးထွေးရန်ခွက်နှင့်အမှိုက်ပုံး" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၁၇။ ၁၉၅၁ ခုနှစ်၊ အလုပ်ရုံများအက်ဥပဒေ ပုဒ်မ ၃၆၊ ပုဒ်မခွဲ (၂) ၏ နောက်တွင် ပုဒ်မခွဲ (၃) နှင့် ပုဒ်မခွဲ (၄) တို့အဖြစ် အောက်ပါအတိုင်းဖြည့်စွက်ရမည်-

"(၃) အမျိုးသမီးအလုပ်သမားများအား မိန်းမသဘာဝ ဓမ္မတာလာစဉ်အချိန်မျိုးတွင် လုပ်ငန်းခွင်၌ ကျန်းမာရေးအရ လုပ်ကိုင်နိုင်စွမ်းမရှိကြောင်း မှတ်ပုံတင်ဆရာဝန်၏ ဆေးထောက်ခံချက်နှင့်တကွ တင်ပြလာပါက လုပ်ငန်းပိုင်ရှင်က သတ်မှတ်ချက်များနှင့် အညီ စီစဉ်ဆောင်ရွက်ပေးရမည်။

(၄) ကိုယ်ဝန်ဆောင်အမျိုးသမီး အလုပ်သမားများအား ညအချိန်တွင် စေခိုင်းခြင်းမပြုရ။ ထို့ပြင် မူလလုပ်ခလစာနှင့် ခံစားခွင့်များကို မထိခိုက်စေဘဲ ပေါ့ပါးသော တာဝန်များကိုသာ စေခိုင်းရမည်။"

၁၈။ ၁၉၅၁ခုနှစ်၊ အလုပ်ရုံများအက်ဥပဒေ ပုဒ်မ ၃၇တွင်ပါရှိသော "နိုင်ငံတော်သမ္မတက နည်းဥပဒေများဖြင့် ပြဋ္ဌာန်းနိုင်သည်"ဆိုသည့်စကားရပ်ကို "အလုပ်ရုံနှင့်အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်က အမိန့်နှင့်ညွှန်ကြားချက်များ ထုတ်ပြန်နိုင်သည်" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၁၉။ ၁၉၅၁ ခုနှစ်၊ အလုပ်ရုံများအက်ဥပဒေ ပုဒ်မ ၃၇ ၏ နောက်တွင် ပုဒ်မ ၃၇-က အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"၃၇-က။ လုပ်ငန်းပိုင်ရှင်သည် အလုပ်ရုံတွင် ပြုလုပ်မှုလုပ်ငန်းစဉ်အရ ပြုလုပ်ရာမှထွက်ရှိသော ဆူညံသံပမာဏကြောင့် အလုပ်သမားများ၏ အကြားအာရုံနှင့် ကျန်းမာရေးကို ထိခိုက်မှုမဖြစ်စေရန်နှင့် မတော်တဆ ထိခိုက်မှုမဖြစ်စေရန် သတ်မှတ်ချက်များနှင့်အညီ စီမံထားရမည်။"

၂၀။ ၁၉၅၁ ခုနှစ်၊ အလုပ်ရုံများအက်ဥပဒေ ပုဒ်မ ၃၈၊ ပုဒ်မခွဲ (၆)ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(၆) အလုပ်ရုံနှင့်အလုပ်သမားဥပဒေ စစ်ဆေးရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်သည် ပုဒ်မခွဲ (၁) တွင် ရည်ညွှန်းထားသည့် ကယ်ပေါက်များအတွက် အနည်းဆုံး အကျယ်အဝန်း သတ်မှတ်ချက်ကို အမိန့်နှင့်ညွှန်ကြားချက်များ ထုတ်ပြန်နိုင်သည့်အပြင် မိမိသင့်တော်သည်ဟုထင်မြင်သော စည်းကမ်းချက်များထား၍ အလုပ်ရုံတစ်ခုခုကိုဖြစ်စေ၊ အလုပ်ရုံ အမျိုးအစားတစ်ခုခုကိုဖြစ်စေ ဤပုဒ်မပါ ပြဋ္ဌာန်းချက်အတိုင်း လိုက်နာဆောင်ရွက်ရခြင်းမှ ကင်းလွတ်ခွင့်ပြုနိုင်သည်။"

၂၁။ ၁၉၅၁ ခုနှစ်၊ အလုပ်ရုံအက်ဥပဒေ ပုဒ်မ ၄၀၊ ပုဒ်မခွဲ(၇)၊ ပုဒ်မ ၄၄၊ ပုဒ်မခွဲ (၂)၊ ပုဒ်မ ၄၅၊ ပုဒ်မ ၄၈၊ ပုဒ်မခွဲ (၁) တို့တွင်ပါရှိသော "ပြဋ္ဌာန်းသည့် နည်းဥပဒေများ ပြုနိုင်သည်" ဆိုသည့်စကားရပ်ကို "ညွှန်ကြားချက်များ ထုတ်ပြန်နိုင်သည်" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၂၂။ ၁၉၅၁ ခုနှစ်၊ အလုပ်ရုံများအက်ဥပဒေ ပုဒ်မ ၄၃ ၏ နောက်တွင် ပုဒ်မ ၄၃-က အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"၄၃-က။ အလုပ်ရုံများတွင် လုပ်ငန်းခွင် မတော်တဆထိခိုက်မှုများနှင့် လုပ်ငန်းခွင်ဆိုင်ရာ ရောဂါရရှိမှုများကို လျော့နည်းပပျောက်စေရန်အလို့ငှာ လုပ်ငန်းပိုင်ရှင်သည် လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးတာဝန်ခံ၊ ကြီးကြပ်သူများနှင့် အလုပ်သမားများအား အလုပ်သမား၊ အလုပ်အကိုင်နှင့်လူမှုဖူလုံရေးဝန်ကြီးဌာနက အသိအမှတ်ပြုထားသည့် လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေး သင်တန်းများကို လိုအပ်သလို တက်ရောက်စေရမည်။"

၂၃။ ၁၉၅၁ ခုနှစ်၊ အလုပ်ရုံများအက်ဥပဒေ ပုဒ်မ ၄၇၊ ပုဒ်မခွဲ(၃) တွင်ပါရှိသော "သူနာပြုခန်း၊ သို့တည်းမဟုတ် ဆေးပေးရုံ" ဆိုသည့် စကားရပ်ကို "ဆေးခန်း"ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၂၄။ ၁၉၅၁ ခုနှစ်၊ အလုပ်ရုံများအက်ဥပဒေ ပုဒ်မ ၄၉ ဘေးခေါင်းစဉ်နှင့် ပုဒ်မ ၄၉ တို့တွင်ပါရှိသော "အလုပ်နားရုံများ၊ သို့တည်းမဟုတ် အလုပ်နားခန်းများ" ဆိုသည့်စကားရပ်ကို "နားနေခန်းများ" ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ "အစာစားခန်း" ဆိုသည့်စကားရပ်ကို "စားသောက်ခန်း" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အသီးသီးအစားထိုးရမည်။

၂၅။ ၁၉၅၁ ခုနှစ်၊ အလုပ်ရုံများအက်ဥပဒေ ပုဒ်မ ၅၀၊ ပုဒ်မခွဲ (၁) ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(၁) မိခင်အလုပ်သမား ၁၀၀ ဦးနှင့်အထက်ရှိသော အလုပ်ရုံတွင် လုပ်ငန်းပိုင်ရှင်သည် ထိုမိခင် အလုပ်သမားများ၏ ငါးနှစ်အောက်ကလေးများအတွက် ကလေးထိန်းဌာနကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ အကူအညီ ရယူဆောင်ရွက်ရမည်။ မိခင်အလုပ်သမား ၁၀၀ ဦး မပြည့်သည့် အလုပ်ရုံတွင် ယင်းတို့၏ ငါးနှစ်အောက် ကလေးများအတွက် လုပ်ငန်းပိုင်ရှင်က ကလေးထိန်းခန်းကို သင့်တော်သလို စီမံထားရှိရမည်။"

၂၆။ ၁၉၅၁ ခုနှစ်၊ အလုပ်ရုံများအက်ဥပဒေ ပုဒ်မ ၅၈၊ ပုဒ်မခွဲ (၁) တွင်ပါရှိသော "လူပေါင်း တရာအောက်မနည်းခိုင်းစေသော" ဆိုသည့်စကားရပ်ကို "လူနှစ်ဆယ်အောက်မနည်း အလုပ်လုပ်နေသော" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၂၇။ ၁၉၅၁ ခုနှစ်၊ အလုပ်ရုံများအက်ဥပဒေ ပုဒ်မ ၆၀၊ ပုဒ်မခွဲ (၁)၊ ပုဒ်မခွဲငယ် (ခ)၊ ပုဒ်မခွဲငယ်စိတ် (ကက) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(ကက) ရက်သတ္တပတ် အလုပ်ပိတ်ရက်များ၌ လုပ်ငန်းလိုအပ်ချက်အရ အလုပ်လုပ်စေရန် လိုအပ်ပါက အလုပ်သမား၏ သဘောတူညီချက်ဖြင့် လုပ်ငန်းပိုင်ရှင် သို့မဟုတ် မန်နေဂျာသည် အလုပ်ရုံနှင့် အလုပ်သမား ဥပဒေစစ်ဆေးရေး ဦးစီးဌာန သို့မဟုတ် ယင်းဦးစီးဌာနက လွှဲအပ်ထားသည့် စစ်ဆေးရေးအရာရှိထံသို့ သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အညီ အနည်းဆုံး သုံးရက် ကြိုတင်၍ တင်ပြပြီး ခွင့်ပြုချက်ရရှိမှသာ လုပ်ကိုင်စေရမည်။ ထို့ပြင်"

၂၈။ ၁၉၅၁ ခုနှစ်၊ အလုပ်ရုံများအက်ဥပဒေ ပုဒ်မ ၇၀၊ ပုဒ်မခွဲ (၁) တွင်ပါရှိသော "ပုဒ်မ ၇၂၊ ပုဒ်မခွဲ (၁)၊ အပိုဒ် (ခ) ပါ ပြဋ္ဌာန်းချက်များနှင့်၊ ထိုပုဒ်မခွဲရှိ ခြွင်းချက်မှလွဲ၍၊" ဆိုသည့် စကားရပ်ကို ပယ်ဖျက်ရမည်။

၂၉။ ၁၉၅၁ ခုနှစ်၊ အလုပ်ရုံများအက်ဥပဒေ ပုဒ်မ ၇၃၊ ပုဒ်မခွဲ (၃) ၏ နောက်တွင် ပုဒ်မခွဲ (၄) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"(၄) တရားရုံးသည် ပုဒ်မ ၅၉ နှင့် ၆၂ တို့အရ အလုပ်သမားအားပေးရန် ပျက်ကွက်ခဲ့သည့် ပုဒ်မခွဲ (၁) ပြဋ္ဌာန်းချက်ပါ အချိန်ပိုလုပ်ခကို ပေးထိုက်သည့်အကြောင်း ပေါ်ပေါက်ပါက ရထိုက်သော အချိန်ပိုလုပ်ခကိုပေးရန် တာဝန်ရှိသူက ထိုအလုပ်သမားအား ထုတ်ပေးရန် အမိန့်ချမှတ်ရမည်။"

၃၀။ ၁၉၅၁ ခုနှစ်၊ အလုပ်ရုံများအက်ဥပဒေ ပုဒ်မ ၇၅ တွင်ပါရှိသော "အသက်တဆယ့်သုံးနှစ် မပြည့်သေးသည့်" ဆိုသည့်စကားရပ်ကို "အသက်တစ်ဆယ့်လေးနှစ် မပြည့်သေးသည့်" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၃၁။ ၁၉၅၁ ခုနှစ်၊ အလုပ်ရုံများအက်ဥပဒေ ပုဒ်မ ၇၅ ၏နောက်တွင် ပုဒ်မ ၇၅-က အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"၇၅-က။ မည်သည့်လူငယ်ကိုမျှ ဘေးအန္တရာယ်ရှိစေသော၊ ကျန်းမာရေးထိခိုက်စေသော၊ ပညာသင်ကြားနိုင်သည့်အခွင့်အရေးကို အနှောင့်အယှက်ဖြစ်စေသော၊ စာရိတ္တနှင့်ဂုဏ်သိက္ခာကို ထိခိုက်စေသော နည်းလမ်းများဖြင့် အလုပ်ခိုင်းစေခြင်း မပြုရ။"

၃၂။ ၁၉၅၁ ခုနှစ်၊ အလုပ်ရုံများအက်ဥပဒေ ပုဒ်မ ၇၆တွင်ပါရှိသော "အသက်ဆယ့်သုံးနှစ်ပြည့်ပြီး" ဆိုသည့်စကားရပ်ကို "အသက်တစ်ဆယ့်လေးနှစ်ပြည့်ပြီး" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၃၃။ ၁၉၅၁ ခုနှစ်၊ အလုပ်ရုံများအက်ဥပဒေ ပုဒ်မ ၇၇၊ ပုဒ်မခွဲ (၂)၊ ပုဒ်မခွဲငယ် (က) တွင်ပါရှိသော "အသက်ဆယ့်သုံးနှစ်ပြည့်ပြီး" ဆိုသည့်စကားရပ်ကို "အသက်တစ်ဆယ့်လေးနှစ်ပြည့်ပြီး" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ ပုဒ်မခွဲငယ်(ခ) တွင်ပါရှိသော "အသက်ဆယ့်ငါးနှစ်ပြည့်ပြီး" ဆိုသည့် စကားရပ်ကို "အသက်တစ်ဆယ့်ခြောက်နှစ်ပြည့်ပြီး" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အသီးသီး အစားထိုးရမည်။

၃၄။ ၁၉၅၁ ခုနှစ်၊ အလုပ်ရုံများအက်ဥပဒေ ပုဒ်မ ၇၈၊ ပုဒ်မခွဲ (၂) ၏နောက်တွင် ပုဒ်မခွဲ (၃) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"(၃) အလုပ်လုပ်ရန် သင့်လျော်ကြောင်း မှတ်ပုံတင်ဆရာဝန် ထောက်ခံချက်လက်မှတ်မရရှိသော မည်သည့်လူရွယ်ကိုမျှ အလုပ်ရုံ၌ ညနေ ခြောက်နာရီမှ နံနက်ခြောက်နာရီအချိန်အတွင်း မခိုင်းစေရ သို့မဟုတ် အလုပ်လုပ်ခွင့်မပြုရ။"

၃၅။ ၁၉၅၁ ခုနှစ်၊ အလုပ်ရုံများအက်ဥပဒေ ပုဒ်မ ၉၂ တွင်ပါရှိသော "တရားရုံးက ထင်မြင်လျှင်" ဆိုသည့်စကားရပ်ကို "တရားရုံး၏ ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင်" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၃၆။ ၁၉၅၁ ခုနှစ်၊ အလုပ်ရုံများအက်ဥပဒေ ပုဒ်မ ၉၇၊ ပုဒ်မခွဲ (၂) တွင်ပါရှိသော "ပဉ္စမတန်း ရာဇဝတ်တရားသူကြီးအောက်ငယ်သည့် မည်သည့်တရားရုံးကမျှ စစ်ဆေးခြင်းမပြုရ" ဆိုသည့် စကားရပ်ကို "စီရင်ပိုင်ခွင့်အာဏာရှိသော တရားရုံးက စစ်ဆေးစီရင်ရမည်"ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၃၇။ ၁၉၅၁ ခုနှစ်၊ အလုပ်ရုံများအက်ဥပဒေ-

(က) ပုဒ်မ ၂၂၊ ပုဒ်မခွဲ (၄) တွင်ပါရှိသော "ငါးကျပ်" ဆိုသည့်စကားရပ်ကို "ကျပ်တစ်ထောင်" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

(ခ) ပုဒ်မ ၂၈၊ ပုဒ်မခွဲ (၂) နှင့် ပုဒ်မ ၅၆၊ ပုဒ်မခွဲ (၆) တို့တွင်ပါရှိသော "ငါးရာထက်မပိုသော ငွေဒဏ်" ဆိုသည့်စကားရပ်ကို "ကျပ်ငါးသိန်းအောက်မနည်းသောငွေဒဏ်" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ဂ) ပုဒ်မ ၅၄၊ ပုဒ်မခွဲ (၄) တွင်ပါရှိသော "ငွေငါးဆယ်" ဆိုသည့် စကားရပ်ကို "ကျပ်တစ်သိန်း" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

(ဃ) ပုဒ်မ ၈၅ တွင်ပါရှိသော "ငါးရာထက်မပိုသော ငွေဒဏ်ဖြစ်စေ" ဆိုသည့်စကားရပ်ကို "ကျပ်သိန်းနှစ်ဆယ်အောက်မနည်းသော ငွေဒဏ်ဖြစ်စေ" ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ "ခုနစ်ဆယ့်ငါးကျပ်ထက်မပိုသောငွေဒဏ်" ဆိုသည့်စကားရပ်ကို "ကျပ်တစ်သိန်းထက် မပိုသောငွေဒဏ်" ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ ပုဒ်မ ၈၅၊ ခြွင်းချက် (၁) တွင် ပါရှိသော "ကျပ်ငါးရာတိတိငွေဒဏ်ကိုဖြစ်စေ" ဆိုသည့်စကားရပ်ကို "ကျပ်သိန်းနှစ်ဆယ်အောက်မနည်းသော ငွေဒဏ်ကိုဖြစ်စေ" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အသီးသီး အစားထိုးရမည်။

(င) ပုဒ်မ ၈၆ တွင်ပါရှိသော "အနည်းဆုံးနှစ်ရာမှ အများဆုံးတထောင်ထက်မပိုသော ငွေဒဏ်ဖြစ်စေ" ဆိုသည့်စကားရပ်ကို "အနည်းဆုံး ကျပ်သိန်းသုံးဆယ်မှ အများဆုံးကျပ်သိန်း ငါးဆယ်ထက်မပိုသော ငွေဒဏ်ဖြစ်စေ"ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

(စ) ပုဒ်မ ၈၇၊ ပုဒ်မခွဲ (၁) တွင်ပါရှိသော "နှစ်ဆယ်ထက်မပိုသော ငွေဒဏ်ဖြစ်စေ" ဆိုသည့် စကားရပ်ကို "ကျပ်တစ်သိန်းထက်မပိုသောငွေဒဏ်ဖြစ်စေ" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

(ဆ) ပုဒ်မ ၈၈ တွင်ပါရှိသော "ငါးရာထက်မပိုသော ငွေဒဏ်ဖြစ်စေ" ဆိုသည့်စကားရပ်ကို "ကျပ်သိန်းနှစ်ဆယ်ထက်မပိုသော ငွေဒဏ်ဖြစ်စေ"ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

(ဇ) ပုဒ်မ ၁၀၇၊ ပုဒ်မခွဲ (၃) တွင်ပါရှိသော "တထောင်ထက်မပိုသည့် ငွေဒဏ်" ဆိုသည့် စကားရပ်ကို "ကျပ်တစ်ဆယ်သိန်းထက်မပိုသည့်ငွေဒဏ်" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

(ဈ) ပုဒ်မ ၈၉၊ ပုဒ်မခွဲ (၂) တွင်ပါရှိသော "တနေ့လျှင် တရာထက်မပိုသောငွေဒဏ်" ဆိုသည့်စကားရပ်ကို "တစ်နေ့လျှင် ကျပ်တစ်သိန်းထက် မပိုသောငွေဒဏ်" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ည) ပုဒ်မ ၉၁ တွင်ပါရှိသော "နှစ်ဆယ်ထက်မပိုသောငွေဒဏ်" ဆိုသည့်စကားရပ်ကို "ကျပ်တစ်သိန်းထက်မပိုသော ငွေဒဏ်" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

(ဋ) ပုဒ်မ ၉၂ တွင်ပါရှိသော "နှစ်ဆယ်ထက်မပိုသောငွေဒဏ်"ဆိုသည့် စကားရပ်ကို "ကျပ်သုံးသောင်းထက်မပိုသော ငွေဒဏ်" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

**(ပုံ) သိန်းစိန်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

# နိုင်ငံရေးစာမျက်နှာသစ် ဗီယက်နမ်ဖွင့်လှစ်

*မျက်မှောက်ကမ္ဘာတွင်ဖြစ်ပေါ်နေသောနိုင်ငံရေး၊စီးပွားရေး၊လူမှုရေး၊စစ်ရေးစသည့်နိုင်ငံတကာအရေးကိစ္စများကိုမျက်ခြည်မပြတ်လေ့လာနေရန်လိုအပ်ပါသည်။ထိုသို့လေ့လာနေမှသာလျှင်နိုင်ငံတကာအခင်းအကျင်းများမှရယူသင့်သောသင်ခန်းစာများကိုထုတ်ယူနိုင်မည်ဖြစ်ပါသည်။ကြေးမုံစာဖတ်ပရိသတ်များအားတစ်ပတ်အတွင်းထူးခြားသောနိုင်ငံတကာဖြစ်စဉ်များကိုခြုံငုံသိရှိနိုင်စေရန်အတွက်အပတ်စဉ်တနင်္ဂနွေနေ့တိုင်းနိုင်ငံတကာသတင်းပုံရိပ်များကိုဖော်ပြအပ်ပါသည်။ (စာတည်း)*

**à ကိုရင်ဩ**

ဗီယက်နမ်နိုင်ငံ၏ ဦးသျှောင် ကွန်မြူနစ်ပါတီ၏ ကွန်ဂရက်အစည်းအဝေးကြီးကို ဇန်နဝါရီ ၂၁ ရက်တွင် ဖွင့်လှစ်လိုက်ပြီး လာမည့်ငါးနှစ်တာကာလအတွက် နိုင်ငံတော်ကို အုပ်စိုးမည့် ခေါင်းဆောင်ပိုင်းကို ရွေးချယ်နိုင်ရန် ကိုယ်စားလှယ် ၁၅၁၀ က တစ်ယောက်တစ်ပြန် ဆွေးနွေးလျက်ရှိကြသည်ဟု ကြားနိုင်လေ့လာသိရှိရပေရာ ဒေသဆိုင်ရာ နိုင်ငံရေးဒီပနီကို စိစစ်စူးစမ်းရန် အာရုံအမျှင်အလျဉ်မပြတ် ဖြစ်မိလေ၏။

ဗီယက်နမ်နိုင်ငံ၌ ကွန်မြူနစ်ပါတီသည်ကား ထီးထီးမားမား ရပ်တည်လျက်ရှိသည့် တစ်ခုတည်းသော ပါတီတည်း။

ရှစ်ရက်ကြာ ကျင်းပမည့် ပါတီညီလာခံ၌ ညီညာဖြဖြ ညှိနှိုင်းတိုင်ပင်ကြပြီး သကာလ သမ္မတ၊ ဝန်ကြီးချုပ်၊ ပြည်ထောင်စုလွှတ်တော်ဥက္ကဋ္ဌနှင့် ပါတီအထွေထွေအတွင်းရေးမှူးတို့ဖြစ်သည့် ထိပ်သီးရာထူးကြီးများကို ရွေးချယ်ကြလိမ့်မည်ဟု ကြားနိုင်သိရှိရ၏။

ကွန်မြူနစ်ပါတီ အထွေထွေအတွင်းရေးမှူးသည်ကား နိုင်ငံတော်နှင့် ပါတီကို ဦးဆောင်သည့် ပေါ်လစ်ဗျူရို(ဝါ) နိုင်ငံရေးဦးဆောင်အဖွဲ့၏ အဓိပတိဖြစ်သည်။ ပေါ်လစ်ဗျူရို၌ အဖွဲ့ဝင် ၁၆ ဦးပါဝင်သည်။

ဗီယက်နမ်နိုင်ငံ မြို့တော်ဟနွိုင်း၌ ကျင်းပလျက်ရှိသော ပါတီညီလာခံကြီးသည် နိုင်ငံ့ခေါင်းဆောင်ပိုင်းကို အသစ်ရွေးချယ်ရာတွင် တံခါးပိတ်အစည်းအဝေးများ ကျင်းပကာ ရွေးချယ်မည်ဟု သိရလေသည်။

၁၂ ကြိမ်မြောက် ပါတီညီလာခံမတိုင်မီ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီအစည်းအဝေးကို သုံးရက်ကြာကျင်းပခဲ့ပြီး ခေါင်းဆောင်ပိုင်းရာထူးများအတွက် အမည်စာရင်းတင်သွင်းနိုင်ရန် မဲပေးရွေးချယ်မှုများကို ပြုလုပ်ခဲ့သည်ဆို၏။

ဗီယက်နမ်နိုင်ငံ၏ ခေါင်းဆောင်ပိုင်းအတွက် အသင့်တော်ဆုံး ပုဂ္ဂိုလ်ကြီးများကို စုပေါင်းညီညာစွာ ရွေးချယ်ကြလိမ့်မည်ဟု ကြားနိုင်တွေးဆမိ၏။

ငါးနှစ်တစ်ကြိမ် ကျင်းပသည့် ပါတီညီလာခံသည် ပါတီ၏ ပဲ့ကိုင်ရှင်နေရာအတွက် မည်သူ့ကိုမဆို ရွေးချယ်စေကာမူ ဆိုရှယ်လစ်လမ်းကြောင်းအတိုင်း ၉၄ သန်းသော ပြည်သူတို့ ဆက်လက်လျှောက်လှမ်းနိုင်ဖို့ ပါတီ၏ ဦးဆောင်မှုအခန်းကဏ္ဍကို ခိုင်မြဲစေရန် ရည်သန်ပေလိမ့်မည်။

ပါတီအထွေထွေ အတွင်းရေးမှူးရာထူးနေရာအတွက် လက်ရှိပါတီအကြီးအကဲ ငုယင်ဖြူထရွန်နှင့် လက်ရှိဝန်ကြီးချုပ် ငုယင်တန်ဇွန်းတို့ ယှဉ်ပြိုင်ကြရလိမ့်မည်ဟု နိုင်ငံရေးအကဲခတ်များက ယူဆကြသည်။

ငုယင်ဖြူထရွန်သည်ကား အသက် ၇၁ နှစ်အရွယ်ရှိကာ ကွန်ဆာဗေးတစ် ရဲရဲတောက် နိုင်ငံရေးသမားတစ်ဦးဖြစ်ပြီးလျှင် ငုယင်တန်ဇွန်းသည်ကား အသက် ၆၆ နှစ်အရွယ်ရှိ အစိုးရအဖွဲ့ခေါင်းဆောင်တစ်ဦးဖြစ်သည်။ ငုယင်တန်ဇွန်းသည် ဝန်ကြီးချုပ်ရာထူး၌ သက်တမ်းနှစ်ဆက် တာဝန်ထမ်းရွက်လာခဲ့ပြီး နိုင်ငံတော်အတွက် ရည်မှန်းချက်မြင့်မြင့်မားမား ထားသူဖြစ်ကာ သူကိုယ်တိုင် စီးပွားရေးဘက်တော်သား၊ စီးပွားရေးပြုပြင်ပြောင်းလဲရေး ဝါဒီတစ်ဦးအဖြစ် ခံယူထားလေသည်။

ငုယင်တန်ဇွန်းသည် ခေတ်မီတိုးတက်သည့်အမြင်ရှိပြီး အမေရိကန်ပြည်ထောင်စုနှင့် ရင်းရင်းနှီးနှီးဆက်ဆံလိုသူဖြစ်သည်။ တောင်တရုတ်ပင်လယ် ပိုင်နက်နယ်မြေအငြင်းပွားမှု ရုတ်ရုတ်ရက်ရက်ဖြစ်စဉ်က တရုတ်ဆန့်ကျင်ရေးဘက်မှ အာဝဇ္ဇန်းရွှင်ရွှင် ပြောကြားရာမှ ပြည်တွင်း၌ လူထုထောက်ခံမှုရရှိသော နိုင်ငံရေးသမားပုံရိပ်ကို ထုတ်ဖော်ပြသနိုင်ခဲ့သူတည်း။

မစ္စတာထရွန်မှာမူ တရုတ်နိုင်ငံနှင့် မိတ်ဝတ်မပျက်စတမ်း ဆက်ဆံရေး ကောင်းမွန်လိုသူအဖြစ် ရှုမြင်ကြလေသည်။

အချိန်ကာလအရ ထူးခြားချက်တစ်ရပ်မှာ တရုတ်နှင့် ဗီယက်နမ်အကြား ဆက်ဆံရေးတင်းမာမှု တစ်ကျော့ပြန် ဖြစ်ပေါ်လာချိန်အတွင်း ဗီယက်နမ်ကွန်မြူနစ်ပါတီ၏ ညီလာခံကို ကျင်းပနေခြင်းဖြစ်သည်။

နှစ်နိုင်ငံစလုံးက သူပိုင်ကိုယ်ပိုင် အငြင်းပွားမှုနှင့် သက်ဆိုင်နေသည့် ပင်လယ်ပြင်တစ်နေရာရှိ တရုတ်ရေနံတူးစင်ကို ဖယ်ရှားပေးရန် ဗီယက်နမ်နိုင်ငံက ဇန်နဝါရီ ၁၉ ရက်တွင် တောင်းဆိုခဲ့လေသည်။

၂၀၁၄ ခုနှစ်က ပိုင်နက်အငြင်းပွားရေပြင်သို့ တရုတ်နိုင်ငံက အလားတူ ရေနံတူးစင်ကို ရွှေ့ပြောင်းခဲ့စဉ်က ဗီယက်နမ်တွင် တရုတ်ဆန့်ကျင်ရေး ဆန္ဒပြပွဲများဖြစ်ခဲ့ရလေသည်။

၂၀၀၆ ခုနှစ်မှစ၍ ဝန်ကြီးချုပ်တာဝန်ရယူထားသူ မစ္စတာဇွန်းသည် ဈေးကွက်ပြုပြင်ပြောင်းလဲရေးခြေလှမ်းများ တိုးမြှင့်လှမ်းရန် ပြည်သူလူထုကို ကတိကဝတ်ပြုထားသူဖြစ်ပြီး ဥပဒေနှင့်အညီ ပြည်သူလူထု၏ လွတ်လပ်ခွင့်များ ပိုမိုပေးလိုသူအဖြစ် ရန်ကြိုင်သင်း သတင်းမွှေးလျက်ရှိလေသည်။

သို့တစေ တန်ခိုးဩဇာကြီးထွားသော ပေါ်လစ်ဗျူရို၏ အားပေးထောက်ခံမှုကို ရယူထားသူ မစ္စတာထရွန်အနေဖြင့် ဝါရင့်နိုင်ငံရေးသမားကြီးအဖြစ် မားမားမတ်မတ် ဆက်လက် ရပ်တည်နိုင်ရေးအတွက် မစ္စတာဇွန်းနှင့် အားပြိုင်ရလိမ့်မည်ဟု ဟောင်ကောင်စီးတီးတက္ကသိုလ်မှ နိုင်ငံရေးသုတေသီ ပါမောက္ခဂျိုနသန်လန်ဒန်က ဟောကိန်းထုတ်လေသည်။

မစ္စတာဇွန်းအား အဟောအပြောကောင်းပြီး ပြုပြင်ပြောင်းလဲရေး ချန်ပီယံအဖြစ်လည်းကောင်း၊ တောင်တရုတ်ပင်လယ်အရေး ပြည်သူလူထုရတက်မအေးဖြစ်နေချိန်တွင် မျိုးချစ်စိတ်ဓာတ်ဖြင့် နိုင်ငံ့ဂုဏ်ဒြပ်ကို စွမ်းစွမ်းတမံ မြှင့်တင်လိုသော ပုဂ္ဂိုလ်အဖြစ်လည်းကောင်း ရှုမြင်ကြသူများကမူ ပါတီအကြီးအကဲရာထူးကို သူထိုက်တန်သည်ဟု ယူဆကြပေလိမ့်မည်။

မည်သို့ဆိုစေ ကွန်မြူနစ်ပါတီ၏ မျက်နှာစုံညီ ညီလာခံကြီးမှ ပေါ်ထွက်လာမည့် ရလဒ်သည် ဒေသဆိုင်ရာ ဘူမိ-နိုင်ငံရေးဖြစ်တည်မှုအပေါ် အကျိုးသက်ရောက်စေမည်ကား အမှန်ပေတည်း။

မစ္စတာဇွန်းသည်ကား ဗီယက်နမ်နှင့် အမေရိကန်တို့ ချစ်စကိုရှည်စေ၊ မုန်းစကိုတိုစေ ဖန်တီးနိုင်သည့် စွမ်းအားရှင်တစ်ဦးအဖြစ် ပြည်သူလူထုက ယုံကြည်စိတ်ပွားလျက်ရှိသော်လည်း အမေရိကန်နှင့် ဆက်ဆံရေး ရေချိန်မြှင့်တင်နိုင်ရေးမှာ ပါတီအတွင်း တစ်စိတ်တစ်ဝမ်းတည်းရှိမှုအပေါ် မှီတည်ပေလိမ့်မည်။

တစ်ဖက်တွင် တရုတ်နိုင်ငံ၏ အကျိုးစီးပွားဘက်မှ ချိန်ညှိလိုသော မူဝါဒများဘက်မှ ရည်တည်နေသူပုံရိပ်ကို မစ္စတာထရွန်က ဖော်ကျူးလျက်ရှိရာ ဒေါင်းတလူမောင်းတလူ ဝါရင့်နိုင်ငံရေးသမားကြီးကိုသာ ဆက်လက်ထောက်ခံလိုသူများက သူ၏နောက်တွင် ထက်ကြပ်မကွာ ရှိနေကြပေလိမ့်မည်။

### ဗီယက်နမ်စီးပွားရေး အားသစ်မွေးချိန်

ပစ္စက္ခကာလသည်ကား ဗီယက်နမ်နိုင်ငံ၏ စီးပွားရေးအားသစ်မွေးချိန်ဟု ကြားနိုင်လေ့လာသိရှိရ၏။

ဗီယက်နမ်နိုင်ငံ၏ စီးပွားရေးသည် ၂၀၁၅ ခုနှစ်တွင် ငါးနှစ်အတွင်း အမြင့်ဆုံးနှုန်းဖြင့် တိုးတက်လာခဲ့ပြီး နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများမှာလည်း စံချိန်သစ်တင်ခဲ့ပြန်သည်။

ပို့ကုန်အားကောင်းခြင်း၊ ပြည်တွင်းစားသုံးမှုမြင့်တက်ခြင်းတို့နှင့်အတူ မူလခန့်မှန်းခဲ့သည့် စီးပွားရေးတိုးတက်မှုနှုန်း ၆ ဒသမ ၂ ရာခိုင်နှုန်းကို ကျော်လွန်ကာ ၆ ဒသမ ၆၈ ရာခိုင်နှုန်းအထိ တိုးတက်ခဲ့သည်။

ဗီယက်နမ်လူမျိုးတို့မှာ မျိုးချစ်စိတ်ဓာတ်ရင့်သန်သူများအဖြစ် သမိုင်းတွင်ခဲ့သည်။ မွန်ဂိုတရုတ်တို့ကို တွန်းလှန်တိုက်ခိုက်နိုင်ခဲ့သလို ပြင်သစ်ကိုလိုနီဘဝမှ ရုန်းထွက်နိုင်ရန် တော်လှန်ရေးဆင်နွှဲခဲ့သည်။

ဒိန်ဘင်ဖူးတိုက်ပွဲမှာ ကမ္ဘာကျော်ကြားခဲ့ပြီး ၁၉၅၄ ခုနှစ်တွင် ပြင်သစ်စစ်တပ်လက်နက်ချအရှုံးပေးခဲ့ရကာ ဗီယက်နမ်မှ ထွက်ခွာသွားခဲ့ရသည်။

အရှေ့တောင်အာရှဒေသ၌ ကွန်မြူနစ်နှင့်အရင်းရှင်စနစ်နှစ်ခုတို့၏ စစ်ရေးပဋိပက္ခတွင် ဗီယက်နမ်နိုင်ငံမှာ မြေစာပင်ဖြစ်ခဲ့ရသည်။

၁၉၄၆ ခုနှစ်မှ ၁၉၅၄ ခုနှစ်အထိ ကြာမြင့်ခဲ့သော အင်ဒိုချိုင်းနား စစ်ပွဲအပြီး ဗီယက်နမ်မှာ နှစ်ပိုင်းကွဲသွားခဲ့သည်။ မြောက်ပိုင်းမှာ ကွန်မြူနစ်တို့၏ "ဒီမိုကရက်တစ် သမ္မတနိုင်ငံ" ဖြစ်သွားပြီး တောင်ပိုင်းမှာ "ဗီယက်နမ်နိုင်ငံ" ဖြစ်လာသည်။ ၁၉၆၅ ခုနှစ်တွင် ပြည်တွင်းစစ်မီး လောင်မြိုက်ခဲ့ရာတောင် ဗီယက်နမ်ဘက်မှ အမေရိကန်ပါဝင်ဦးဆောင်ကာ ကျူးကျော်တိုက်ခိုက်ခဲ့သည်။ ၁၉၇၅ ခုနှစ်တွင် ဆိုင်ဂုံကျဆုံးခဲ့ပြီးနောက် ၁၉၇၆ ခုနှစ် ဇူလိုင် ၂ ရက်တွင် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံအဖြစ် ပြန်လည်ပေါင်းစည်းနိုင်ခဲ့လေသည်။

၂၀၀၀ ပြည့်နှစ်နောက်ပိုင်း စီးပွားရေးတံခါးဖွင့်ဝါဒ စတင်ကျင့်သုံးလာခဲ့သည်။

ဒွိုင်းမွိုင်း (Doi Moi) ဟု ခေါ်တွင်သော ပြုပြင်ပြောင်းလဲရေး အစီအစဉ်များ အရှိန်အဟုန်ရလာခဲ့ပြီး စက်မှုလက်မှု၊ လယ်ယာလုပ်ငန်းနှင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ တစ်ဟုန်ထိုး တိုးတက်လာခဲ့သည်။

ဒီမိုကရေစီအရေး တက်ကြွလှုပ်ရှားသူ ဗီယက်နမ်များနှင့် အစိုးရတို့အကြား တစ်စတစ်စ ရင်ကြားစေ့နိုင်ရန် ကြိုးပမ်းခဲ့ကြပြီး တစ်ချိန်က ရန်သူတော်ကြီးဖြစ်ခဲ့သော အမေရိကန်နှင့် ပြန်လည်သင့်မြတ်အောင် ဦးတည်ကြိုးပမ်းလာသည်ကို တွေ့မြင်ရလေသည်။

ယခုအခါတွင်မူကား ဗီယက်နမ်ပြည်သူများက ခေါင်းဆောင်သစ်ကို ရွေးချယ်နေကြချိန်ဖြစ်သည်။ နိုင်ငံရေးစာမျက်နှာသစ် ဖွင့်လှစ်မည့် ခေါင်းဆောင်သစ် ဗီယက်နမ်တွင် ပေါ်ထွန်းလာတော့မည်ဟု ရှုမျှော်တွေးဆရပါသတည်း။ ။




မြို့တော်ဟနွိုင်း၌ ၁၂ ကြိမ်မြောက် ကွန်မြူနစ်ပါတီ ညီလာခံအထိမ်းအမှတ်အဖြစ် ပန်းဥယျာဉ်အဝိုင်းအတွင်း မွမ်းမံဆင်ယင်ထားစဉ်။ ဓာတ်ပုံ– WTOP

## မွေးနေ့ဆုတောင်း

ခင်ပွန်း ကိုနောင်ဇေယျာတင် (ခေါ်) ကိုနောင် (ခေါ်) နောင်နောင်၏ (24-1-2016)ရက်တွင်ကျရောက်သော မွေးနေ့ရက်မြတ်မှသည် မွေးနေ့ပေါင်းများစွာတိုင်အောင် ချမ်းမြေ့ပျော်ရွှင်စွာမိသားစုနှင့်အတူ လျှောက်လှမ်းနိုင်ပါစေကြောင်းဆုမွန်ကောင်းတောင်းလျက် - - -

ချစ်လှစွာသော ဇနီးဒေါ်လဲ့လဲ့လွင် နှင့်
သမီး - နေခြည်ဇေယျာတင်

## မြန်မာ့သစ်လုပ်ငန်း
### ပြည်တွင်းရောင်းဝယ်ရေးနှင့်သစ်စက်ဌာန
### ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့
### စက်မှုကုန်ကြမ်းသစ်လုံး/တိုင်များ
### အိတ်ဖွင့်လေလံကြော်ငြာအမှတ်-၀၃/၂၀၁၅-၂၀၁၆

၁။ မြန်မာ့သစ်လုပ်ငန်း၊ပြည်တွင်းရောင်းဝယ်ရေးနှင့်သစ်စက်ဌာနမှစက်မှုကုန်ကြမ်းသစ်လုံး/တိုင်များကို အောက်ဖော်ပြပါအတိုင်း အိတ်ဖွင့်လေလံစနစ်ဖြင့် ရောင်းချသွားမည်ဖြစ်ပါသည်။

(က) ရောင်းချမည့်ရက်နှင့်အချိန် - ၁၀-၂-၂၀၁၆ရက်(ဗုဒ္ဓဟူးနေ့) နံနက်၁၀နာရီ
(ခ) ရောင်းချမည့်အမျိုးအစားနှင့်တန် - ပုံစံ(၈)ကျွန်းတံခါးရွက် (၀. ၄၇၁၀)တန်
- ပုံစံ(၈)အုပ်စု(၁)တမလန်းတိုင်(၈၄.၀၅၄)တန်
- ပုံစံ(၈)အုပ်စု(၁)တမလန်းဒါးရှွေ (၂၁. ၂၉၃၆)တန်
- ပုံစံ(၈)အုပ်စု(၂)သစ်လုံး(၇၁. ၀၅၀)တန်
(ဂ) ရောင်းချမည့်နေရာ - မန်နေဂျာရုံး၊ ပြည်တွင်းရောင်း/စက်ဌာန၊ မြစ်ကြီးနားမြို့။

၂။ အိတ်ဖွင့်လေလံနှင့်ပတ်သက်သည့် အသေးစိတ်အချက်လက်များကို မြန်မာ့သစ်လုပ်ငန်း၊ ပြည်တွင်းရောင်း/စက်ဌာန(ရုံးချုပ်)နှင့် မြန်မာ့သစ်လုပ်ငန်း၏ Website ဖြစ်သော www.myanmar timber com.mm တွင်လည်း ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**အိတ်ဖွင့်လေလံရောင်းချရေးကော်မတီ**
**မြန်မာ့သစ်လုပ်ငန်း**
**ကချင်ပြည်နယ်**

## စက်မှုဝန်ကြီးဌာန
### အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း
### အမှတ်(၁၂)အကြီးစားစက်ရုံ(ထုံးဘို)
### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စက်မှုဝန်ကြီးဌာန၊ အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း၊ အမှတ်(၁၂)အကြီးစားစက်ရုံ၊ (ထုံးဘို)မှ ထုတ်လုပ်မှုလုပ်ငန်းများတွင် အသုံးပြုခြင်းမရှိတော့သည့် Piston (၂၅)မျိုးအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် လေလံတင်ရောင်းချလိုပါသည်။

| စဉ် | ပစ္စည်းအမျိုးအမည် | တင်ဒါအမှတ် |
|---|---|---|
| (က) | Lot(1)Piston(၂၅)မျိုး | HI-12/051 |

၂။ အထက်ဖော်ပြပါ ပစ္စည်းများအား လေလံတင်ရောင်းချမည် ဖြစ်ပါသည်။
၃။ တင်ဒါပုံစံထုတ်ယူရမည့်ရက် - ၂၅-၁-၂၀၁၆ ရက်မှ ၂-၂-၂၀၁၆ရက်၊ ၁၂း၀၀နာရီ
၄။ တင်ဒါပုံစံထုတ်ပေးမည့်နေရာ - အမှတ်(၁၂)အကြီးစားစက်ရုံ(ထုံးဘို)၊ စီမံကိန်းဌာန
၅။ တင်ဒါတင်သွင်းရမည့် နောက်ဆုံးရက်နှင့်အချိန် - ၂-၂-၂၀၁၆ရက်၊ ၁၂း၀၀နာရီ
၆။ တင်ဒါတင်သွင်းရမည့်နေရာ - အမှတ်(၁၂)၊ အကြီးစားစက်ရုံ(ထုံးဘို)၊ စီမံကိန်းဌာန
၇။ တင်ဒါဖွင့်လှစ်မည့် ရက်နှင့်အချိန် - ၂-၂-၂၀၁၆ ရက် (၁၃း၀၀)နာရီ
၈။ အသေးစိတ်သိရှိလိုပါက ၀၉-၂၅၃၉၄၄၇၅၈၊ ၀၉-၄၂၃၇၀၈၉၁၃၊ ၀၉-၂၅၀၃၀၇၈၀၇သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**လေလံတင်ရောင်းချရေးအဖွဲ့**
**အမှတ်(၁၂)အကြီးစားစက်ရုံ(ထုံးဘို)**
**ဖုန်း-၀၉-၂၅၃၉၄၄၇၅၈၊ ၀၉-၄၂၃၇၀၈၉၁၃၊ ၀၉-၂၅၀၃၀၇၈၀၇**
**စက်မှုဝန်ကြီးဌာန**

## (၃၆)နှစ်ပြည့်မင်္ဂလာနှစ်ပတ်လည် ဆုတောင်းလွှာ

ပါပါး **ဦးတင်အေး**(မင်္ဂလာသောင်းပုံနှိပ်တိုက်-ပဲခူး)နှင့် မာမား **ဒေါ်မြင့်မြင့်ဦး**တို့၏ ၂၄-၁-၂၀၁၆ ရက်တွင် ကျရောက်သော (၃၆)နှစ်ပြည့် မင်္ဂလာနှစ်ပတ်လည်မှသည် မင်္ဂလာသက်တမ်း စိန်ရတုတိုင်အောင် လောကီလောကုတ္တရာအကျိုး သယ်ပိုးဆောင်ရွက် လျှောက်လှမ်းနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**ချစ်လှစွာဖြင့်သားသမီးများ-**
**Dr. နေထွဋ်ကိုကို-မဟန်နီမောင်မောင်**
**Dr. ဗညားလတ်-Dr. ဇာခြည်တင်အေး**
**မြေး-မအိမ့်မြင့်မြတ်ချို(ခ)Almond**
**Dr. ဟိန်းသူညီညီ**
**မောင်နေဝန်းကျော်ကျော်**
**(4th year သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်)**

ဦးအောင်ဆန်းတင့် (မဟာဝိဇ္ဇာ) ကိုဇော်ရန်မြန်မာစာ ဦးစီးတည်ထောင်သော
SUPER A PLUS
သူငယ်တန်းမှတက္ကသိုလ်ဝင်တန်း အထိ စာသင်ဝိုင်း
(၂၀၁၆-၁၇)ပညာသင်နှစ်
၁၁၊ ၅လွှာ(ဘီ)၊ ကျောက်ရေတွင်းလမ်း၊ ကျောက်မြောင်း၊ တာမွေ။ မတ်လဆန်းဖွင့်မည်
ဖုန်း - ၀၉-၃၂၃၈၆၉၇၃၊ ၀၉-၂၅၀၆၆၅၅၈၇၊ ၀၉-၇၉၆၃၃၃၆၀၃

**ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန၏ ကြီးကြပ်ဦးဆောင်မှုဖြင့် အောက်ဖော်ပြပါ ဟိုတယ်ဧည့်ဝန်ဆောင်မှု သင်တန်းများအား ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းသင်တန်းဌာန (ရန်ကုန်)တွင် ဖွင့်လှစ်ပါမည်။**

| စဉ် | သင်တန်းအမျိုးအစား | အနည်းဆုံးပညာအရည်အချင်း |
|---|---|---|
| ၁။ | ခရီးသွားလုပ်ငန်းကျွမ်းကျင်မှုဆိုင်ရာ Travel Consultant နှင့် Tour Operator သင်တန်း(အဆင့် ၁) | - တက္ကသိုလ်ဒုတိယနှစ်၊ ဘွဲ့ရများ |
| ၂။ | ခရီးသွားလုပ်ငန်းကျွမ်းကျင်မှုဆိုင်ရာ Travel Agencies and Tour Operation သင်တန်း(အဆင့် ၂) (Senior Travel Consultant and Sales Services) | - ဟိုတယ်နှင့်ခရီးသွားသင်တန်းကျောင်းမှ ဖွင့်လှစ်သော Travel Consultant နှင့် Tour Operator သင်တန်း(အဆင့် ၁) အောင်မြင်ပြီးသူများ<br>- တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရပြီးသူဖြစ်၍ ခရီးသွား သင်တန်းကျောင်းများမှ လက်မှတ်တစ်ခုခုဖြင့် အောင်မြင်ပြီးသူများ (သို့) ခရီးသွားလုပ်ငန်း အတွေ့အကြုံရှိသူများ |
| ၃။ | ဧည့်ကြိုလုပ်ငန်းသင်တန်း(အဆင့် ၁) | - တက္ကသိုလ်ဒုတိယနှစ်၊ ဘွဲ့ရများ |
| ၄။ | အိပ်ခန်းဆောင်ထိန်းသိမ်းရေး သင်တန်း(အဆင့် ၁) | - တက္ကသိုလ်ဝင်တန်း |
| ၅။ | အစားအစာနှင့်အဖျော်ယမကာ ဧည့်ခံကျွေးမွေးရေးသင်တန်း(အဆင့် ၁) | - တက္ကသိုလ်ဝင်တန်း |
| ၆။ | အစားအစာနှင့်အဖျော်ယမကာ ထုတ်လုပ်ရေးသင်တန်း(အဆင့် ၁) | - တက္ကသိုလ်ဝင်တန်း |
| ၇။ | အရှေ့တိုင်းအစားအစာထုတ်လုပ်ရေး သင်တန်း(အဆင့် ၁) | - ဤသင်တန်းဌာနမှ အခြေခံ(အဆင့် ၁) အစားအစာထုတ်လုပ်ရေးသင်တန်း တက်ရောက်ပြီးသူ ဖြစ်ရမည်။ |
| ၈။ | ဟိုတယ်ဆိုင်ရာကြီးကြပ်ရေးသင်တန်း (အဆင့် ၂) (စီမံ/ဘဏ္ဍာ) | - စီးပွားရေးပညာဘွဲ့ရရှိပြီးသူ (သို့) ဘွဲ့တစ်ခုခုရပြီး စာရင်းကိုင်ပညာအခြေခံကျွမ်းကျင်သူ။ |
| ၉။ | ဟိုတယ်ဆိုင်ရာကြီးကြပ်ရေးသင်တန်း (အဆင့် ၂)(အခန်းဌာနကြီး) | - တက္ကသိုလ်ဘွဲ့တစ်ခုခုရရှိပြီး ဤသင်တန်းဌာနမှ သက်ဆိုင်ရာဌာန၏ အဆင့်(၁)သင်တန်းတစ်ခုအောင်မြင်ပြီးသူ (သို့)တစ်နှစ်လုပ်ငန်းအတွေ့အကြုံရှိသူဖြစ်ရပါမည်။ |
| ၁၀။ | ဟိုတယ်ဆိုင်ရာကြီးကြပ်ရေးသင်တန်း (အဆင့် ၂)(အစားအစာဌာနကြီး) | - တက္ကသိုလ်ဘွဲ့တစ်ခုခုရရှိပြီး ဤသင်တန်းဌာနမှ သက်ဆိုင်ရာဌာန၏ အဆင့်(၁)သင်တန်းတစ်ခုအောင်မြင်ပြီးသူ (သို့)တစ်နှစ်လုပ်ငန်းအတွေ့အကြုံရှိသူဖြစ်ရပါမည်။ |

**သင်တန်းကာလ**။ ။ ၈-၂-၂၀၁၆ရက် မှ ၁-၄-၂၀၁၆ရက်

**သင်တန်းဆိုင်ရာ အချက်အလက်ဆက်သွယ်စုံစမ်းရန်**

လျှောက်လွှာများကို ကန်တော်ကြီးဟိုတယ်ရှေ့ရှိ သင်တန်းဌာနတွင် ဝယ်ယူနိုင်ပြီး ဓာတ်ပုံ(၁)ပုံ၊ ပညာအရည်အချင်းမိတ္တူ၊ ကျန်းမာရေးထောက်ခံစာ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံစာ ပူးတွဲတင်ရမည်။

**ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းသင်တန်းဌာန**
**ကန်ရိပ်သာလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၃၉၄၈၃၆**

## ဓမ္မဝါဒဖော်ဆောင်ရေးအဖွဲ့၏ စတုတ္ထအကြိမ် ဖိတ်ခေါ်စာမူပြိုင်ပွဲ ဆုရရှိသူများစာရင်း

၁။ သကျဘုန်းမော် - ပထမဆု
၂။ အောင်ထိုက်(ရွှေဘို) - ပထမဆု
၃။ မောင်စောဝင်း(နို့သာကြိုင်) - ဒုတိယဆု
၄။ မောင်သုဆွေ(သပြေရှဲ) - တတိယဆု

**သီးသန့်ဆုများ**

၅။ သျှင်လိမ္မာ ၆။ မောင်ဆန်းသစ်(ဘိုကလေး) ၇။ မောင်သက္က(ရွှေဘူးမြေ) ၈။ ဦးငြိမ်းမောင်(မင်းစု-ကျောက်ဆည်) ၉။ ကျော်ဇင်ဝင်း ၁၀။ မင်းလှမြတ်ထွေး။

- ဆုရစာမူများကို စာအုပ်အဖြစ် ထုတ်ဝေပါမည်။
- ဆုချီးမြှင့်မည့်ရက်ကို ထပ်မံကြေညာပါမည်။

## အလက(၄)မရမ်းကုန်း (ယခင်လိုက်ကြည်ကျောင်း) သက်ကြီးအာစရိယပူဇော်ပွဲဖိတ်ကြားခြင်း

ဆဋ္ဌမအကြိမ်မြောက် သက်ကြီးအာစရိယပူဇော်ကန်တော့ပွဲ ကျင်းပမည်ဖြစ်ပါသဖြင့် သက်ကြီးဆရာကြီး၊ ဆရာမကြီးများနှင့် ကျောင်းသူ/ကျောင်းသားအဟောင်းအသစ်များအားလုံး ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

နေ့ရက် - ၃၁-၁-၂၀၁၆ ရက်(တနင်္ဂနွေနေ့)
အချိန် - နံနက်(၉း၀၀)နာရီ
နေရာ - အလက(၄)မရမ်းကုန်း

**ဆက်သွယ်ရန်ဖုန်း**

| | |
|---|---|
| ဦးတင်စိုး ၀၉-၂၅၀၆၀၂၂၄၉ | ဦးလွင်ဦး ၀၉-၅၁၁၇၆၄၉ |
| ဒေါ်ခင်လှမြင့် ၀၉-၃၁၈၆၇၂၅၂ | ဦးလှကြိုင် ၀၉-၆၆၇၇၀၃ |
| ဒေါ်သန်းသန်းထွေး ၀၉-၄၃၁၄၄၆၃၈ | မောင်ဇေယျာထွဋ်၀၉-၂၅၀၂၇၅၆၁၃ |
| ဒေါ်မြင့်မြင့်အေး ၀၉-၂၅၄၃၅၅၃၁၀ | မောင်ဇော်ဝင်းထွဋ်၀၉-၅၀၇၈၇၁၈ |

## ပို့ဆောင်ရေးဝန်ကြီးဌာန
### ပြည်တွင်းရေကြောင်းပို့ဆောင်ရေး
### ရေယာဉ်ဒီဇိုင်းရေးဆွဲခြင်းလုပ်ငန်းတင်ဒါအပြိုင်ဈေးနှုန်းလွှာခေါ်ယူခြင်း

၁။ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးမှ ရခိုင်ပြည်နယ်ရှိ ရခိုင်ကမ်းရိုးတန်း စစ်တွေ-တောင်ကုတ် ခရီးလမ်းတွင် ပြေးဆွဲအသုံးပြုရန် ခရီးသည်(၂၅၀)ဆံ့ River and Coastal Services Passenger Vessel အမြန်ရေယာဉ်သစ်တစ်စင်း တည်ဆောက်ရန်ရှိပါသည်။ အဆိုပါရေယာဉ်သစ်အတွက် ရေယာဉ်သစ်တည်ဆောက်ရာတွင် အခြေခံရမည့် ရေယာဉ်ဒီဇိုင်းပုံစံများအား ကျွမ်းကျင်မှုအရ ရေးဆွဲတင်ပြခြင်းလုပ်ငန်းအတွက် အပြိုင်ဈေးနှုန်းလွှာ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

တင်ဒါအမှတ်စဉ် - DE/CUR (2015-2016)
လုပ်ငန်းအမျိုးအစား - ရေယာဉ်ဒီဇိုင်းရေးဆွဲတင်ပြခြင်းလုပ်ငန်း

၂။ တင်ဒါပုံစံများရောင်းချမည့်နေ့ - ၂၆-၁၂၀၁၆ ရက် (အင်္ဂါနေ့)၊ ၁၀း၀၀ နာရီ
တင်ဒါပိတ်မည့် နေ့နှင့်အချိန် - ၂၃-၂-၂၀၁၆ ရက် (အင်္ဂါနေ့)၊ ၁၂း၀၀ နာရီ

၃။ တင်ဒါနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက ထောက်ပံ့ရေးဌာနခွဲ တယ်လီဖုန်းအမှတ်-၀၁-၃၈၄၂၅၂နှင့် အင်ဂျင်နီယာဌာန ၀၁-၃၈၀၇၅၁၊ ၀၁-၃၈၄၂၆၀သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ တိုင်းဒေသကြီးပြည်နယ်များရှိ သဘာဝဘေးသင့်ဒေသများတွင် ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုနှင့် သဘာဝဘေးတုံ့ပြန့်ဆောင်ရွက်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် လိုအပ်သော ဆေးနှင့်ဆေးပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်။ တင်ဒါစည်းမျဉ်းစည်းကမ်းများကိုဝယ်ယူဖြန့်ဖြူးရေးဌာနခွဲ၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ရုံးအမှတ်(၄၇)၊ နေပြည်တော်သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

ဈေးနှုန်းတင်သွင်းလွှာပုံစံများစတင်ရောင်းချမည့်ရက် - ၁-၂-၂၀၁၆ ရက်
တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၁၅-၂-၂၀၁၆ရက်၊ မွန်းလွဲ ၂ နာရီ
ဆက်သွယ်ရန်ဖုန်းနံပါတ် - ၀၆၇-၄၃၁၀၈၅၊ ၀၆၇-၄၃၁၀၇၇

**ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲ**
**ပြည်သူ့ကျန်းမာရေးဦးစီးဌာန**

## ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ ဦးဘဟန်လမ်းသွယ်၊ အမှတ်(၂၀)ပေါ်တွင်ရှိ နှစ်ခန်းတွဲ(၃)ထပ်တိုက်မှ ဒုတိယထပ်၊ (၄)လွှာ၊ (ဘယ်+ညာ)ရှိတိုက်ခန်း(၂)ခန်းနှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်းကြေညာချက်

အထက်အမည်ပါ တိုက်ခန်းပိုင်ဆိုင်မှုနှင့်ပတ်သက်၍ မြေပိုင်ရှင်များနှင့်ကန်ထရိုက်တာတို့၏ စာချုပ်အရ ဦးအောင်ကိုဝင်း[၆/ကသန(နိုင်)၀၄၀၂၈၈]နိုင်ကမ္ဘာဆောက်လုပ်ရေးက မိမိရောင်းချပိုင်ခွင့်ရှိသည့် တိုက်ခန်းများဖြစ်သည်ဟု ဆိုသူထံမှ ကျွန်ုပ်မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်းမူရင်းများဖြင့် ကြေညာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးသန်းညွန့်(ဥပဒေဘွဲ့)** | **ဦးနိုင်ထွဋ်လင်း(ဥပဒေဘွဲ့)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၅၅၂၇)** | **အထက်တန်းရှေ့နေ(စဉ်-၃၅၅၄၅)** |

**ဖူးပွင့်ဝေစာချုပ်စာတမ်း(အထူး)ဝန်ဆောင်မှုနှင့်စီးပွားရေးဆိုင်ရာဥပဒေအကြံပေး**
**အမှတ်(၉၉)၊ ဒုတိယထပ်(ယာ)၊ ၃၉လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၃၁၁၁၆၄၄၄**

TO ANYONE WHO WANTS TO MASTER ENGLISH; ACADEMICALLY, PROFESSIONALLY, SOCIALLY WELL-PREPARED FOR
1NESS INTERNATIONAL SCHOOL
1 NESS INTERNATIONAL SCHOOLE
EXCITE-MOTIVATE-INSPIRE

COURSES
- Nursery or Preschool
- Kindergarten
- Primary 1 to Secondary (IGCSE 'O' LEVEL & A/As LEVELS)
- Cambridge Young Learners Courses
- Cambridge Adult Learners Courses
- Cambridge Exams-Oriented Courses
- Language Proficiency Courses
- Weekend Courses
- Summer Courses
- Vocational Trainings
- English for Moms and Dads.



ကျောင်းကားရှိသည်
Schoolbus Available

» Teaching Training (Feb- Apl)အတွက်လက်ခံပါပြီ။
» Summer Courses များ (1.3.2016 မှ 13.1.2016) အတွင်းကျောင်းသားလက်ခံပါပြီ။ (လူဦးရေကန့်သတ်ထားပါသည်။)
No.74/B, Aung Tha Pyay Road, Insein Township, Yangon.(ကွယ်ကာဘောဆေးရုံသစ်အနီး)
☎ 01-644525 09-5164660, 09 254302322, 09 782213959, 09-970554270, 09 264197665

## လိုက်လှဲစွာအထူးဂုဏ်ယူဝမ်းမြောက်အပ်ပါကြောင်း

SI Group of Companies ၏ Managing Director **သုခမွှေသိင်္ဂီ ဒေါက်တာမြသီတာ** အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊နိုင်ငံတော်သမ္မတရုံး၏ အမိန့်ကြော်ငြာစာ အမှတ် ၁/၂၀၁၆ ဖြင့် **"သီဟသုခမွှေသိင်္ဂီ"** ဘွဲ့တံဆိပ်တော်ထပ်မံချီးမြှင့်အပ်နှင်းခြင်းခံရသည့်အတွက် ဝန်ထမ်းများအားလုံးမှလိုက်လှဲစွာ ဂုဏ်ယူ ဝမ်းမြောက်ပါကြောင်းနှင့် မိသားစုနှင့်အတူ ကိုယ်စိတ်နှစ်ပါး ကျန်းမာ ချမ်းသာစွာဖြင့် ဘာသာ၊ သာသနာ အကျိုးကို ဆတက်ထမ်းပိုးတိုး၍ ဆက်လက်ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် လေးစားလိုက်လှဲစွာအထူးဂုဏ်ပြုအပ်ပါသည်။

SI Group of Companies ဝန်ထမ်းမိသားစုများ

## လိုက်လှဲစွာအထူးဂုဏ်ယူဝမ်းမြောက်အပ်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့နယ်၊ ယောမင်းကြီးရပ်ကွက်လုံးဆိုင်ရာတရားပွဲဖြစ်မြောက်ကျင်းပရေးကော်မတီဥက္ကဋ္ဌ၊ **သုခမွှေသိင်္ဂီဒေါက်တာမြသီတာ** အား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊နိုင်ငံတော်သမ္မတရုံး၏ အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၁၆ ဖြင့် **"သီဟသုခမွှေသိင်္ဂီ"** ဘွဲ့တံဆိပ်တော် ထပ်မံချီးမြှင့်အပ်နှင်းခြင်းခံရသည့် အတွက် လိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် နောင်တွင်လည်းမိသားစုနှင့်အတူ ကိုယ်စိတ်နှစ်ပါး ငြိမ်းချမ်းစွာဖြင့် မြတ်ဗုဒ္ဓ သာသနာတော်ကို ပစ္စည်းလေးပါး တို့ဖြင့် ဆတက်ထမ်းပိုးတိုး၍ ဆက်လက်ထောက်ပံ့လှူဒါန်းနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် လေးစား လိုက်လှဲစွာ အထူးဂုဏ်ပြုအပ်ပါသည်။

ယောမင်းကြီးရပ်ကွက်လုံးဆိုင်ရာ တရားပွဲဖြစ်မြောက်ကျင်းပရေးကော်မတီ၊ ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး


















### အမည်မှန်

ရခိုင်ပြည်နယ်၊ အမ်းမြို့နယ်၊ ပုဏ္ဏားဝ ကျေးရွာအုပ်စုနေ အဖ ဦးတင်အောင်၏သမီး မမိုးထက်ထက်ဝင်း၏ အမည်မှန်မှာ မခင်သဒ္ဒါစံ ဖြစ်ပါသည်။

မခင်သဒ္ဒါစံ

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃/ရန်ပြေ)၊ မြေကွက်အမှတ် (၈၀၂/က)၊ မြေကွက်တည်နေရာအမှတ် (၈၀၂/က)၊ ရန်ပြေ(၁၅)လမ်းအရှေ့ဘက်၊ (၃)ရပ်ကွက်၊ သာကေတမြို့နယ်(ဒေါ်အေးရှိန်-၁၂/သကတ(နိုင်)၀၄၄၁၉၁)အမည်ပေါက်နှစ်(၆၀)ဂရန်မြေအား သာကေတမြို့နယ်တရားရုံး၌ဦးကျော်နိုင်မှ ၂၀၁၅-ခုနှစ်တရားမကြီးမှုအမှတ်-၅ဖြင့် ဒေါ်အေးရှိန်အား ပဋိညာဉ်အတိုင်းမှတ်ပုံတင် အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးရန် တရားစွဲဆိုခဲ့ရာ (၂၇.၂.၂၀၁၅)တွင် [illegible] ၂၈ အမိန့်ကိုတင်ပြ၍ တရားရုံးကိုယ်စားဘိလစ် ဒေါ်အေးအေးမြင့်(၁၂/သကတ(နိုင်)၀၀၅၄၆၀)မှ အရောင်းအဝယ်စာချုပ်ရန်မြေပုံကူး လျှောက် ထားရာ တရားဝင်ခိုင်လုံသော အထောက် အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

### ကန့်ကွက်နိုင်ပါကြောင်း

တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့၊ မြိတ်တောင်ကျေးရွာအုပ်စု၊ အောင်သုခရပ်ကွက်၊ ကန်ဖျားမြေနီလမ်းရှိ ကွင်းအမှတ်(၂၃၈)၊ (တဖက္ကာကွင်း)၊ မြေကွက်အမှတ်(၂၂၂+၂၂၃+၂၅၈+၂၅၉)၊ ဧရိယာ (၀. ၂၂)ဧကရှိ မြိတ်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြိတ်ခရိုင်၊ မြိတ်မြို့၏ ခရိုင်မြေမှုအမှတ် (၂၈၆)၊ ဦးမောင်ရှမ်း(ခ)ဦးဆွာလေ အမည်ပေါက် နှစ်(၃၀)ဂရန် အမည်ပေါက် မြေကွက်၏ အကျိုးခံစားခွင့်အရပ်ရပ်ကို ကွယ်လွန်သူ ဦးဆွာလေ(ခ)ဦးမောင်ရှမ်း၏ ဇနီးဖြစ်သူ ဒေါ်သီတာချို မှ မိမိတစ်ဦးတည်း ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဦးထွန်းဝင်းမှ ဝယ်ယူရန် စရန်ငွေတစ်စိတ် တစ်ဒေသ ပေးချေပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်အား အရောင်းအဝယ်ပြုလုပ်ခြင်းကို ကန့်ကွက်လိုသူများရှိပါက မည်သူမဆိုခိုင်လုံသော စာရွက်စာတမ်း အထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ ကြေညာပါသည့်ရက်မှ (၇)ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကိစ္စကို အပြီးအပြတ် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း သိစေအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ဆွေဇင်သန်း(**LL.B**)စဉ်-၃၃၃၉၅ ဒေါ်မိုးမိုးသူ(**LL.B**) စဉ်-၃၅၈၆၂

အထက်တန်းရှေ့နေများ

အမှတ်(၉)၊ မေတ္တာလမ်း၊ မြို့သစ်တံတားဦးရပ်၊ မြိတ်မြို့။

# ရန်ကုန်မြို့တောင်ဒဂုံအိတ်ချိန်းနယ်မြေအတွင်းအော်တိုတယ်လီဖုန်းနံပါတ်များအား ခေတ်မီအိတ်ချိန်းစက်များနှင့်ပြောင်းလဲမည်ဖြစ်ပါကြောင်း အများပြည်သူသို့ အသိပေးအကြောင်းကြားခြင်း

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ အော်တိုတယ်လီဖုန်းဝန်ဆောင်မှုများအား ပိုမိုကောင်းမွန်သည့်အရည်အသွေးနှင့် ခေတ်မီဝန်ဆောင်မှုများအား ဖြည့်စွမ်းပေးနိုင်ရန်ရည်ရွယ်လျက် IP စနစ်သုံး NGN (Next Generation Network) အမျိုးအစား အလုံ (SoftSwitch) အိတ်ချိန်း၏ MSAN (Multi Service Access Node) များနှင့် ပြောင်းလဲအစားထိုးတပ်ဆင်မည်ဖြစ်ပါ၍ တောင်ဒဂုံ KY အိတ်ချိန်းမှ (၅၉၅×××) ဖြင့်စသော တယ်လီဖုန်းနံပါတ်များအား အလုံ ZX-SS10SS1B SoftSwitch အိတ်ချိန်း၏ (၂၃၄-၈×××)ဖြင့်စသော တယ်လီဖုန်းနံပါတ်များဖြင့် (၁၉-၂-၂၀၁၆) ရက်နေ့တွင် အစားထိုးပြောင်းလဲမည် ဖြစ်ပါကြောင်းနှင့် အသစ်ပြောင်းလဲအသုံးပြုမည့် တယ်လီဖုန်းနံပါတ်များသည် တယ်လီဖုန်းခေါ်ဆိုမှုသာမက အင်တာနက်ဝန်ဆောင်မှု ADSL စနစ်ပါ လျှောက်ထားသုံးစွဲနိုင်မည်ဖြစ်ပါကြောင်း လေးစားစွာ အသိပေး ကြေညာအပ်ပါသည်။

အဆိုပါ တောင်ဒဂုံKY အိတ်ချိန်းနယ်မြေတွင် လက်ရှိ ADSL သုံးစွဲသူများအနက် Static IP သုံးစွဲသူများအနေနှင့် Static IP Range (172.x.x.x) Network သို့ ပြောင်းလဲမည်ဖြစ်ပါ၍ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ သတင်းအချက်အလက်နည်းပညာဌာန၊ ADSL ဌာနစိတ်၊ တယ်လီဖုန်းအမှတ် (၀၁-၆၅၀၈၇၀၊ ၀၁-၆၆၂၇၀၇) တို့သို့ ဆက်သွယ်၍ ကြိုတင်ပြင်ဆင်နိုင်ပါကြောင်း အသိပေးအကြောင်းကြား အပ်ပါသည်။

**မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း**

# ရန်ကုန်မြို့ထောက်ကြန့်အိတ်ချိန်းနယ်မြေအတွင်း အော်တိုတယ်လီဖုန်းနံပါတ်များအား ခေတ်မီအိတ်ချိန်းစက်များနှင့် ပြောင်းလဲမည်ဖြစ်ပါကြောင်း အများပြည်သူသို့ အသိပေးအကြောင်းကြားခြင်း

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ အော်တိုတယ်လီဖုန်းဝန်ဆောင်မှုများအား ပိုမိုကောင်းမွန်သည့်အရည်အသွေးနှင့် ခေတ်မီဝန်ဆောင်မှုများအား ဖြည့်စွမ်းပေးနိုင်ရန် ရည်ရွယ်လျက် IP စနစ်သုံး NGN (Next Generation Network) အမျိုးအစား မရမ်းကုန်း (SoftSwitch) အိတ်ချိန်း၏ MSAN (Multi Service Access Node) များနှင့် ပြောင်းလဲအစားထိုးတပ်ဆင်မည်ဖြစ်ပါ၍ ထောက်ကြန့် KY အိတ်ချိန်းမှ (၆၀၀×××)ဖြင့်စသော တယ်လီဖုန်းနံပါတ်များအား မရမ်းကုန်း Soft-X3000 (SoftSwitch) အိတ်ချိန်း၏ (၉၄၃-၇×××)နှင့် စသည့် တယ်လီဖုန်းနံပါတ်များဖြင့် (၁၂-၂-၂၀၁၆)ရက်နေ့တွင် အစားထိုးပြောင်းလဲမည် ဖြစ်ပါကြောင်းနှင့် အသစ်ပြောင်းလဲအသုံးပြုမည့် တယ်လီဖုန်းနံပါတ်များသည် တယ်လီဖုန်းခေါ်ဆိုမှုသာမက အင်တာနက်ဝန်ဆောင်မှု ADSL စနစ်ပါ လျှောက်ထားသုံးစွဲနိုင်မည်ဖြစ်ပါကြောင်း လေးစားစွာ အသိပေးကြေညာအပ်ပါသည်။

အဆိုပါ ထောက်ကြန့် KY အိတ်ချိန်းနယ်မြေတွင် လက်ရှိ ADSL သုံးစွဲသူများအနက် Static IP သုံးစွဲသူများ အနေနှင့် Static IP Range (172.x.x.x) Network သို့ ပြောင်းလဲမည်ဖြစ်ပါ၍ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ သတင်းအချက်အလက် နည်းပညာဌာန၊ ADSL ဌာနစိတ်၊ တယ်လီဖုန်းအမှတ် (၀၁-၆၅၀၈၇၀၊ ၀၁-၆၆၂၇၀၇) တို့သို့ ဆက်သွယ်၍ ကြိုတင်ပြင်ဆင်နိုင်ပါကြောင်း အသိပေးအကြောင်းကြား အပ်ပါသည်။

**မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း**

# HAPPY BIRTHDAY OiAC

၂၀၀၂ ခုနှစ်မှ စတင်တည်ထောင်ခဲ့သော OiAC ကိုယ်ပိုင်အထက်တန်းကျောင်း၏ ပြာသိုလပြည့် "အမေများနေ့"တွင် ကျရောက်သော (၁၄)နှစ်မြောက်မွေးနေ့မှသည် နောင်နှစ်ပေါင်းများစွာတိုင် လူရည်ချွန် ၊ လူရည်မွန်များ မွေးထုတ်ပေးနေသော ကျောင်းတော်ကြီးအဖြစ် တည်တံ့ပါစေကြောင်း ဂုဏ်ယူဝမ်းမြောက်စွာ ဆုမွန်ကောင်းတောင်းအပ်ပါသည်။

OiAC တွင် နှစ်စဉ်နှစ်တိုင်း ယုံကြည်စွာအပ်နှံခဲ့ကြသော အနယ်နယ်အရပ်ရပ်မှ ကျောင်းသားမိဘ မိတ်ဟောင်းမိတ်သစ်များ၊ နှစ်စဉ်ထူးချွန်စွာ အောင်မြင်ကြသော ကျောင်းသား/သူများနှင့် နှစ်တက်ကျောင်းသား/သူများ၊ စေတနာပြည့်ဝစွာ လမ်းညွှန်သင်ကြား ပြသပေးပါသော ဆရာကြီး၊ ဆရာမကြီးများ ၊ လေ့ကျင့်ရေးဆရာ၊ ဆရာမများနှင့် လုပ်ဖော်ကိုင်ဖက်များအားလုံး နှစ်သစ်မင်္ဂလာ အခါသမယတွင် ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာကြပါစေကြောင်း ၊ စီးပွားလာဘ်လာဘများတိုးတက်၍ မင်္ဂလာအပေါင်းနှင့် ပြည့်စုံပြီး အနာဂတ်ခရီးကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

DaNaSanYar Construction Co.,Ltd
OiAC Singapore Pte.,Ltd

၂၀၁၆ – ၂၀၁၇ ပညာသင်နှစ်အတွက် ကျောင်းအပ်လက်ခံနေပါပြီ။
နေ့တက်ကျောင်းသားများအတွက် မြို့တွင်း ဖယ်ရီစီစဉ်ပေးပါသည်။

MDIS (Management Development Institute of Singapore) နှင့် " Construction Engineering " NANYANG INSTITUTE OF MANAGEMENT သို့တက်ရောက်နိုင်ရန် ချိတ်ဆက်ဆောင်ရွက်ပေးလျက် ရှိပါသည်။

( OiAC Alumni Club ဖွဲ့စည်းမည်ဖြစ်ပါသဖြင့် OiAC ကျောင်းသား/သူဟောင်းများအနေဖြင့် Membership ဝင်ရောက်ရန် ဖိတ်ခေါ်ပါသည်။ )

OiAC (ရန်ကုန်) [ ပဉ္စမတန်းမှ တက္ကသိုလ်ဝင်တန်းအထိ ]
အမှတ် (၃၂၃)၊ သစ္စာလမ်းမကြီး ၊ ၉ - ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် ။
၀၁ ၅၆၀၅၅၇ ၊ ၀၉ ၄၃၀၇၀၁၉၀ ၊ ၀၉ ၄၃၀၇၀၁၉၁ ၊ ၀၉ ၇၃၀၃၆၈၉၀
Email Address : oiacygn@gmail.com
Facebook Page : OIAC ကိုယ်ပိုင်အထက်တန်းကျောင်း

OiAC 2 (နေပြည်တော်) [ သူငယ်တန်းမှ တက္ကသိုလ်ဝင်တန်းအထိ ]
အမှတ်(၂၈) ၊ မြတ်လေးဖြူလမ်း ၊ ဒက္ခိဏသီရိမြို့နယ် ၊ နေပြည်တော်မြို့။
၀၆၇ ၈၁၀၀၀၈၅ ၊ ၀၉ ၇၈၈၀၆၆၅၅၁ ၊ ၀၉ ၇၈၈၀၆၆၅၅၂ ၊ ၀၉ ၅၀၆၅၃၅၈
Email Address : oiacnpt@gmail.com
Facebook Page : Oiac - 2 ကိုယ်ပိုင်အထက်တန်းကျောင်း

နှစ်သစ်တွင် မင်္ဂလာအပေါင်းနှင့် ပြည့်စုံပြီးကျန်းမာရွှင်လန်းကြပါစေ

နှစ်ပေါင်း(၃၀)ကျော်တာရှည်ခံသော SOGO PE WATER TANK

# SOGO
## PE WATER TANK

SOGO PE WATER TANK ကိုအသုံးပြုခြင်းအားဖြင့်
- * ဈေးနှုန်း(၃) ဆသက်သာခြင်း၊ နှစ်ပေါင်း(၃၀)အထိ တာရှည်စွာ အသုံးပြုနိုင်ခြင်း၊
- * ကင်ဆာရောဂါ ဖြစ်ပွားမှု အန္တရာယ်မှ ကင်းဝေးစေခြင်း၊
- * ရေတွင်ပါဝင်သော ဘက်တီးရီးယား ပိုးမွှားများအန္တရာယ်ကို လျော့ချပေးနိုင်ခြင်း၊
- * သံချေးတက်ခြင်းကြောင့်ဖြစ်ပေါ်လာသော အပ်ပေါက်ရာမှရေစိမ့်ထွက်မှု ပြဿနာအား လုံးဝကင်းဝေးစေခြင်း၊

" တိုက်ခန်းများအတွက်အထူးထုတ်လုပ်ထားသောဒီဇိုင်းအမျိုးအစား "



| Name | Capacity | Size (LxWxH) | Price |
|---|---|---|---|
| Square Tank (လေးထောင့်) (New) | 400L(89Gal) | 3'x 2' x 2' | 55000 |
| | 600L(134Gal) | 3'x 3' x 2' | 72000 |
| | 900L(200Gal) | 4'x 4' x 2' | 88000 |

Square Tank (လေးထောင့်)
၄၀၀ လီတာ မှ ၉၀၀ လီတာ



Horizonatal Tank (အလျားလိုက်)
၃၀၀ လီတာ မှ ၅၀၀၀ လီတာ



Vertical Tank (ဒေါင်လိုက်)
၃၀၀ လီတာ မှ ၁၀၀၀၀ လီတာ



Water Bucket (ရေညှိလှေ)
၅၀ လီတာ မှ ၃၀၀၀ လီတာ



Square Tank (လေးထောင့်)
၃၀၀ လီတာ မှ ၉၀၀ လီတာ

နိုင်ငံတကာတွင် တွင်ကျယ်စွာအသုံးပြုလျက်ရှိသောရေတိုင်ကီနှင့်ရေဇလုံများ
အမြို့မြို့နယ်တိုင်းတွင်ဝယ်ယူရရှိနိုင်ပါသည်။ Customer Service : 09 73073014

## ကြော်ငြာ

**အာရှနဂါး**
Asia Dragon ကျိုက်ထီးရိုး
ချောင်းသာ/ငွေဆောင်
Ph: 01 707062, 09 799100100
01 703790, 09 797100100

**ဧရာဝတီနာရှင်**
ရွှေစက်တော်ဖွင့်ပွဲ (Feb-11 ထွက်မည်)
အလောင်းတော်ကဿပ (သောကြာ)
ကျိုက်ထီးရိုး/ချောင်းသာ (နေ့စဉ်)
01-392704, 09 5066657

PAN THU KHA Travels & Tours Co., Ltd.
လန်းဆန်းပျော်ရွှင် စိတ်သစ်လွင် ဝန်ဆောင်မှုပြည့်ဝ "ပံသုခ"
Hot Line: 09 250200212, 09 5095586
Hotel & All Included
41 Seater VIP Aircon Express
ကယားတိုင်း ဒုနေ ငွေတောင်ပြည်သို့ ခရီးစဉ် (၅ ရက်) FEB 11
ကယားပြည်နယ်၏ ထင်ရှားကျော်ကြားသော နေရာများကို စုံလင်စွာလည်ပတ်ရင်း၊ ကယားရိုးရာ အစားအစာ များကိုမြည်းစမ်းပြီး ရိုးရာဓလေ့များကို လေ့လာကြပါမည်၊ လွိုင်ကော်၊ မိုးဗြဲ၊ ဒီမောဆို၊ ကယန်း (ပဒေါင်) တို့၏ ပန်ပတ်ရွာ

### ပျောက်ဆုံးကြောင်း

ကျွန်မ ဒေါ်အေးသိန်း(ဘ)ဦးမောင်ကြင်[၁၂/ပဘတ(နိုင်)၀၁၁၄၅၉] ၏ မြန်မာနိုင်ငံကူးလက်မှတ်-၅၈၀၆၅၉ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၅၁၃၆၅၃၅

### မြိုင်မြို့နယ်အသင်း(ရန်ကုန်)
### သင်းလုံးကျွတ်အစည်းအဝေးဖိတ်ကြားခြင်း

မြိုင်မြို့နယ်အသင်း(ရန်ကုန်)၏သင်းလုံးကျွတ်အစည်းအဝေးနှင့် အမှုဆောင်အသစ်ရွေးချယ်ပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါ၍ (အသင်းဝင်သည်ဖြစ်စေ၊ မဝင်သည်ဖြစ်စေ) မြိုင်မြို့နယ်သူ/နယ်သား များအားလုံး တက်ရောက်ကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

နေ့ရက် - ၃၀-၁-၂၀၁၆ရက်(စနေနေ့)
(၁၃၇၇ခုနှစ်၊ ပြာသိုလပြည့်ကျော် ၆ရက်)
အချိန် - မွန်းလွဲ ၁ နာရီ
နေရာ - စွန်းလွန်းဂူဝိပဿနာကျောင်းတိုက်၊ (၁၆/၂)ရပ်ကွက်၊ ရတနာလမ်း၊သဃ်န်းကျွန်းမြို့နယ်

(အမှုဆောင်အဖွဲ့)

### ရန်ကုန်ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်
### ၁၉၇၃-၁၉၇၇ခုနှစ် ဓာတုဗေဒ/ကုန်ထုတ်ဓာတုဗေဒ ကျောင်းသား/ကျောင်းသူဟောင်းများ၏ ဆဋ္ဌမအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲအခမ်းအနားဖိတ်ကြားခြင်း

ကျင်းပမည့်နေ့ရက် - ၂၀၁၆ခုနှစ်၊ ဇန်နဝါရီလ ၃၁ရက် (တနင်္ဂနွေနေ့)
ကျင်းပမည့်အချိန် - နံနက် ၉း၀၀နာရီမှ ၁၂း၀၀နာရီအထိ
ကျင်းပမည့်နေရာ - CENTRAL HOTEL (ကျောက်စိမ်းခန်းမ)

ကျောင်းသား/ကျောင်းသူဟောင်းများ မပျက်မကွက်တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

မိတ်ဆုံညစာစားပွဲကို ၎င်းနေ့ညနေ ၆နာရီအချိန်တွင် M3 FOOD CENTER၌ ကျင်းပမည်ဖြစ်ပါ၍ ကျောင်းသား၊ ကျောင်းသူဟောင်းများအနေဖြင့် ညစာစားပွဲ မေတ္တာလက်မှတ်များကို မြတ်ဆရာပူဇော်ပွဲကျင်းပမည့်နေ့၌ CENTRAL HOTEL တွင် လာရောက်ထုတ်ယူနိုင်ပါသည်။

ဆဋ္ဌမအကြိမ်မြောက်မြတ်ဆရာပူဇော်ပွဲကျင်းပရေးကော်မတီ





ယနေ့ခေတ်တွင် Flavour ဟုခေါ်သော
အရသာတုများကို အစားအသောက်များတွင် ထည့်သွင်းလာကြပါတယ်။
ဒီတော့ ကျန်းမာရေး အတွက် မကောင်းဘူးပေါ့ . . .။
သောက်သုံးသူ မိဘပြည်သူများ ယုံကြည်စိတ်ချစွာသောက်သုံးနိုင်ရန်
ဓါတုပစ္စည်း အရောအနှော လုံးဝမပါဝင်တဲ့ . . .

ရင်တုန်ကင်းဝေး . . . ဆိမ့်သက်လေးမို့ လူတိုင်းရင်မှာ
**Gold Roast** ပါ။

www.facebook.com/GoldRoastMyanmar

TV5 NETWORK မှာ ကြည့်စရာ



ကျိုက်ဂျာသည် သမီးဖြစ်သူ အိုအာရန်း နှင့် ပတ်သက်လာလျှင် အားလုံးကို ဂရုမစိုက်ထားသူဖြစ်သည်၊ အာရန်းသည် ဂျင်လီယောင်းဆိုသော သူငယ်ချင်းနှင့် ပတ်သက်ပြီးကျောင်းတွင်း အကြမ်းဖက်ခံနေရလေသည်၊ ကျောင်းသူ ဂျိုဘန်းအူ အမည်ဖြင့် သမီးနှင့် ကျောင်းအတူတက်ရင်း ကျောင်းတွင်း အကြမ်းဖက်မှုကို ဖော်ထုတ်နေသော ကျိုက်ဂျာသည် ကျောင်းဆရာ ဘတ်နီအာ နှင့် ပူပေါင်းမိသွားရာမှ တစ်ကျောင်းလုံးရှိ ကလေးများအား အကြမ်းဖက်မှု မဖြစ်အောင် တားဆီးနိုင်ခဲ့သည်၊ ဤဇာတ်လမ်းသည် မိဘမေတ္တာဖော်ကျူးထားမှုများအပြင် ဆရာတစ်ယောက်၏ စေတနာကိုပါ ပေါ်လွင်စေသည့် ဇာတ်ကားကောင်း ဖြစ်ပါသည်၊

ဇန်နဝါရီလ(၂၁)ရက်နေ့မှစပြီး အပတ်စဉ် ဗုဒ္ဓဟူး နှင့် ကြာသပတေး ည(၈း၀၀)နာရီ




မိဘနှစ်ပါးဆုံးရှုံးခဲ့ပြီး အကြင်နာတရားမရှိသော အဒေါ်နှင့် နေထိုင်ရသည့် ဘန်နာနှင့် အန်ဒွိုင်း မောင်နှမနှစ်ယောက်ကို အမ်မလီတွေ့ပြီး ကူညီပေးခဲ့သလို သနားကာ ခေါ်ယူစောင့်ရှောက်ခဲ့သည်၊ သို့သော် အမ်မလီ ပြန်ပေးဆွဲခံရပြီး ဒဏ်ရာရကာသတိမေ့မြောနေချိန် မောင်နှမနှစ်ယောက်က အမေအရင်းကဲ့သို့ပြုစုပေးခဲ့သည်၊ ထိုအချိန်အမ်မလီ၏ခင်ပွန်းဟောင်း ရောက်လာကာ အမ်မလီကို အပြတ်ရှင်းပြီး ပစ္စည်းများကို အရသိမ်းရန် ကြံစည်နေချိန်တွင် သတိမေ့မြောနေသော အမ်မလီမှာ ရောဂါအခြေအနေသက်သာလာခဲ့သည်၊ သူစိမ်းဖြစ်သော သူတို့မောင်နှမနှင့် ခင်ပွန်းဟောင်းတို့တွင် မည်သူ့ကို ယုံကြည်ရွေးချယ်မလဲဆိုတာကို စိတ်ဝင်စားဖွယ် ကြည့်ရှုရမည်ဖြစ်ပါသည်၊

ဇန်နဝါရီလ(၂၇)ရက်နေ့မှစပြီး အပတ်စဉ် ဗုဒ္ဓဟူး မှ စနေ ည(၈း၀၀)နာရီ







**သက်တမ်းတိုးခြင်းအတွက်**


| PREMIUM PACKAGE | SPORTS PACKAGE |
| --- | --- |
| 22 CHANNELS | 28 CHANNELS |
| 4,750 KS + CT 5% | 5,900 KS + CT 5% |

*+ Commercial Tax 5% ထပ်ဆောင်းပေးဆောင်ရမည်။*

အခမဲ့ဖုန်းဆက်လိုက်ပါ။ 01-400088

TRITONE
LivingSquare Hanwha

The True Luxury, Myanmar Never Experienced Before
Visit TRITONE's Show Gallery and See For Yourself
မြန်မာပြည်တွင် တစ်ခါမှမရှိဘူးသေးသော အထက်တန်းကျမှု -
TRITONE Show Gallery ကို ကိုယ်တိုင်ကိုယ်ကျ လာရောက်လေ့လာကြည့်လိုက်ပါ။
Special Promotion Until Jan 31 Limited Quantity




Same Sky, Exclusive World

Hanwha
LIVING SQUARE
ADVANCED ARTS & TECHNOLOGY


Tel. 09-788000991~2
https://tritone8mile.com / https://facebook.com/TRITONE.8mile




Show Gallery address :
No.33A, Pyay Road, Mayangone Tsp., Yangon,

# MAKE IN INDIA WEEK

13TH-18TH FEBRUARY 2016/MUMBAI



**13 FEBRUARY -** Inauguration of MII Week by PM, Time India Awards
**14 FEBRUARY-** CNN Asia Business Forum, Maharashtra Night, Sectoral seminars, Country sessions, B2B, G2B and G2G meetings
**15 FEBRUARY-** Global Design & nnovation Session, Maharashtra Investor Summit, Make in Mumbai, Sectoral seminars, Country session. B2B, G2B and G2G meetings
**16 FEBRUARY-** Driving Innovation: Hackathon, Industry-Academia Gujarat Investor Summit, Andhra Pradesh Investor Summit, Sectoral seminars, Country sessions, B2B, G2B and G2G meetings
**17 FEBRUARY-** Conference on Empowering through Design', Launch of the Make in India Magazine, Jharkhand Investor Summit, Sectoral seminars, Country sessions, B2B, G2B and G2G meetings
**18 FEBRUARY-** Sectoral seminars, Country sessions, B2B, G2B and G2G meetings, Closing session


**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် (၄)၊ မြေကွက်အမှတ် (၇၂၁/က)၊ မြေကွက်တည်နေရာ၊ အမှတ် (၇၂၁/က)၊ နှင်းဆီ (၂)လမ်း၊ ဒေါ်ကျင်အေး (၁၂/ဥကမ(နိုင်) ၁၄၂၈၄)၊ အမည်ပေါက် နှစ် (၆၀)ငှားရန် မြေအား အမည်ပေါက်မိခင် ဒေါ်ကျင်အေး၊ ဖခင်ဦးအေးတို့ကွယ်လွန်သဖြင့်ဒေါ်သန်းသန်းထွေး (၁၂/ဥကမ(နိုင်)၀၉၃၇၇၁)က ဂရန် ပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်း တင်ပြ၍ ပိုင်ဆိုင်+အရောင်းမြေပုံကူး လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှု မရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက် ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေငြာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

# သွေးသည်အသက်

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် ၆က/၈၇၁၃ ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ကညန(ရွာသာကြီး)

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 8H/1175 ၏ ဖောင်းကြွ နံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ကုန်လမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)


Copyright C.K.K

# သီတာသိမ့်

## သဘောကောင်းတယ် မုန်းတတ်တယ်

ပဋ္ဌမမြောက်
**Live Show Album**

တေးရေး - ဒီနေ့ပုဏ္ဏက၊ စန္ဒရားကွန်းဇော်၊ မောင်ဆွေနွယ်၊ မောင်ယဉ်မော်၊ စိုးလွင်လွင်၊ ဂစ်တာဇော်မင်း၊ မူမူဆွေ

ZMG MUSIC BAND ဂီတမှူး ဂစ်တာဇော်မင်း

Studio: E.M.S & Chromatic Tracking: Thar Zaw(ZMG), Tun Lwin Aung(E.M.S)
Mix & Master: Thura Tabla: Jabar Violin: Zaw Gyi
DESIGN: WYNN NAING, PHOTO: TEE TEE




ဖြန့်ချိရေး ထင်းရှူးရိပ် ဗီဒီယိုတေးထုတ်လုပ်ရေး
ဒါရိုက်တာ ဂစ်တာဇော်မင်း

**CD & DVD KARAOKE ထွက်ပြီ**



**ကွန်ပျူတာ စနစ်ဖြင့်ထိန်းသော**


**MECHANICAL CAR PARKING**












TPW ideas coming true (BRNo.200904356H)


No. (31), Room (5), 7 Miles, Pyay Road, Yangon
T: 09.259.81.36.36
: 09.259.81.37.37
: 09.259.81.46.46

အမှတ်(၃၁)၊ အခန်း (၅)၊ ၇မိုင်၊ ပြည်လမ်း၊ ရန်ကုန်။



# MIC
## Myanmar Imperial College

edexcel Approved Centre No. 93679



တက္ကသိုလ်ဝင်တန်း ဖြေဆိုပြီးသူများအတွက်

**HND** Business / Advertising & Branding / Hospitality & Tourism
**BA** Business & Management / Marketing Management / Tourism Management

မြန်မာနိုင်ငံ၏ အနာဂတ်စီးပွားရေးလုပ်ငန်းရှင်များအတွက်

**MBA** Master of Business Administration
**DBA** Doctor of Business Administration

+ ဗြိတိန်နိုင်ငံ University of Northampton မှ တိုက်ရိုက်ပေးအပ်သော နိုင်ငံတကာအသိအမှတ်ပြု Diploma, Bachelor နှင့် Master Qualifications
+ ပြည်တွင်းပြည်ပမှ Professors၊ Lecturers နှင့် အတွေ့အကြုံရှိ စီးပွားရေးပညာရှင်များ
+ နိုင်ငံတကာအဆင့်မှီ တက္ကသိုလ်ကျောင်းဝန်း
+ အဆင့်မြင့် Library နှင့် Facilities များ

Working in Partnership with THE UNIVERSITY OF NORTHAMPTON United Kingdom

Enroll Now!

09 732 10001 / 09 4211 00222

အမှတ် (၁) ရေးမြောက်လမ်း၊ (ဦးဝိစာရအဝိုင်းအနီး)၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။

Hot Line No-0930500100

# ရှမ်းနှင့်ရန်ကုန်သရေကျပြီး ဟံသာဝတီ၊ ရတနာပုံနှင့် ဇေယျာရွှေမြေ ဂိုးပြတ်နိုင်

သတင်း၊ ဓာတ်ပုံ
ရှိုင်းထက်ဇော်

၂၀၁၆ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၃) ပထမနေ့ပွဲစဉ်များကို ယနေ့ညနေပိုင်းက ဆက်လက်ကျင်းပသည်။

**(တောင်ကြီးကွင်း)**
**ရှမ်းယူနိုက်တက် - တစ်ဂိုး**
**ရန်ကုန် - တစ်ဂိုး**

နာမည်ကြီး ရှမ်းယူနိုက်တက်အသင်းမှာ အိမ်ကွင်းတွင် အမှတ်ရရန် ရုန်းကန်ခဲ့ရပြီး နောက်ကျချေပဂိုးကြောင့်သာ သရေကျခဲ့ခြင်းဖြစ်သည်။ နှစ်ပွဲဆက်ရှုံးပြီး ဖိအားများနှင့် ရင်ဆိုင်နေရသည့် လက်ရှိချန်ပီယံ ရန်ကုန်အသင်းမှာ နိုင်ပွဲရှာမတွေ့သေးသော်လည်း ရှုံးပွဲဆက်နေမှုကို ရပ်တန့်နိုင်ခဲ့ပြီဖြစ်သည်။

ရန်ကုန်အသင်းတွင် ကျော်ကိုကို ပြန်လည်ပါဝင်လာပြီး ရှမ်းယူနိုက်တက်အသင်းမှာလည်း အမာခံကစားသမားအများစုဖြင့် ပွဲထွက်ခဲ့သည်။ ပွဲအစပိုင်းတွင် အဓိက ကွင်းလယ်ကစားသမား ဂတ်စတာမို ဒဏ်ရာရရှိပြီး လူစားလဲခဲ့ရာ ကစားကွက်တည်မရဖြစ်ခဲ့ပြီး ပွဲချိန်တစ်လျှောက် ပုံစံကောင်းပြသနိုင်ခြင်း မရှိခဲ့ပေ။ မိနစ် ၃၀ လောက်အထိ ရန်ကုန်အသင်း ဖိကစားနိုင်ခဲ့ပြီး ဂိုးသွင်းခွင့်အချို့ကို အသုံးမချနိုင်ခဲ့သလို ရှမ်းအသင်းမှာ ပထမပိုင်းပြီးခါနီးတွင်

**စာမျက်နှာ ၉ ကော်လံ ၁ သို့**



ရှမ်းယူနိုက်တက်နှင့် ရန်ကုန်တို့ အကြိတ်အနယ်ယှဉ်ပြိုင်နေစဉ်။

## ယနေ့ ၀ မာတိကာ


သဘာဝသစ်တောများအတွက် သစ်တော၊ သစ်ပင်များအပြင် ဝါးတောများကိုပါ ထိန်းသိမ်းသင့် — စာမျက်နှာ - ၂

မြေပဲနုတ်ချိန် အလုပ်သမားများ တစ်နေ့ ကျပ် ၆၅၀၀ ဝင်ငွေရရှိ — စာမျက်နှာ - ၁၀

ယူရို - ၂၀၁၆ ပြိုင်ပွဲတွင် ဂိုးလိုင်းနည်းပညာ အသုံးပြုမည် — စာမျက်နှာ - ၁၃


# မြို့တော်ကို ကြွယ်ဝမှုသင်္ကေတအဖြစ် အထပ်မြင့်အဆောက်အအုံတွေဖြင့် အလှဆင်ကြသော်လည်း မြို့ပြပျက်စီးမှုအကြောင်းတွေရှိတဲ့အတွက် မြို့ပြအထပ်မြင့်တွေ အလွန်အကျွံမဖြစ်စေရန် ရေးသားထား

မြင့်မိုရ်ဆွေ
(သုတပဒေသာ ဘာသာရပ်စာပေဆု)

မြန်မာစာပေလောကဖွံ့ဖြိုးတိုးတက်ရေးကို ပါဝင်ဖြည့်ဆည်းရန်အတွက် စာပေနည်းဖြင့် အသိပညာကြွယ်ဝရေး၊ ဘဝအမြင်ထက်သန်ရေးတို့ကို တစ်ဖက်တစ်လမ်းအားပေးနိုင်ရန် ထွန်းဖောင်ဒေးရှင်းစာပေဆုကို ၂၀၀၅ ခုနှစ်ကစတင်ပြီး ချီးမြှင့်ခဲ့သည်မှာ ၁၀ နှစ်တိုင်ခဲ့ပြီဖြစ်သည်။ ယနေ့ပြုလုပ်သော ဒသမအကြိမ်မြောက် ထွန်းဖောင်ဒေးရှင်း ၂၀၁၅ စာပေဆုချီးမြှင့်ပွဲအခမ်းအနားမှ မှဒိတာစကားများကို ဖော်ပြလိုက်ရပါသည်။

စာမျက်နှာ ၉ ကော်လံ ၁ သို့



# နှစ်(၁၁၀)ပြည့် ရန်ကုန်တိရစ္ဆာန်ဥယျာဉ်ပွဲတော် အပန်းဖြေလည်ပတ်သူများဖြင့်စည်ကား

**ရန်ကုန် ဇန်နဝါရီ ၂၃**

လာရောက်လည်ပတ်သည့် ပြည်သူများ၊ ကျောင်းသား ကျောင်းသူများ အပန်းဖြေပျော်ရွှင်၍ ဗဟုသုတရရှိစေရန်၊ ကျောင်းသား ကျောင်းသူများ သတ္တဗေဒနှင့် ရုက္ခဗေဒဆိုင်ရာ ဘာသာရပ်များ ရှာမှီးရာတွင် အထောက်အကူရစေရန်၊ သဘာဝထိန်းသိမ်းရေးလုပ်ငန်းများ အထောက်အကူဖြစ်စေရန်၊ သုတေသနလုပ်ငန်းများ ဆောင်ရွက်ရန်နှင့် သဘာဝကိုအခြေခံသော ခရီးသွားလုပ်ငန်းကို အထောက်အကူဖြစ်စေရန် ရည်ရွယ်တည်ထောင်ခဲ့သော တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်)ကို အများပြည်သူအပန်းဖြေပျော်ရွှင်ဗဟုသုတရစရာ ဥယျာဉ်ကြီးအဖြစ် အသုံးတော်ခံလျှောက်လှမ်းခဲ့သည်မှာ ဇန်နဝါရီ ၂၅ ရက်တွင် နှစ်ပေါင်း ၁၁၀ပြည့် တိုင်ခဲ့ပြီဖြစ်ရာ ယနေ့တွင် သက်တမ်းနှစ် ၁၁၀ ပြည့်အထိမ်းအမှတ်

**စာမျက်နှာ ၉ ကော်လံ ၃ သို့**






themirror.npt@gmail.com
www.facebook.com/themirrordaily

ကြေးမုံ
The Mirror
တနင်္ဂနွေ အထူးထုတ်
SUNDAY SPECIAL
2016 JANUARY 24, SUNDAY

STI MYANMAR UNIVERSITY
IMBA IBBA IMED IBE
www.stiedu.net
TEL : 507151/52, 377988
09250064451, 0931702299
09420254872

# အိပ်တန်းတက်ချိန်





နွေကာလမို့ အိမ်အပြင်ထွက်ပြီး ဆော့ကစားဖို့ လူကြီးများက ခွင့်မပြု။ လေရူး မွှေနှောက်လိုက်တိုင်း အိမ်ရှေ့ကုက္ကိုပင်အို ထက်ဆီမှာ ဝါယော်ယော်၊ မညို့တညိုကုက္ကို ရွက်တွေက ဝေဟင်မှာလိပ်ပြာလေးတွေလို ဝဲလွင့်ကြွေကျလာသည်။ ကလေးများက အော်ဟစ်ပြီး ရွက်ကြွေလေးတွေကို မြေမကျမီ လိုက်ဖမ်းကြသည်။ အပြစ်ကင်းစွာ ပျော်ရွှင်ကြရင်း လက်ထဲမှာဖမ်းမိတဲ့ ကုက္ကိုရွက်ကြွေလေးတွေကို တယုတယစုဆောင်းကြသည်။ ဒါပေမယ့် အဲဒီနောက်ပိုင်း ရွက်ကြွေလေးတွေကို မေ့သွားကြပြီ။

ဆံရစ်ဝိုင်းနဲ့ အစ်မတစ်ယောက်က အိမ်ပေါ်ကနေလှမ်းခေါ်သည်။ ကလေးတွေစုပြီး "ကြက်ပျံ၊ ငှက်ပျံ"ကစားကြမယ်တဲ့။ အပြင်မှာ အပူရှိန်က မပျောက်သေး။ ဘုစုခရုကလေးတစ်သိုက် အိမ်ပေါ်ပြေးတက်သွားပြီ။ နားမှာ နားကွင်းနဲ့ ကလေးပါသည်။ နှပ်တွဲလောင်းနဲ့ ကလေးလည်းပါသည်။ အကျႌကအပေါ်တွန့်တက်နေသဖြင့် ချက်စူစူကောင်လေးကိုလည်း မှတ်မိသည်။ ကလေးများမို့ အရွယ်စုံ၊ အပိန်အဝရောယှက်နေပြီး အနံ့မျိုးစုံလည်း ထွက်နေသည်။ အိမ်ပေါ်အရောက်မှာ ပါးကွက်ထူထူ ဆံရစ်ဝိုင်းလေးနဲ့ အစ်မ(အစ်မအရင်းမဟုတ်ပါ)ဆီမှ သနပ်ခါးနံ့သင်းသင်းလေးက ဘုစုခရုတို့၏ အနံ့မျိုးစုံထဲမှ တစ်ချက်တစ်ချက် ထူးခြားစွာ ပြေးထွက်လာသည်။

ကလေးတစ်သိုက် ဝိုင်းထိုင်ကြသည်။ အစ်မက လက်ဖဝါးများကို ကြမ်းပြင်ပေါ်မှာ မှောက်ချထားခိုင်းသည်။ ပြီးတော့ "ကြက်ပျံ" ဟုဆိုကာ အစ်မ၏လက်ချောင်း ဖြူဖြူလေးတွေက ကြမ်းပြင်ပေါ်မှတစ်ဆင့်. . . ဖြည်းဖြည်း မြှောက်ကာ ခေါင်းပေါ်တင်လိုက်သည်။ ကလေးများလည်း လိုက်မြှောက်ကြသည်။

"ငှက်ပျံ"ဆိုတော့သည်း ဝိုင်းအော်ဟစ်ကာ ဘုစုခရုကလေးတစ်သိုက် လက်ကိုခေါင်းပေါ်သို့ မြှောက်ကြသည်။

"ဝက်ပျံ". . . . ။

ဆံရစ်ဝိုင်းနဲ့အစ်မက လက်ကို ကြမ်းပြင်မှ ဖြည်းဖြည်းလေးခွာသည်။ ကလေးအချို့ လက်များက ကြမ်းပြင်မှာကပ်နေသည်။ အချို့ကတော့ ကြမ်းမှခွာကာ ပျံသန်းမြှောက်တက်သွားကြပြီ။

"ဝက်မှာ အတောင်မှမရှိတာ၊ ဘယ်လိုလုပ်ပြီး ပျံမလဲ၊ လာခဲ့"အစ်မကပြောပြောဆိုဆို မပျံသင့်ဘဲပျံသည့် ကလေးများကို လက်ဝါးဖြန့်စေလျက် လက်ကိုဆန့်ခိုင်းသည်။

အစ်မက လက်ဆန့်ထားတဲ့ကလေးကို "ငါးပိဝယ်ခဲ့ပါဆိုတာ၊ ဆားဝယ်ခဲ့ရသလားဟဲ့" ဆိုကာ လက်ဝါးနဲ့ရိုက်သည်။ အခြားမှားတဲ့ ကလေးကိုလည်း "ဆန်ဝယ်ခိုင်းတာ၊ ဆီဝယ်လာရသလားဟဲ့"ဆိုကာ ရိုက်ပြန်သည်။ နောက်ထပ်မှားတဲ့ ကလေးကိုတော့ "ထင်းခွေပါဆိုတာ ရေခပ်လာရသလား"ဆိုပြီး ရိုက်ဟန်ပြုသည်။ ဝက်ပျံတုန်းကတော့ ကျွန်တော်မမှား။ ဒါပေမယ့် အစ်မရဲ့လက်ဖဝါးလေးနဲ့ ရိုက်တာခံကြည့်ချင်သည်မို့ ကြက်ပျံ၊ ငှက်ပျံ၊ စာကလေးပျံ၊ ကျီးကန်းကြီးပျံ စသည်ဖြင့် ပျံကြသည့်အခါ အတူလိုက်ပျံကြသလို၊ "နွားကြီးပျံ"ဆိုတဲ့အခါ ကျွန်တော် တမင်ထပျံလိုက်သည်။

"နွားမှာအတောင်မှမရှိတာ၊ ချိုကြီးနဲ့ ပျံမှာလား၊ လာခဲ့"၊ "ဆီဝယ်ခဲ့ပါဆို၊ ငါးပိဝယ်ခဲ့တယ်"ဟုဆိုကာ ကျွန်တော့် လက်ဖဝါးကို ရိုက်သည်။ ဘုစုခရုကလေးများ ဝိုင်းရယ်ကြသည်။ သွားကျိုးလေးလည်း ရယ်သည်။ နှပ်တွဲလောင်း ကလေးလည်း နှပ်ချေးတွဲလောင်းကို မသိမသာလျှာနဲ့လျက်ရင်း ရယ်သည်။ အပြစ်ကင်းတဲ့ရယ်သံများက ခနိမိုး သုံးပင်အိမ်ကြီးမှတစ်ဆင့် အပြင်ကို ပျံ့လွင့်သွားခဲ့ကြသည်။

ကြက်ပျံ၊ ငှက်ပျံကစားနည်းက ကျွန်တော်တို့ ကလေးတစ်သိုက်ကို စုစည်းမိစေသည်။ အာရုံစူးစိုက်မှုကို သတိပြုမိစေသည်။ တိရစ္ဆာန်အကောင်လေးများကို မျက်စိထဲမြင်ယောင်မိသည်။ အတောင်ပါ၍ ပျံသန်းတတ်သော ကျေးငှက်များ၊ မြေပြင်ပေါ်မှ တောင်ပံမဲ့သတ္တဝါများကို ခွဲခြားသိရှိစေသည်။ သွက်လက်ဖျတ်လတ်သော လှုပ်ရှားမှုများ နွေးထွေးသော ပျော်ရွှင်မှုများနှင့်အတူ အေးမြသော အရိပ်ကလေးတစ်ခုမှာ ဆော့ကစားကြသည်။ "ငှက်ကလေးတွေ အိပ်တန်းဝင်တော့မယ် အိမ်ပြန်ကြတော့" ဆံရစ်ဝိုင်းနဲ့အစ်မရဲ့ စကားသံနှင့်အတူ ကျွန်တော်တို့ကလေးတစ်သိုက် အိမ်ပေါ်မှ အလုအယက်ဆင်းကြသည်။

အချိန်တန်တော့လည်း ငှက်ကလေးတွေ အိမ်ပြန်ကြရစမြဲ။ ။

လှထွဋ်ဦး

# လိမ္မော်သီးတစ်စိတ်စီပေးကြရင်



နေပြည်တော် ဇေယျာသီရိမြို့နယ် ခေတ်အေးကျေးရွာရှိ သုဇနကာရီ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးပရဟိတဂေဟာ။

ဖတ်မိတဲ့စာလေးတစ်ပုဒ် အပေါ်မှာခံစားရင်း ဒီဆောင်းပါးလေးကို ရေးဖြစ်ခဲ့တာပါ။ စာရေးသူကြိုက်တဲ့ ဘာသာပြန်စာရေးဆရာမ နိုင်းနိုင်းစနေက "လက်ထဲကလိမ္မော်ချို" ဆိုတဲ့စာလေးကိုဖတ်လိုက်ရတော့ ရင်ထဲမှာဝေဒနာလေး တစ်ခုခံစားလိုက်ရတယ်။

မိဘမဲ့ကျောင်းက ကြီးပြင်းလာခဲ့တဲ့ လူငယ်တစ်ယောက်က သူတွေ့ကြုံခဲ့ရတဲ့အတွေ့အကြုံလေးကို ပြောပြသွားတာပါ။ သူ ကိုးနှစ်သားအရွယ်မှာ မိဘတွေ ဆုံးပါးသွားတော့ လန်ဒန်က မိဘမဲ့ကျောင်းမှာ သွားနေခဲ့ရင်းဘဝကိုဖြတ်သန်းခဲ့ရတာလေးပါ။ မိဘမဲ့ကျောင်းဆိုပေမယ့် ထောင်နဲ့မကွာလှပါဘူး။ တစ်နေ့ကို ၁၄ နာရီလောက်အလုပ်လုပ်ရတယ်။ ဒီလိုနဲ့ တစ်နေ့ပြီးတစ်နေ့ သူရဲ့ဘဝဟာ ဒီအတိုင်းနဲ့ မပြောင်းလဲဘဲ မိဘမဲ့ကျောင်းမှာ နေခဲ့ရတယ်။

သူတို့မိဘမဲ့ကျောင်းသားလေးတွေဟာ တစ်နှစ်မှာ ခရစ္စမတ်နေ့တစ်ရက်ပဲ နားခွင့်ရတယ်။ အဲဒီနေ့မှာ ဘုရားသခင်ကိုပူဇော်တဲ့အနေနဲ့ တစ်ယောက်ကို လိမ္မော်သီးတစ်လုံးစီရကြတယ်။ ခရစ္စမတ်မှာ သူများတွေလို အစားအစာ ကောင်းကောင်းတွေ မရှိဘူး။ ကစားစရာအရုပ်မရှိပါဘူး။ သူတို့ တစ်ယောက်ချင်းစီရဲ့ဝေစုဟာ လိမ္မော်သီးတစ်လုံးပဲရကြတယ်။ တစ်နှစ်ပတ်လုံးမှာ အမှားမကျူးလွန်တဲ့သူ၊ ပြောသမျှစကားကိုနားထောင်ပြီး လိမ္မာတဲ့သူမှ လိမ္မော်သီးကိုစားရတယ်။ ဒါကြောင့် ခရစ္စမတ်ရဲ့လိမ္မော်သီးဟာ သူတို့ တစ်နှစ်ပတ်လုံးရဲ့ မျှော်လင့်ချက်ဖြစ်ခဲ့ကြတယ်။

ဒီလိုနဲ့ခရစ္စမတ်ပွဲတော်ရက်တစ်ရက်ကို ရောက်လာခဲ့တယ်။ အဲဒီရက်က သူရဲ့ ကမ္ဘာပျက်တဲ့နေ့ပဲ။ ကလေးတွေလိမ္မော်သီးရဖို့အတွက် ကျောင်းအုပ်ကြီးရှေ့တန်းစီနေချိန်မှာ သူကအခန်းရဲ့ထောင့်တစ်နေရာမှာ အပြစ်ပေးတာခံနေရတယ်။ ဘာဖြစ်လို့လဲဆိုတော့ သူဟာအဲဒီနှစ်နွေရာသီတုန်းက ကျောင်းကနေထွက်ပြေးဖို့ ကြိုးစားခဲ့တဲ့အပြစ်ကြောင့်ဖြစ်တယ်။

လိမ္မော်သီးရတဲ့ ကလေးတွေခြံထဲ ကစားခွင့်ရတဲ့အချိန်မှာ သူကအိပ်ခန်းထဲမှာ တစ်နေကုန်လဲလျောင်းနေရတယ်။ သူဒီနေ့အတွက် အရမ်းခံစားနေရတယ်။ သူများတွေပျော်လို့ မပျော်ရတဲ့အခြေအနေမှာ သူလောကကြီးကို စိတ်နာမုန်းတီးလို့နေတယ်။

ခဏနေတော့ သူခြေသံတစ်ခုကြားလိုက်ရတယ်။ သူ့ရဲ့စောင်ကို ခြေသံပိုင်ရှင်က ဆွဲလှန်လိုက်တယ်။ သူမျက်စိဖွင့်ကြည့်လိုက်တော့ ဝီလီလို့ခေါ်တဲ့ကောင်လေးတစ်ယောက် ခုတင်ရှေ့မှာ ရပ်နေတာကို တွေ့လိုက်ရတယ်။ ဝီလီညာဘက်လက်မှာ ဆုပ်ကိုင်ထားတာက လိမ္မော်သီးတစ်လုံး။ ဝီလီက လိမ္မော်သီးကို သူ့ကိုကမ်းပေးလိုက်တယ်။ သူစဉ်းစားလိုက်တယ်။ ကလေးတစ်ယောက်ကို လိမ္မော်သီးတစ်လုံးပဲရချိန်မှာ ဝီလီဘာကြောင့်သူ့လက်ထဲ လိမ္မော်သီးနှစ်လုံး ရှိနေရတာလဲပေါ့။

ဝီလီက သူ့လက်ထဲကိုလိမ္မော်သီးပေးလိုက်တဲ့အချိန်မှာ သူသဘောပေါက်သွားတယ်။ လိမ္မော်သီးစိတ်ကလေးတွေကို စုထားပြီးလိမ္မော်သီးတစ်လုံးဖြစ်အောင် သူငယ်ချင်းတွေ ပေးလိုက်တာကိုပါ။ ကျောင်းကပေးလိုက်တဲ့ ခရစ္စမတ်လက်ဆောင်ကို သူမရပေမယ့် သူ့ရဲ့သူငယ်ချင်းတွေပေးတဲ့ လက်ဆောင်ကို သူရလိုက်တယ်။

စာမျက်နှာ ၇ သို့ »»

# ဇီဝမျိုးစုံမျိုးကွဲများနှင့်အတူ သဘာဝနယ်မြေများ ကာကွယ်ထိန်းသိမ်းကြရာတွင် . . .

ဇီဝမျိုးစုံမျိုးကွဲဟု ခေါ်ဆိုသတ်မှတ်ထားသည့် တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များစွာတို့အနက် ထူးခြားပြီး ရှားပါးသည့် မျိုးစိတ်များစွာကို အာရှတိုက်နှင့် အရှေ့တောင်အာရှဒေသ နယ်မြေများအတွင်း အမြောက်အများတွေ့ရှိရပြီး အရှေ့တောင်အာရှဒေသအတွင်း ပါဝင်နေသည့် မြန်မာနိုင်ငံသည်လည်း ကမ္ဘာ့ဇီဝမျိုးစုံမျိုးကွဲ အချက်အခြာဒေသ ( Biodiversity Hotspot) ၂၅ ခုတွင် ပါဝင်လျက်ရှိပေရာ ဇီဝမျိုးစုံမျိုးကွဲများ ပေါကြွယ်ဝမှုကြောင့် ထင်ရှားသည့် နိုင်ငံတစ်ခုစာရင်းတွင် ပါဝင်နေပေသည်။ ဇီဝမျိုးစုံမျိုးကွဲများကို ရေရှည်တည်တံ့စေရန်နှင့် မျိုးဆက်ပျက်သုဉ်းမှုမှ ကာကွယ်ထိန်းသိမ်းရန် အထူးပင်လိုအပ်လှပေသည်။

မြန်မာနိုင်ငံတွင် ဇီဝမျိုးစုံမျိုးကွဲများကို ကာကွယ်ထိန်းသိမ်းရန်အတွက် ယင်းတို့ သဘာဝအတိုင်း တည်မှီကျက်စား နေထိုင်လျက်ရှိသည့် ဂေဟစနစ်များနှင့် ယင်းတို့၏ နေရင်းဒေသများကို ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ ကာကွယ်ခြင်းတို့ကို ဆောင်ရွက်ရန် လိုအပ်ပေသည်။ သို့မှသာ ဇီဝမျိုးစုံမျိုးကွဲများတို့ ရေရှည်တည်တံ့နေမည်ဖြစ်သည်။ ထိုကဲ့သို့ ကာကွယ်ထိန်းသိမ်းစောင့်ရှောက်နိုင်ရန်ကိုလည်း စနစ်တကျထိရောက်စွာ ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတော်မှ ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေး မူဝါဒများ ချမှတ်ထားရှိပြီးဖြစ်ကြောင်းလည်း သိရှိရသည်။

ဇီဝမျိုးစုံမျိုးကွဲတို့ တည်မှီကျက်စားနေထိုင်ရာ ဂေဟစနစ်နယ်မြေများကို ကာကွယ်ထိန်းသိမ်းရန် ဆောင်ရွက်လျက်ရှိရာတွင် နိုင်ငံတကာတွင် သတ်မှတ်ထိန်းသိမ်းကာကွယ်လျက်ရှိသည့် စနစ်များနှင့်နည်းတူ သဘာဝနယ်မြေများ (Protected Areas) ဟူ၍ အဓိပ္ပာယ်စကားရပ် သတ်မှတ်ပြဋ္ဌာန်းပြီး ကာကွယ်ထိန်းသိမ်းမှုကို ထိရောက်စွာ ဆောင်ရွက်နိုင်ရန် ယခင်ဗြိတိသျှ ကိုလိုနီခေတ်အစိုးရလက်ထက်ကပင် ဥပဒေထုတ်ပြန်ပြဋ္ဌာန်းထားခဲ့မှုကို ၁၉၉၄ ခုနှစ်က **တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေများ ထိန်းသိမ်းရေး ဥပဒေ**အဖြစ် ပြန်လည်ရေးဆွဲပြဋ္ဌာန်းခဲ့ကာ ယင်းနည်းဥပဒေကို ၂၀၀၂ ခုနှစ်တွင် ထုတ်ပြန်ပြဋ္ဌာန်းခဲ့သည်။

မြန်မာနိုင်ငံအတွင်း ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းဆောင်ရွက်နေမှု အခြေအနေနှင့် ပတ်သက်၍ “ဥပဒေအရ နယ်မြေသတ်မှတ်ထိန်းသိမ်းကာကွယ်တဲ့နေရာမှာ သစ်တောနယ်မြေနဲ့ သဘာဝနယ်မြေဆိုပြီး ထိန်းသိမ်းတာရှိပါတယ်။ သစ်တောနယ်မြေဆိုတာကတော့ ကြိုးဝိုင်းတောတွေနဲ့ ကြိုးပြင်ကာကွယ်တောတွေ သတ်မှတ်ဖွဲ့စည်း ကာကွယ်ထိန်းသိမ်းတာဖြစ်ပါတယ်။ သဘာဝနယ်မြေဆိုတာကတော့ တောရိုင်းတိရစ္ဆာန်နဲ့ သဘာဝအပင်များ၊ ဂေဟစနစ်များ၊ ထင်ရှားတဲ့ ပထဝီအနေအထားရှိတဲ့ နေရာဒေသများကို သတ်မှတ်ဖွဲ့စည်း ကာကွယ်ထိန်းသိမ်းတာဖြစ်ပါတယ်။

ကျွန်တော်တို့ သစ်တောဦးစီးဌာနအနေနဲ့ မြန်မာနိုင်ငံအတွင်းမှာရှိတဲ့ ဖွဲ့စည်းတည်ထောင်ပြီး သဘာဝနယ်မြေတွေထဲမှာ ပါဝင်နေတဲ့ ဂေဟစနစ်တွေ ရေရှည်တည်တံ့အောင်၊ ဇီဝမျိုးစုံမျိုးကွဲတွေဖြစ်တဲ့ သစ်ပင်ပန်းမန်တွေနဲ့ သားငှက်တိရစ္ဆာန်တွေ၊ သဘာဝပတ်ဝန်းကျင်တွေကို ထိန်းသိမ်းကာကွယ်တဲ့လုပ်ငန်းတွေကို မူဝါဒ၊ ရည်မှန်းချက်၊ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းတွေနဲ့အညီ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။

ထိန်းသိမ်းရေးလုပ်ငန်းတွေကိုလည်း ဥပဒေပြဋ္ဌာန်းချက်တွေနဲ့အညီ သတ်မှတ်ထိန်းသိမ်းပြီးတော့ ဥပဒေအရ သဘာဝနယ်မြေ အမျိုးအစားတွေကို ခုနစ်မျိုး သတ်မှတ်ထားပြီး သိပ္ပံကြိုးဝိုင်း၊ အမျိုးသားဥယျာဉ်၊ အဏ္ဏဝါအမျိုးသားဥယျာဉ်၊ သဘာဝကြိုးဝိုင်း၊ တောရိုင်းတိရိစ္ဆာန် ဘေးမဲ့တော၊ ဘူမိရူပထူးခြားသည့် ကြိုးဝိုင်းနဲ့ ပြည်ထောင်စုဝန်ကြီးကသတ်မှတ်တဲ့ အခြားသဘာဝကြိုးဝိုင်းဆိုပြီး လုပ်ထုံးလုပ်နည်းများနဲ့အညီ သတ်မှတ်ဖွဲ့စည်းတည်ထောင် ထိန်းသိမ်းလျက်ရှိပါတယ်”ဟု သစ်တောဦးစီးဌာန သဘာဝဝန်းကျင်နှင့် သားငှက်တိရစ္ဆာန်ထိန်းသိမ်းရေးဌာနခွဲမှ ညွှန်ကြားရေးမှူး ဦးဝင်းနိုင်သော်က ရှင်းပြသည်။



ရှင်မင်း

၂၀၁၅ ခုနှစ်အထိ မြန်မာနိုင်ငံတွင် သတ်မှတ်တည်ထောင်ပြီးသော သဘာဝနယ်မြေ ၃၉ ခု ရှိပြီး ဧရိယာစုစုပေါင်းအားဖြင့် စတုရန်းမိုင် ၁၅၀၁၁ ဒသမ ၇၃ မိုင် (၉၆၀၇၄၉၀ ဒသမ ၁၆ ဧက) အကျယ်အဝန်းရှိသည်။ ထို့ပြင် သဘာဝနယ်မြေအဖြစ် သတ်မှတ်ဖွဲ့စည်းရန် ရည်ရွယ်ထားသော နယ်မြေရှစ်ခုကိုလည်း ထပ်မံဖွဲ့စည်းတည်ထောင်သွားမည်ဖြစ်ပြီး အကျယ်အဝန်းအားဖြင့် စတုရန်းမိုင် ၂၈၇၀ ဒသမ ၁၃ မိုင် (၁၈၃၆၈၈၂ ဒသမ ၇၃၅ ဧက) ခန့်ရှိမည်ဖြစ်သည်။

၁၉၉၅ ခုနှစ်က ပြဋ္ဌာန်းထားသည့် မြန်မာ့သစ်တောမူဝါဒအရ မြန်မာနိုင်ငံအတွင်း သစ်တောနယ်မြေများကို နိုင်ငံဧရိယာ၏ ၃၀ ရာခိုင်နှုန်းနှင့် သဘာဝနယ်မြေများကို နိုင်ငံဧရိယာ၏ ၅ ရာခိုင်နှုန်းအထိ ဖွဲ့စည်းထိန်းသိမ်းကာကွယ်ထားရှိရန် ချမှတ်ထားပြီး ၂၀၀၁ ခုနှစ်မှ ၂၀၃၀ ခုနှစ်အထိ အကောင်အထည်ဖော်ဆောင်ရွက်ရန် ရေးဆွဲထုတ်ပြန်ခဲ့သည့် အမျိုးသားသစ်တောကဏ္ဍ ပင်မနှစ် ၃၀ စီမံချက်တွင် သဘာဝနယ်မြေများ တည်ထောင်ခြင်းကို နိုင်ငံဧရိယာ၏ ၁၀ ရာခိုင်နှုန်းအထိ ဖွဲ့စည်းထိန်းသိမ်းရန် ရည်မှန်းချက်အဖြစ် ရေးဆွဲခဲ့သည်။

“မြန်မာ့သစ်တောမူဝါဒအရ နိုင်ငံဧရိယာရဲ့ ၃၀ ရာခိုင်နှုန်းအထိ သစ်တောနယ်မြေအဖြစ် တိုးချဲ့ဖွဲ့စည်းရမယ်။ သဘာဝနယ်မြေကိုတော့ ၅ ရာခိုင်နှုန်းအထိ တိုးချဲ့ဖွဲ့စည်းရမယ်လို့ သတ်မှတ်ထုတ်ပြန်ထားပါတယ်။ လက်ရှိမှာ အစိုးရအစဉ်အဆက် သတ်မှတ်ဖွဲ့စည်း တည်ထောင်ထားခဲ့တဲ့ သဘာဝနယ်မြေပေါင်း ၃၉ ခုအထိ ရှိပြီးတော့ နိုင်ငံဧရိယာရဲ့ ၅ ဒသမ ၇၅ ရာခိုင်နှုန်းရှိပါတယ်။

ဆက်ပြီးတော့ ဖွဲ့စည်းသွားမယ့် သဘာဝနယ်မြေအဖြစ် ရည်ရွယ်ကြောင်း ကြေညာထားတဲ့ နယ်မြေရှစ်ခုရှိပါတယ်။ ဒီ ၈ ခုကို ဖွဲ့စည်းလိုက်ရင် ၁ ဒသမ ၁၀ ရာခိုင်နှုန်း တိုးတက်လာမှာဖြစ်ပါတယ်။ စုစုပေါင်း ဧရိယာ ၆ ဒသမ ၈၅ ရာခိုင်နှုန်းလောက်ထိ တိုးတက်ဖွဲ့စည်းနိုင်မှာ ဖြစ်ပါတယ်။

ရည်ရွယ်ချက်က သဘာဝအမွေအနှစ်လို့ခေါ်တဲ့ သဘာဝပတ်ဝန်းကျင် အခြေအနေကောင်းတွေနဲ့ ဂေဟစနစ်အမျိုးအစားတွေ မပျက်ယွင်းစေဖို့ဖြစ်ပြီးတော့ ဇီဝမျိုးကွဲမျိုးစုံ ထိန်းသိမ်းခြင်းတွေ၊ သဘာဝအပင်တွေနဲ့ သားငှက်တိရစ္ဆာန်တွေ ထိန်းသိမ်းခြင်းတွေကို ရေရှည်တည်တံ့အောင် ဆက်လက်ပြီးတော့လည်း ရည်မှန်းချက်တွေနဲ့အညီ တိုးချဲ့ဖွဲ့စည်းသွားမှာပါ။

ကျွန်တော်တို့ သစ်တောဦးစီးဌာနအနေနဲ့ ဂေဟစနစ်တွေထဲမှာ သဘာဝအတိုင်း ကျက်စားနေတဲ့ တောရိုင်းတိရစ္ဆာန်တွေ၊ သဘာဝအတိုင်း ပေါက်ရောက်နေတဲ့ အပင်တွေကို ရေရှည်တည်တံ့စေရေး ကာကွယ်ထိန်းသိမ်းနေပါတယ်။ ကာကွယ်မှုနဲ့ ထိန်းသိမ်းမှုဆိုပြီး အပိုင်းနှစ်ပိုင်း ဆောင်ရွက်လျက်ရှိပါတယ်။

ဒီလို ဇီဝမျိုးစုံမျိုးကွဲတွေကို ထိန်းသိမ်းဖို့ ကမ္ဘာလုံးဆိုင်ရာအနေနဲ့လည်း ဇီဝမျိုးစုံမျိုးကွဲ ကွန်ဗင်းရှင်း (Convention on Biological Diversity-CBD)ဆိုတာကို ဖွဲ့စည်းပြီး ကမ္ဘာ့နိုင်ငံများ ၁၉၆ နိုင်ငံက အဖွဲ့ဝင်အဖြစ် ပါဝင်ဆောင်ရွက်နေတာ ရှိပါတယ်။ မြန်မာနိုင်ငံကလည်း ၁၉၉၅ ခုနှစ်ထဲက အဖွဲ့ဝင်ထားပါတယ်။ မြန်မာနိုင်ငံမှာ ၁၉၂၀ ခုနှစ်ကတည်းက သဘာဝနယ်မြေတွေကို စတင်တည်ထောင်ထားခဲ့ပြီးဖြစ်ပါတယ်။ ကချင်ပြည်နယ်မှာ ပိတောင်ဘေးမဲ့တော၊ ပြင်ဦးလွင် သားငှက် ဘေးမဲ့တော၊ တောင်ကြီးငှက်ဘေးမဲ့တောတွေဟာ မြန်မာနိုင်ငံမှာ အစောဆုံး တည်ထောင်ထားခဲ့တဲ့ သဘာဝနယ်မြေဖြစ်တဲ့ တောရိုင်းတိရစ္ဆာန် ဘေးမဲ့တောတွေဖြစ်ပါတယ်။

ဒီလို တည်ထောင်ထားတဲ့ သဘာဝနယ်မြေတွေကို ထိန်းသိမ်းတဲ့နေရာမှာ ဥပဒေပါ ပြဋ္ဌာန်းချက်နှင့်အညီ အမျိုးအစားအဆင့်အတန်းခွဲခြားပြီး သတ်မှတ်ချက်တွေနဲ့ သတ်မှတ်ထိန်းသိမ်းထားရှိသလို တောရိုင်းတိရစ္ဆာန်များကိုလည်း မျိုးဆက်ပျက်သုဉ်းမည့် အန္တရာယ်ကနေကာကွယ်ရန် အလို့ငှာ လုံးဝကာကွယ်ထားတာ၊ သာမန်ကာကွယ်ထားတာနဲ့ ရာသီအလိုက် ကာကွယ်ထားတာဆိုပြီး အမျိုးအစားခွဲခြားသတ်မှတ် ထုတ်ပြန်ထားရှိပါတယ်။ လုံးဝကာကွယ်ထားတယ်ဆိုတဲ့ အထဲမှာ မြန်မာနိုင်ငံမှာသာ တွေ့ရတဲ့ တောရိုင်းတိရစ္ဆာန်မျိုးတွေ၊ အရေအတွက်နည်းပါးပြီးတော့ ရှားပါးပြီး မျိုးသုဉ်းပျောက်ကွယ်နိုင်တဲ့ တောရိုင်းတိရစ္ဆာန်မျိုးတွေ ပါဝင်တယ်။ ပြီးတော့ လက်ရှိမှာ တောရိုင်းတိရစ္ဆာန်မျိုးတွေဟာ အတန်အသင့်ပေါများနေမှု ရှိသေးပေမယ့် ရေရှည်အတွက် ကောင်းရေလျော့ကျတာ၊ မျိုးပွားတာတွေ ထိခိုက်နိုင်တဲ့အခြေအနေဆို သာမန်ကာကွယ်မှုအနေနဲ့ သတ်မှတ်ကာကွယ်ထားပါတယ်။ ရာသီအလိုက်ကာကွယ်ထားတဲ့ အထဲမှာ တောရိုင်းတိရစ္ဆာန်မျိုးတွေဟာ ပေါများပေမယ့် ရေရှည်တည်တံ့ပြီး မျိုးဆက်ပြန့်ပွားစေဖို့ မိတ်လိုက်ချိန်၊ သားလွယ်ချိန်၊ သားပေါက်ဖွားချိန်တွေမှာ ပစ်ခတ်ဖမ်းဆီးခြင်း မပြုနိုင်ဖို့ကိုလည်း သတ်မှတ်ပြဋ္ဌာန်းကာကွယ် ဆောင်ရွက်ထားပါတယ်”ဟု ညွှန်ကြားရေးမှူးက ဆက်လက်ပြောပြသည်။

သားငှက်တိရစ္ဆာန်များ ထိန်းသိမ်းကာကွယ်ရေးအတွက် တောရိုင်းတိရစ္ဆာန်နို့တိုက် သတ္တဝါမျိုးစိတ်၊ ကျေးငှက်မျိုးစိတ်၊ ကုန်းနေရေနေနှင့် တွားသွားသတ္တဝါ မျိုးစိတ်များကို လုံးဝကာကွယ်ထားသော၊ သာမန်ကာကွယ်ထားသော၊ ရာသီအလိုက် ကာကွယ်ထားသော တောရိုင်းတိရစ္ဆာန် မျိုးစိတ်များအဖြစ်ခွဲခြားကာ လုံးဝကာကွယ်ထားသည့် မျိုးစိတ်ပေါင်း ၉၈ မျိုး၊ သာမန်ကာကွယ်ထားသည့်မျိုးစိတ်ပေါင်း ၆၁ မျိုး၊ ရာသီအလိုက် ကာကွယ်ထားသည့် မျိုးစိတ်ပေါင်း ၁၅ မျိုး ရှိကြောင်း သစ်တောဦးစီးဌာနမှ ၁၉၉၄ ခုနှစ် အောက်တိုဘာ ၂၆ ရက်က ထုတ်ပြန်ထားသည့် စာရင်းအရ သိရသည်။

ထို့ပြင် သစ်တောဦးစီးဌာနမှ သဘာဝနယ်မြေများအတွင်း အဆောက်အအုံအသစ်ဆောက်လုပ်ခြင်း၊ တောရိုင်းတိရစ္ဆာန်များကို ဖမ်းဆီးသတ်ဖြတ်ခြင်း၊ အနာတရဖြစ်စေခြင်း၊ တောရိုင်းတိရစ္ဆာန်များ လက်ဝယ်ထားရှိခြင်း၊ ရောင်းချခြင်း၊ သဘာဝအပင်နှင့် သစ်တောထွက်ပစ္စည်းများ ဖျက်ဆီးခြင်း၊ ခုတ်လှဲခြင်း၊ ထုတ်ယူခြင်း၊ စုဆောင်းခြင်း၊ မြေတူးခြင်း၊ မြေရှင်းလင်းခြင်း၊ သစ်ပင်သီးနှံစိုက်ပျိုးခြင်း၊ မီးရှို့ခြင်း၊ ငါးဖမ်းခြင်း၊ အမဲလိုက်ခြင်း၊ ရေထုလေထု ညစ်ညမ်းစေခြင်း၊ ရေစီးရေလာပျက်စီးစေခြင်း သို့မဟုတ် ရေတွင် အဆိပ်ခတ်ခြင်း၊ အဆိပ်အတောက်ဖြစ်စေသော ပစ္စည်းနှင့် ဓာတ်သတ္တု အညစ်အကြေးများကို စွန့်ပစ်ခြင်းတို့ကို နည်းဥပဒေတွင် တားမြစ်ချက်အဖြစ် သတ်မှတ် ပြဋ္ဌာန်းထားသည်။

“နိုင်ငံအတွင်းမှာ သဘာဝအမွေအနှစ်ထိန်းသိမ်းခြင်းတွေ ဆောင်ရွက်သလို အာဆီယံဒေသတွင်းမှာလည်း အာဆီယံအမွေအနှစ်ဥယျာဉ်များ (ASEAN Heritage Parks-AHP) အဖြစ် အတည်ပြုသတ်မှတ်ထားပြီး ကွန်ရက်ချိတ်ဆက် ပူးပေါင်းဆောင်ရွက်နေတာရှိပါတယ်။ ၂၀၀၃ ခုနှစ် ဒီဇင်ဘာ ၁၈ ရက်မှာ ရန်ကုန်မြို့မှာကျင်းပတဲ့ အာဆီယံ ပတ်ဝန်းကျင်ရေးရာဝန်ကြီးများ အစည်းအဝေးမှာ တက်ရောက်လာတဲ့ အာဆီယံနိုင်ငံ ကိုယ်စားလှယ်များက လက်မှတ်ရေးထိုးပြီး အာဆီယံအမွေအနှစ်ဥယျာဉ်များ သတ်မှတ်ခြင်းဆိုင်ရာကြေညာချက်ကို ထုတ်ပြန်ကြေညာခဲ့တာဖြစ်ပါတယ်။ အာဆီယံအမွေအနှစ်ဥယျာဉ်အဖြစ် အာဆီယံဒေသကိုယ်စားပြု သဘာဝနယ်မြေတွေကို သတ်မှတ်ခြင်းဖြစ်ပြီး စံသတ်မှတ်ချက် ၉ ချက်ရှိပါတယ်။ မြန်မာနိုင်ငံက အာဆီယံအမွေအနှစ်အဖြစ်ခုနစ်ခု သတ်မှတ်ခံခဲ့ရပြီး အာဆီယံဒေသတွင်းမှာ (ASEAN Heritage Parks-AHP) ၃၆ ခု ရှိပြီးတော့ အများဆုံးသတ်မှတ်ခံရတာက ဖိလစ်ပိုင်နိုင်ငံက ရှစ်ခုဖြစ်ပြီး၊ ဒုတိယမြန်မာနိုင်ငံက ခုနစ်ခု ဖြစ်ပါတယ်။ ဆက်လက်ပြီးတော့လည်း သဘာဝနယ်မြေထဲက စံသတ်မှတ်ချက်နဲ့ကိုက်ညီပြီး အာဆီယံဒေသအဆင့် ကိုယ်စားပြုနိုင်မယ့် သဘာဝနယ်မြေတွေကို (ASEAN Heritage Park-AHP) အဖြစ် တင်ပြသွားဖို့လည်း ရှိပါတယ်။

ကမ္ဘာ့အဆင့်မှာတော့ ယူနက်စကိုကနေ ကမ္ဘာ့အမွေအနှစ်နယ်မြေများ (World Heritage Sites) အဖြစ် ယဉ်ကျေးမှုအမွေအနှစ်နယ်မြေများ (Cultural World Heritage Sites)နဲ့ သဘာဝအမွေအနှစ်နယ်မြေများ (Natural World Heritage Sites)ဆိုပြီး သတ်မှတ်ထားတာရှိပါတယ်။ ကျွန်တော်တို့နိုင်ငံက ယဉ်ကျေးမှုအမွေအနှစ်အနေနဲ့ရော သဘာဝအမွေအနှစ်အနေနဲ့ရော နေရာ အများအပြားတွေ့ရှိနိုင်တဲ့ နိုင်ငံဖြစ်ပါတယ်။ ၂၀၁၄ ခုနှစ်ထဲမှာ ပျူမြို့ဟောင်းသုံးခုနေရာကို ယူနက်စကိုအဖွဲ့ကြီးရဲ့ ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ် စာရင်းဝင်အဖြစ် သတ်မှတ်ခံရပြီးဖြစ်ပါတယ်။ ကမ္ဘာ့ သဘာဝအမွေအနှစ်နယ်မြေအဖြစ် သတ်မှတ်နိုင်ရေးအတွက် နိုင်ငံတော်အစိုးရအဖွဲ့ အတည်ပြုချက်နဲ့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနက ယူနက်စကိုအဖွဲ့ရုံးဌာနချုပ်ကို သဘာဝအမွေအနှစ်နေရာ ခုနစ်ခု လျာထာစာရင်းအနေနဲ့ ၂၀၁၃ ခုနှစ်ထဲမှာ တင်ပြထားပြီးဖြစ်ပါတယ်။

ကမ္ဘာ့သဘာဝအမွေအနှစ် လျာထားစာရင်း ခုနစ်ခုထဲကမှ ယူနက်စကိုရဲ့ သတ်မှတ်ချက်တွေနဲ့ အများဆုံးကိုက်ညီတဲ့ ဦးစားပေး သဘာဝအမွေအနှစ် ၃ ခုအဖြစ် ကချင်ပြည်နယ် ခါကာဘိုရာဇီ အမျိုးသားဥယျာဉ်ပါဝင်တဲ့ မြန်မာ့မြောက်ဖျား ဆက်စပ်သစ်တောနယ်မြေ Northern Mountain Forest Complex (NMFC) ဒေသကြီးရယ်၊ အင်းတော်ကြီးကန်ဒေသရယ်နဲ့ ချင်းပြည်နယ် နတ်မတောင် အမျိုးသားဥယျာဉ်တို့ကို ကွင်းဆင်းလေ့လာဆောင်ရွက်ခဲ့ပါတယ်။

အဲဒီအထဲကမှ ဟိမဝန္တာတောင်တန်းဒေသနဲ့ ထိစပ်ပါဝင်နေတဲ့ ခါကာဘိုရာဇီ၊ ဖုန်ကန်ရာဇီ တောင်တန်းများ၊ ဟူးကောင်းချိုင့်ဝှမ်း တနိုင်းချောင်းလွင်ပြင်ဒေသတို့ ပါဝင်တဲ့ မြန်မာ့မြောက်ဖျား ဆက်စပ်သစ်တောနယ်မြေ (NMFC) ဒေသကြီးကို ယူနက်စကိုနဲ့ IUCN အဖွဲ့ကြီးတို့က ကျွမ်းကျင်ပညာရှင်တွေရဲ့

**စာမျက်နှာ ၇ သို့ »»»**

»»» စာမျက်နှာ ၂ မှ

ပဏာမကွင်းဆင်းလေ့လာချက်အရ စံသတ်မှတ်ချက်များနဲ့ အကိုက်ညီဆုံးဖြစ်ရုံမက ကမ္ဘာ့အဆင့်ဖြစ်တဲ့ ထိန်းသိမ်းကာကွယ်ရမယ့် နယ်မြေကြီးတစ်ခုအဖြစ် သတ်မှတ်နိုင်ကြောင်း၊ ကမ္ဘာလုံးဆိုင်ရာထူးခြားပြည့်စုံမှုတန်ဖိုး Outstanding Universal Value (OUV) ခေါ်တဲ့ ယူနက်စကိုက သတ်မှတ်တဲ့ Criteria နဲ့လည်း ကိုက်ညီတာကို တွေ့ရှိရကြောင်း သုံးသပ်အကြံပြုချက်များအရ ကမ္ဘာ့သဘာဝအမွေအနှစ်နယ်မြေအဖြစ် အဆိုပြုတင်ပြဖို့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနဲ့ သစ်တောရေးရာဝန်ကြီးဌာန၊ နော်ဝေနိုင်ငံအစိုးရတို့ ပူးပေါင်းပြီး ယူနက်စကိုအဖွဲ့မှ ကျွမ်းကျင်ပညာရှင်များ၊ Wildlife Conservation Society (WCS) တို့မှ ကျွမ်းကျင်ပညာရှင်များ ကူညီဆောင်ရွက်မှုတို့နဲ့ စတင်ဆောင်ရွက်နေပြီဖြစ်ပါတယ်။

ပြီးတော့ ယူနက်စကိုအဖွဲ့ကြီးက သဘာဝပတ်ဝန်းကျင်နဲ့ ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးတို့အတွက် လူသားနဲ့ သဘာဝဝန်းကျင်တို့ အတူယှဉ်တွဲနေကြတဲ့ သဘာဝနယ်မြေတွေ ပါဝင်တဲ့နေရာဒေသတွေကို ဇီဝအဝန်းနယ်မြေ (Biosphere Reserve) အဖြစ် သတ်မှတ်ထားတဲ့နယ်မြေများလည်းရှိပါတယ်။ ဒီနယ်မြေတွေက နိုင်ငံအစိုးရများနဲ့ ဒေသခံပြည်သူများ အတူပူးပေါင်းထိန်းသိမ်းဆောင်ရွက်နေကြတာလည်း ဖြစ်ပါတယ်။ လူသားနှင့် ဇီဝအဝန်းနယ်မြေအစီအစဉ် (Man and the Bioshpere Reserve Programme - MAB) အဖြစ် သတ်မှတ်ထားပြီး ယူနက်စကိုအဖွဲ့ဝင်နိုင်ငံများအကြားမှာ နယ်မြေတွေကို အတည်ပြုထုတ်ပြန် ကြေညာသတ်မှတ်ပြီး ကမ္ဘာလုံးဆိုင်ရာကွန်ရက်အဖြစ် ပူးပေါင်းဆောင်ရွက်နေပါတယ်။ MAB Network ထဲမှာပါတဲ့ ဇီဝအဝန်းနယ်မြေတွေအနေနဲ့ ၂၀၁၅ ခုနှစ်အထိ သတ်မှတ်ပြီးစာရင်းအရ မြန်မာနိုင်ငံအပါအဝင် အဖွဲ့ဝင်နိုင်ငံပေါင်း ၁၂၀ မှာ နယ်မြေပေါင်း ၆၅၁ ခုအထိ သတ်မှတ်ထားပြီးဖြစ်ပါတယ်။ ဇီဝအဝန်းနယ်မြေ (Biosphere Reserve) မှာကျတော့ လူသားတွေ၊ တိရစ္ဆာန်တွေ၊ အပင်တွေ၊ ရေကန်တွေ၊ ချောင်းမြောင်းတွေစတဲ့ သဘာဝပတ်ဝန်းကျင်နဲ့ ဇီဝမျိုးစုံမျိုးကွဲတွေ အားလုံးပါဝင်ပြီးတော့ အတူယှဉ်တွဲနေထိုင်နေတဲ့ လူသားတွေက ဒီလိုနေရာ ဒေသ၊ နယ်မြေတွေကို ရေရှည်တည်တံ့အောင်၊ လူတို့ အသုံးပြုမှီခိုနေရတဲ့ သဘာဝသယံဇာတတွေနဲ့ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်တာတွေကို စဉ်ဆက်မပြတ် ထုတ်ယူသုံးစွဲနိုင်ရေး၊ စနစ်တကျရှိရေး ဟန်ချက်ညီညီ ထိန်းသိမ်းစီမံအုပ်ချုပ်လုပ်ကိုင်သွားတာ ဖြစ်ပါတယ်။

ဇီဝအဝန်းနယ်မြေတစ်ခုမှာ ဒီလိုစနစ်တကျ ဟန်ချက်ညီညီထိန်းသိမ်းစီမံအုပ်ချုပ်ဖို့အပိုင်းမှာ ဇုန်နယ်မြေ သတ်မှတ်ပိုင်းခြားဆောင်ရွက်တာဟာ အင်မတန်မှ အရေးကြီးပါတယ်။ သဘာဝပတ်ဝန်းကျင်နဲ့ ဇီဝမျိုးစုံမျိုးကွဲတွေကို စဉ်ဆက်မပြတ် ရေရှည်တည်တံ့အောင်ထိန်းသိမ်းကာကွယ်ဖို့ အမာခံပင်မထိန်းသိမ်းရေးနယ်မြေ(Core Area)၊ သဘာဝသယံဇာတတွေကို စနစ်တကျထုတ်ယူသုံးစွဲနိုင်ဖို့အတွက် ကြားခံနယ်မြေ (Buffer Area)နဲ့ လူမှုစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်နိုင်ရန်အတွက် (Development Area/ Transition Area) နယ်မြေသုံးခုကို ပိုင်းခြားသတ်မှတ်ဖို့ လိုအပ်ပါတယ်။

အမာခံပင်မထိန်းသိမ်းရေးနယ်မြေ(Core Area) ထဲမှာ လူတို့ဝင်ရောက်အသုံးပြုလုပ်ကိုင်တာတွေကို တားမြစ်ပြီး ဇီဝမျိုးစုံမျိုးကွဲများဖြစ်တဲ့ သဘာဝအပင်နဲ့ သားငှက်တိရစ္ဆာန်တွေ သဘာဝအတိုင်း မျိုးဆက်ပြန့်ပွားပေါက်ပွားရှင်သန်နေဖို့ ထိန်းသိမ်းထားရှိရန် လိုအပ်ပါတယ်။

ကြားခံနယ်မြေ (Buffer Area) မှာတော့ လူတွေအစဉ်အဆက် သဘာဝသယံဇာတအရင်းအမြစ်တွေကို မှီခိုထုတ်ယူသုံးစွဲနိုင်ဖို့ အခွင့်အလမ်းဆက်လက်ထားရှိပေးခြင်းအဖြစ် ပင်မထိန်းသိမ်းရေးနယ်မြေကို မထိခိုက်အောင် သတ်မှတ်ပေးရတဲ့ နယ်မြေကိုဆိုလိုတာ ဖြစ်ပါတယ်။

ဒေသဖွံ့ဖြိုးရေးနယ်မြေ (Development Area) ကတော့ စက်မှုလက်မှုလုပ်ငန်းတွေ၊ ခရီးသွားလုပ်ငန်းတွေ၊ လူမှုစီးပွားရေးလုပ်ငန်းတွေနဲ့ လူနေအခြေချနေထိုင်ရာနေရာတွေကို ထည့်သွင်းသတ်မှတ်တာပဲဖြစ်ပါတယ်။

ယခုလို နယ်မြေသုံးခုကို ပိုင်းခြားသတ်မှတ်ပြီး ဆောင်ရွက်တဲ့အခါ ဒေသခံပြည်သူများ အပါအဝင် အလွှာအသီးသီးက လူများအားလုံးကို ဇီဝအဝန်းနယ်မြေအတွင်း ထိန်းသိမ်းရေးနဲ့ လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွေကို ဟန်ချက်ညီဆောင်ရွက်ဖို့ အသိပညာပေးရေး၊ စည်းရုံးရေးနဲ့ အားလုံးပါဝင် ပူးပေါင်းဆောင်ရွက်လာစေရေးကိုလည်း ဝိုင်းဝန်းဆောင်ရွက်ဖို့ကလည်း ဇီဝအဝန်းနယ်မြေတစ်ခုရဲ့ လုပ်ငန်းစဉ်၊ စီမံအုပ်ချုပ်မှုမှာ အရေးကြီးတဲ့အချက်တစ်ခုအဖြစ် ထည့်သွင်းထားပါတယ်။

မြန်မာနိုင်ငံက အင်းလေးကန်ဒေသကို ပြင်သစ်နိုင်ငံ ပဲရစ်မြို့ ယူနက်စကိုအဖွဲ့ရုံးဌာနချုပ်မှာ ၂၀၁၅ ခုနှစ် ဇွန် ၈ ရက်မှ ၁၂ ရက်အထိ ကျင်းပခဲ့တဲ့ (၂၇)ကြိမ်မြောက် လူသားနဲ့ ဇီဝအဝန်းဆိုင်ရာ နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးကောင်စီ(MAB-ICC)ကို အဆိုပြုတင်သွင်းခဲ့ပြီး အဲဒီအစည်းအဝေးကနေ အဖွဲ့ဝင်နိုင်ငံ ကိုယ်စားလှယ်များရဲ့ တညီတညွတ်တည်း သဘောတူ ထောက်ခံချက်အရ ဇွန် ၉ ရက်မှာ အင်းလေးကန်ဒေသကို လူသားနဲ့ ဇီဝအဝန်းနယ်မြေအစီအစဉ် (MAB Programme)ထဲက ဇီဝအဝန်းနယ်မြေ (Biosphere Reserve) တစ်ခုအဖြစ် မြန်မာနိုင်ငံအတွက် ပထမဦးဆုံးအဖြစ် သတ်မှတ်ခံရပါတယ်။ အင်းလေးကန်ဇီဝအဝန်းနယ်မြေ (Inlay Lake Biosphere Reserve) အမည်နဲ့ သတ်မှတ်ခဲ့တာဖြစ်ပါတယ်။ အလားတူ ကချင်ပြည်နယ်၊ အင်းတော်ကြီးကန်ဒေသကိုလည်း ဇီဝအဝန်းနယ်မြေအဖြစ် သတ်မှတ်ဖို့ဆောင်ရွက်နေပါတယ်”ဟု ဦးဝင်းနိုင်သော်က ပြောကြားခဲ့သည်။

“အင်းလေးဒေသတွင် အော်ဂဲနစ် စိုက်ခင်းများ ထူထောင်ရန်၊ ပြည်ပသီးနှံမျိုးများ စိုက်ပျိုးခြင်းထက် ဒေသတွင်းသီးနှံမျိုးများကိုသာ ပိုမိုစိုက်ပျိုးရန်၊ ဓာတ်မြေသြဇာနှင့် ပိုးသတ်ဆေးအပါအဝင် ဓာတုဆေးဝါးများ အသုံးပြုမှုကို လျှော့ချသုံးစွဲရန်” တို့ကို ဆက်လက်အကောင်အထည်ဖော်သွားရန် အဆိုပါကောင်စီက အကြံပြုထားသည်။

အလားတူ အင်းတော်ကြီးကန် တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောကိုလည်း ဇီဝအဝန်းနယ်မြေအဖြစ် အဆိုပြုတင်ပြဆောင်ရွက်သွားမည်ဖြစ်ပြီး အင်းတော်ကြီးကန်ဘေးမဲ့တောကို အင်းတော်ကြီးကန်ရေဝပ်ဧရိယာနှင့် ကန်ပတ်လည်ရှိ မုဆိုး၊ နန့်မွန်၊ အင်းတော်ကြီး၊ မိုင်းနောင်၊ နန့်ရင်းခါ စသည့် ကြိုးဝိုင်းကြီး ငါးခုဖြင့် ဖွဲ့စည်းတည်ထောင်ကာ ဧရိယာစတုရန်းမိုင် ၃၁၄ ဒသမ ၆၇ မိုင်ခန့် (ဧကအားဖြင့် ၂၀၁၃၈၉ ဧက) ကျယ်ဝန်းသည်။

အဆိုပါ ဘေးမဲ့တောအတွင်း သစ်မျိုး ၈၅ မျိုး၊ ဆေးဖက်ဝင်အပင်မျိုး ၅၆ မျိုး၊ သစ်ခွမျိုး ၇၀၊ ဝါးမျိုး ၁၁ မျိုး၊ ကြိမ် ၅ မျိုးနှင့် မြက် ၁၄ မျိုး ပေါက်ရောက်ကြောင်း၊ တောရိုင်းတိရစ္ဆာန် မျိုးစိတ်အားဖြင့် နို့တိုက်သတ္တဝါ ၃၇ မျိုး၊ ကုန်းနေရေနေသတ္တဝါ ၈၈ မျိုး၊ ငါးမျိုးစိတ် ၇၈ မျိုး၊ လိပ်ပြာမျိုးစိတ် ၅၀၊ ရေပျော်ငှက် ၉၉ မျိုးအပါအဝင် ငှက်မျိုးစိတ်ပေါင်း ၃၅၀ ရှိကြောင်း သစ်တောဦးစီးဌာနမှ သိရပြီး သုတေသနလုပ်ငန်းများကို အပြည်ပြည်ဆိုင်ရာ အပင်နှင့်တောရိုင်းတိရစ္ဆာန်အဖွဲ့ (FFI)၊ အာဆီယံ ဇီဝမျိုးစုံမျိုးကွဲဗဟိုဌာန (ACB) တို့နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

အင်းတော်ကြီးကန် ဘေးမဲ့တောသည် မြန်မာနိုင်ငံ၏ အကြီးဆုံး ကုန်းတွင်းရေတိမ်ဒေသ ဂေဟစနစ်တည်ရှိရာနေရာဖြစ်ပြီး ရေဝပ်ဧရိယာ ၃၀ ရာခိုင်နှုန်းနှင့် သစ်တောကြိုးဝိုင်း ဧရိယာ ၇၀ ရာခိုင်နှုန်းဖြင့် ဖွဲ့စည်းတည်ရှိနေသည့်အတွက် အပင်နှင့် သက်ရှိသက်မဲ့ ဇီဝမျိုးစုံမျိုးကွဲတို့ကို စုံလင်စွာ လေ့လာနိုင်သည်။

အဆိုပါဒေသမှ ဒေသခံတစ်ဦးက “အိမ်သာမှ ဧည့်လာမှာပါ။ ကိုယ့်ဒေသမှာ စိုစိုပြည်ပြည်နဲ့ အမြဲတမ်း ရှိနေစေချင်တယ်။ ဖွံ့ဖြိုးတိုးတက်စေချင်တယ်။ Ecotourism ကဏ္ဍကို အများကြီးတိုးတက်ဖို့ မျှော်မှန်းထားတယ်။ လာပြီးလေ့လာတဲ့သူတွေက ဆောင်းခိုငှက်တွေ ကြည့်ချင်တာမျိုးရှိတယ်။ ဒါပေမယ့် နေ့လယ်ပိုင်းတွေ လာတဲ့အခါ ငှက်တွေ မတွေ့တာမျိုးရှိတယ်။ ငှက်ဆိုတာမျိုးက မနက်အိပ်တန်းထချိန်နဲ့ ညနေအိပ်တန်းဝင်ချိန်တွေမှာ အများဆုံးတွေ့ရတတ်တယ်။ ဒါကြောင့် အဲဒီအချိန်တွေ လာရင် အများဆုံးတွေ့နိုင်ပါတယ်”ဟု အကြံပြုပြောကြားသည်။

ထိုသို့ ဇီဝအဝန်းနယ်မြေများ သတ်မှတ်ဆောင်ရွက်ခြင်းသည် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုနှင့်အတူ လူမှုဘဝဖွံ့ဖြိုးတိုးတက်မှုများကို ဟန်ချက်ညီစွာ တိုးတက်ဖြစ်ထွန်းစေနိုင်သည်။

ဇီဝအဝန်းနယ်မြေများ ထိန်းသိမ်းမှုအပေါ် ညွှန်ကြားရေးမှူးက “ဒီလို ဇီဝအဝန်းနယ်မြေမှာ နေထိုင်သူတွေက ပတ်ဝန်းကျင်ထိန်းသိမ်းရေး အသိပညာနဲ့ ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးအသိပညာတွေရှိနေကြဖို့ လိုအပ်ပါတယ်။ ဒီလို အသိပညာပေးရေးလုပ်ငန်းတွေကိုလည်း ကျွန်တော်တို့က ဌာနဆိုင်ရာတွေ၊ ဒေသအုပ်ချုပ်ရေးအဖွဲ့တွေ၊ အသင်းအဖွဲ့အစည်းတွေနဲ့ ဒေသခံတွေပူးပေါင်းပါဝင်မှုနဲ့ ဆောင်ရွက်နေပါတယ်။ ဇီဝအဝန်းနယ်မြေတွေဟာ ဒီနယ်မြေတွေကို မှီခိုနေတဲ့ ဒေသခံတွေအပေါ် တိုက်ရိုက်သက်ရောက်နေပြီးတော့ ဇီဝအဝန်းနယ်မြေတွေရဲ့ အရည်အသွေးကျလာရင် ဥပမာ ငါးထွက်နှုန်းလျော့တာတို့၊ ရေတွေ မသန့်ရှင်းတာ၊ သဲနုန်းပို့ချမှု များလာတာ၊ ရေခန်းခြောက်လာတာမျိုးဆိုရင် အင်းလေးကန်ထဲနဲ့ ကန်ဝန်းကျင်မှာနေတဲ့ ဒေသခံတွေပဲ ဦးဆုံးထိခိုက်ခံစားရမှာပဲ ဖြစ်ပါတယ်။ ဒါကြောင့် ရေရှည်တည်တံ့ဖို့အတွက် အင်းလေးကန်မှာ လာရောက်နေထိုင် လုပ်ငန်းဆောင်ရွက်နေတဲ့ လုပ်ငန်းရှင်တွေ၊ ဧည့်သည်တွေ အပါအဝင် ဒေသခံတွေနဲ့ ပြည်သူပြည်သားတွေအားလုံးက ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ကြရမှာပါ။

ဒီဇီဝအဝန်းနယ်မြေတွေမှာ လူနေထူထပ်လာခြင်းနဲ့ လူဦးရေတိုးတက်လာတဲ့အတွက် ကျေးရွာအိမ်ခြေနဲ့ စိုက်ပျိုးမြေ၊ စီးပွားရေးလုပ်ငန်းနေရာတွေ တိုးချဲ့လာရတဲ့အခါ ထိခိုက်ပျက်စီးမှုတွေ ရှိလာပါတယ်။ ဒီနယ်မြေတွေမှာ ထိခိုက်ပျက်စီးမှုတွေဟာ လူသားတွေကတစ်ဆင့် ထိခိုက်တာတွေက များပါတယ်” ဟု ပြောသည်။

မြန်မာနိုင်ငံတွင် ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းရေးလုပ်ငန်းများကို ထိရောက်စွာ ဆောင်ရွက်နိုင်ရန် ဥပဒေ၊ လုပ်ထုံးလုပ်နည်းများ ထုတ်ပြန်ထားရှိပြီး နိုင်ငံအဆင့် ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းရေးဆိုင်ရာ မဟာဗျူဟာနှင့် လုပ်ငန်းစီမံချက် (NBSAP)ကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ သက်ဆိုင်ရာအစိုးရဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ ပါဝင်ကာ ပူးပေါင်းရေးဆွဲပြီး ၂၀၁၂ ခုနှစ် မေ ၃ ရက်တွင် ထုတ်ပြန်ခဲ့သည်။ ဇီဝမျိုးစုံမျိုးကွဲကွန်ဗင်းရှင်းအဖွဲ့ဝင်နိုင်ငံများမှ လိုက်နာရေးဆွဲလျက်ရှိသည့်နည်းတူ နိုင်ငံအဆင့် ဇီဝမျိုးစုံမျိုးကွဲ မဟာဗျူဟာနှင့် လုပ်ငန်းစီမံချက် (NBSAP) ကို ၂၀၁၅ ခုနှစ်တွင် ခေတ်စနစ်နှင့်ကိုက်ညီအောင် ၂၀၁၆ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အထိ ရည်မှန်းချက်လုပ်ငန်းများကို ထပ်မံပြင်ဆင်ဖြည့်စွက်၍ ပြန်လည်ရေးဆွဲထုတ်ပြန်ထားရှိကြောင်းလည်း သိရှိရသည်။

ထို့ပြင် မြန်မာနိုင်ငံတွင် ကမ္ဘာလုံးဆိုင်ရာ မျိုးသုဉ်းမှုအန္တရာယ်နှင့် ရင်ဆိုင်နေရသည့် ရှားပါးမျိုးစိတ်များ ကျန်ရှိကျက်စားနေကြောင်း တွေ့ရှိရသည်။ မြန်မာနိုင်ငံသည် ဒေသပြောင်းရွှေ့ကျက်စားသည့် ဆောင်းခိုငှက်များ ပျံသန်းရာလမ်းကြောင်းတစ်ခုဖြစ်သည့် အရှေ့အာရှ ဩစတြေးလျအာရှဒေသ ငှက်ပျံသန်းလမ်းကြောင်း (East Asia Australasian Flyway Route) ပေါ်တွင် ကျရောက်ပါဝင်နေသည့်အတွက် နှစ်စဉ် ဆောင်းခိုငှက် မျိုးစိတ်များစွာ ကောင်ရေသန်းချီကာ ကျရောက်ကျက်စားလျက်ရှိသည်။ အဆိုပါဆောင်းခိုငှက်များအနက် ရုရှားနိုင်ငံ အရှေ့မြောက်ဘက်ဖျားဒေသ ကမ်းချက်ကာ ကျွန်းဆွယ်တွင် နေထိုင်ကျက်စားသည့် ရေညှောင့်နှုတ်ဝိုင်း ငှက်ခေါ် ဒီလုံးငှက် (Spoon-billed Sand Piper) ငှက်ငယ်မျိုးစိတ်တစ်မျိုးသည် ကမ္ဘာပေါ်တွင် ကောင်ရေ ၄၀၀ နှင့် ၃၀၀ ကြားခန့်သာကျန်ရှိတော့လျက် မျိုးသုဉ်းလုနီးပါးအန္တရာယ်နှင့် ရင်ဆိုင်နေရကြောင်းနှင့် ယင်းရှားပါးဆောင်းခိုငှက်မျိုးစိတ် စုစုပေါင်းကောင်ရေ၏ ထက်ဝက်ခန့် (၅၀ ရာခိုင်နှုန်းခန့်)သည် မြန်မာနိုင်ငံ မုတ္တမပင်လယ်ကွေ့ဒေသ ဘိုကလေးမြို့နယ် မိန်းမလှကျွန်းတစ်ဝိုက် ရခိုင်ပြည်နယ် နံ့သာကျွန်းတစ်ဝိုက်နှင့် တနင်္သာရီကမ်းရိုးတန်းတစ်ဝိုက်တို့တွင် လာရောက်ခိုလှုံ ကျက်စားမှုရှိကြောင်း သိရှိရသည်။

မြန်မာနိုင်ငံအတွင်း ထူးခြားထင်ရှားပြီး မျိုးသုဉ်းပျောက်ကွယ်မည့် အန္တရာယ်နှင့်ရင်ဆိုင်နေရသည့် တောရိုင်းတိရစ္ဆာန်များ၊ သဘာဝအပင်များကို ယခုထက်တိုင်တွေ့မြင်နိုင်သည့် အခွင့်အလမ်းများ ကျန်ရှိနေသေးသည်။ မြန်မာ့မျိုးရင်း မျိုးစိတ်များကိုသာမက ကမ္ဘာ့အဆင့် ရှားပါးစာရင်းဝင်မျိုးစိတ်များပါ လာရောက်ကျက်စားခိုလှုံနိုင်သည်အထိ သဘာဝပတ်ဝန်းကျင်အခြေအနေကောင်းများ၊ ဂေဟစနစ်မျိုးစုံတို့နှင့် ဇီဝမျိုးစုံမျိုးကွဲတို့ တည်ရှိနေသည့် နိုင်ငံတစ်ခုအဖြစ် ထင်ရှားကျော်ကြားလျက်ရှိသဖြင့် နောင်အနာဂတ်မျိုးဆက်များအတွက် သဘာဝအမွေအနှစ်များကို လက်ဆင့်ကမ်းအမွေအဖြစ်ပေးနိုင်ရေး သဘာဝနယ်မြေများနှင့် ဇီဝမျိုးစုံမျိုးကွဲများကို ရေရှည်တည်တံ့စေရန် အတူတကွ ဝိုင်းဝန်းထိန်းသိမ်းကြစေဖို့ တိုက်တွန်းရင်းရေးသားဖော်ပြလိုက်ပါသည်။ ။

---

»»» တနင်္ဂနွေအထူးထုတ် စာမျက်နှာ ၁ မှ

သူ့ရင်ထဲအရမ်းပျော်သွားတယ်။ သူတို့ရဲ့စစ်မှန်တဲ့ သူငယ်ချင်းပီသမှုကို သူခံစားလိုက်ရတယ်။ သူငယ်ချင်းမိတ်ဆွေဆိုတာ ဘဝမှာ အကောင်းဆုံးအဖော်ဆိုတာကိုလည်း သူသိသွားခဲ့တယ်။

ဒီစာလေးဆုံးသွားပါပြီ။ စာရေးသူရင်ထဲ တစ်ခုခုကျန်ခဲ့တယ်။ ဘာကျန်ခဲ့တာလဲ တွေးမိတယ်။ ငယ်ရွယ်တဲ့ကလေးတွေကို ဒီအကြောင်းအရာလေးပြောပြလိုက်ရင်လည်း သူတို့ရဲ့စိတ်ထဲမှာ သူငယ်ချင်းမိတ်ဆွေဆိုတာ အခက်အခဲ၊ အကျပ်အတည်းဖြစ်ပြီး အားငယ်နေချိန်မှာ ကူညီသင့်တဲ့အရာပါလားလို့ တွေးတတ်ခေါ်တတ်လာမယ်။

စာရေးသူတို့တွေ လောကကြီးထဲမှာ ကျင်လည်နေကြတယ်။ လူဆိုတာ ပတ်ဝန်းကျင်ရယ်၊ အပေါင်းအသင်းတွေရယ်နဲ့ အတူတူနေရတယ်။ တစ်ချိန်မှာ ကိုယ့်မိတ်ဆွေအပေါင်းအသင်း၊ သူငယ်ချင်း၊ မိတ်ဆွေတွေ အကူအညီလိုလာနိုင်တယ်။ ကိုယ်ကိုယ်တိုင်လည်း အကူအညီလိုအပ်လာနိုင်တယ်။ ဖတ်လိုက်ရတဲ့ စာထဲက မိဘမဲ့ကျောင်းက ကလေးတွေလို စာရေးသူတို့လုပ်နိုင်ပါ့မလား။

အသင်းအဖွဲ့တွေထဲမှာ အတူတူလုပ်နေကြတဲ့ လုပ်ဖော်ကိုင်ဖက်တွေ အကူအညီလိုအပ်လာရင်ရော၊ သာရေးနာရေးရှိကြရင် လိမ္မော်သီး တစ်စိတ်ချင်းပေးသလို အကူအညီတွေကို အသင်းအဖွဲ့ထဲက လူတွေက သူ့အလှည့် ကိုယ့်အလှည့်မခွဲခြားဘဲ ပေးနိုင်အောင် ကြိုးစားကြစေချင်တယ်။ ကိုယ့်မှာ အကူအညီလိုရင်သာ တောင်းတတ်ပြီးတော့ သူများအကူအညီလိုလို့ မပေးတာတွေလည်း လောကကြီးမှာ တွေ့နေရတယ်။ ဒါတွေက ဖြစ်လေ့ဖြစ်ထရှိတဲ့ အကြောင်းအရာတွေပါ။ ဒါပေမယ့် စာရေးသူရဲ့စိတ်ရင်းကတော့ ကိုယ်ကသာ ကူညီလိုက်ပါ။ သူပြန်မကူညီရင်လည်း အပြစ်မမြင်ပါနဲ့။ ကိုယ့်ကိုကူညီမယ့်သူ ပေါ်လာပါလိမ့်မယ်။ ဒါတွေကို စာရေးသူကိုယ်တိုင်ခံစားဖူးလို့ပါ။

စာရေးသူတို့တွေ ကိုယ့်ထက်ငယ်တဲ့သူတွေကိုလည်း ဒီလိုမျိုးကူညီတတ်အောင်၊ အားပေးတတ်အောင်သင်ပေးပါ။ ကျေးရွာလေးတစ်ခုက မူလတန်းကျောင်းလေးတစ်ကျောင်းကို စာရေးသူ အာဟာရကျွေးဖို့ ရောက်ခဲ့တယ်။ ကျောင်းသားလေးတွေကို စကားပြောချင်တာနဲ့ သူတို့တွေစုနေတဲ့နေရာကိုသွားပြီး စကားတွေပြောဖြစ်ခဲ့တယ်။ မူလတန်းကျောင်းသားလေးတွေဆိုတော့ သူတို့နဲ့စကားပြောရတာ ပျော်စရာကောင်းတယ်။

ဒါနဲ့ သူတို့ကို မင်းကဘယ်ကလဲ၊ မင်းမိဘတွေက ဘယ်သူတွေလဲလို့ မေးတဲ့အချိန်မှာ သူတို့တစ်ယောက်ချင်းဖြေကြတယ်။ ဒီနေရာမှာ ခေါင်းတုံးနဲ့ကောင်လေးအလှည့် ရောက်တဲ့အချိန်မှာ ဘေးက ကလေးတစ်ယောက်က သူကဘုန်းကြီးကျောင်းသားတဲ့။ ဘုန်းကြီးကျောင်းမှာ နေတာတဲ့။ သူ့မိဘတွေမရှိတဲ့နောက်ပိုင်း ဘုန်းကြီးက မွေးထားတာလို့ သိရတယ်။ ဒီကလေးကို သူတို့အားလုံးနိုင်ပုံလည်းရတယ်။ ဒါနဲ့စာရေးသူလည်း ဘုန်းကြီးကျောင်းသားလေးကို ပေါင်ပေါ်ဆွဲတင်လိုက်တယ်။

မင်းတို့သူ့ကို ဘုန်းကြီးကျောင်းသားဆိုပြီး မတူသလို၊ မတန်သလိုမဆက်ဆံပါနဲ့ကွာ။ သူလည်းမင်းတို့လို အတန်းကျောင်းမှာလာတက်နေတဲ့ မင်းတို့ရဲ့ သူငယ်ချင်း အတန်းဖော်တစ်ယောက်ပဲ။ သူ့မှာ မင်းတို့လိုပဲ ကျောင်းမှာ အခွင့်အရေးအကုန်ရှိတယ်။ သူဌေးသားနဲ့လည်း ခင်ခွင့်ရှိတယ်။ ဆင်းရဲသားနဲ့လည်း ရင်းရင်းနှီးနှီးနေရမှာပဲ။ ဘုန်းကြီးကျောင်းသားမို့လို့၊ သူဌေးသားမို့လို့၊ ဆင်းရဲသားမို့လို့ဆိုပြီး သူငယ်ချင်းအချင်းချင်းမှာ ခွဲခြားမှုမရှိရဘူး။ နောက်ဆိုရင် သူ့ကို မင်းတို့ဝိုင်းပြီး အခြားသူငယ်ချင်းတွေခင်သလို ခင်ခင်မင်မင်နေကြရမယ်လို့ ပြောပြခဲ့တယ်။ နောက်ပိုင်းပြန်ကြားရတာက သူတို့သူငယ်ချင်းတွေ အလယ်တန်းရောက်တော့လည်း အတူတူသွား၊ အတူတူစားကြရင်း တစ်ယောက်နဲ့တစ်ယောက် ခင်ခင်မင်မင်နေကြတယ်တဲ့။

စာရေးသူတို့တစ်တွေ မွေးဖွားရာကနေ သေဆုံးချိန်အထိကာလလေးက တိုတိုလေးပါ။ စာရေးသူတို့ အသက် (၆၀)အထိ နေရတယ်ဆိုပါတော့။ အနှစ်နှစ်ဆယ်လောက်က အိပ်ချိန်၊ ဒုတိယအနှစ်နှစ်ဆယ်လောက်က အလုပ်လုပ်နေရတယ်ဆိုရင် မိတ်ဆွေ၊ သူငယ်ချင်းတွေ တွေ့ရမယ့်အချိန်၊ ရင်းရင်းနှီးနှီး နေရမယ့်အချိန်က ဘာမှမရှိသလောက်ရှားသွားပါပြီ။ ဒီလိုအချိန်လေးမှာ သူငယ်ချင်းတွေစုပြီး လိမ္မော်သီးတစ်ယောက်တစ်စိတ်နဲ့ မိဘမဲ့ကလေးတစ်ဦးရဲ့ ပျော်ရွှင်မှုကိုပေးသလိုမျိုးလေးပေးနိုင်ကြရင် အကောင်းဆုံးဖြစ်မှာပါ။ ။

**နေဝင်းဇော်(မြန်အောင်)**

---

»»» တနင်္ဂနွေအထူးထုတ်စာမျက်နှာ ၈ မှ

အဖြူရောင်အိတ်နဲ့ ဖိနပ်တို့ကို ရွေးကိုင်ပါ။ ပလက်တီနမ်နဲ့ အခြားအပြာရောင်ကျောက်မျက်လေးတွေ ဆင်မြန်းထားရင်တော့ ခေါင်းရှုပ်ခံစဉ်းစားမနေဘဲ အနက်ရောင်အိတ်နဲ့ ဖိနပ်တို့ကိုသာ ရွေးချယ်လိုက်ပါ။ အပြာက အနက်နဲ့ ပနံရတာမို့ နေကာမျက်မှန် အနက်ကလေး တပ်ထားလိုက်ပါဦးရှင်။

**မျက်နှာအလှအပ**

Serenity အပြာရောင်ဝတ်စုံက အနက် (သို့) မင်းကွတ်သီး (သို့) ချောကလက် (သို့) ရွှေရောင် စတဲ့ ဆံပင်အရောင်လေးတွေနဲ့ ပိုပြီးလိုက်ဖက်ပါတယ်။ မျက်နှာအောက်ခံမိတ်ကပ်ဖြူကို ပုံမှန်ထက်နည်းနည်း ပိုလိမ်းပေးသင့်ပြီး အိုင်းလိုင်နာအတွက်ကတော့ အနက်ရောင်ကသာ အသင့်တော်ဆုံးပါ။ အိုင်း ရှဲဒိုးကိုတော့ ငွေ (သို့) မီးခိုး (သို့) ခိုပြာရောင်လေးတွေ သုံးကြည့်ပါ။ Mascara ကို ခရမ်းရင့်ရင့် (သို့) နေဗီပြာလွင်လွင်လေးတွေ တင်ပေးသင့်ပါတယ်။ ဒီဝတ်စုံအရောင်အတွက် အလိုက်ဖက်ဆုံး နှုတ်ခမ်းဆိုးဆေးအရောင်တွေကတော့ ပန်းရောင်တောက်တောက် (သို့) နီစပ်စပ် (သို့) အနီဖောက်တဲ့လိမ္မော် (သို့) nude (ခေါ်) ပန်းခရင်မ်ကာလာ အရင့်ရောင်လေးတွေဖြစ်တာမို့ မိမိအသက်အရွယ်နဲ့ သင့်တော်ရာကိုရွေးပေးပါ။ **(နှုတ်ခမ်းဆိုးဆေး အမျိုးအစားက gloss ဆိုပိုကောင်းပါတယ်)** လက်သည်းဆိုးဆေးအရောင်ကိုတော့ မိမိဆိုးထားတဲ့ နှုတ်ခမ်းဆိုးဆေးနဲ့ တစ်ထပ်တည်း (သို့) အနီးစပ်ဆုံးအရောင်ကို ရွေးပေးနိုင်ပါတယ်။ **(လက်သည်းဆိုးဆေးအနီရဲရဲလေးတွေလည်း ကြိုက်တတ်ရင်သုံးပါ)** လက်သည်းအလှဆင်ရမှ စိတ်ကျေနပ်သူ ဖက်ရှင်မမများ Serenity အပြာရောင်ဝတ်စုံနဲ့ အနီးစပ်ဆုံး အပြာရောင်လက်သည်းဆိုးဆေးကို အပွင့်လေးတွေပုံဖော်ပြီး အဖြူ (သို့) ပြာလဲ့လဲ့ ကျောက်မှုန်လေးတွေ ကပ်ပေးထားလိုက်ပါဦးနော်။

**ဖက်ရှင်ချစ်သူများ လှသထက်ပို၍လှနိုင်ကြပါစေ။**

လွန်ခဲ့တဲ့ အနှစ် ၂၀ ကျော်လောက်ကတည်းကစပြီး နှစ်ကုန်ခါနီးရောက်တဲ့အခါတိုင်း နောင်လာမယ့်နှစ်သစ် တစ်နှစ်တာလုံးအတွက် ဖက်ရှင်ဖြစ်စေမယ့် အရောင်တစ်ရောင်ကို နယူးယောက်ရှိ ကမ္ဘာ့အသိအမှတ်ပြု အရောင်များဆိုင်ရာအဖွဲ့အစည်းတစ်ခုဖြစ်တဲ့ Pantone Color Institute က ရွေးချယ်သတ်မှတ်ပေးလေ့ရှိပါတယ်။

# ၂၀၁၆ မှာ ဖက်ရှင်ဆန်ဆန်ဝတ်ကြမယ်

ပေါက်ပေါက်

၂၀၁၃ ခုနှစ်မှာ ဖက်ရှင်အရောင်ကို အနီရောင်တောက်တောက် သတ်မှတ်ခဲ့ကြပါတယ်။

၂၀၁၄ မှာတော့ ထူးထူးခြားခြားလေးဖြစ်အောင် solid colour (အရောင်ထူထူထဲထဲ) တွေမသုံးတော့ဘဲ ရောင်ပြေးလေးတွေကို သုံးမယ်ဆိုပြီး Pantone အဖွဲ့က စဉ်းစားခဲ့ကြရာ အရောင် ၁၀ မျိုးကို တွေ့ရှိခဲ့ကြပါတယ်တဲ့။ ၂၀၁၅ ခုနှစ် ရောက်တဲ့အခါမှာတော့ အရောင်ပြောင်(ပြောင်) Plain Colourကို မသတ်မှတ်ကြတော့ဘဲ တစ်မူထူးခြားစွာဖြင့် အဆင်ဒီဇိုင်းလေးတွေကို ဖက်ရှင်အဖြစ် သတ်မှတ်ခဲ့ကြပါတယ်။ သူ့ဖက်ရှင်ကတော့ အရောင်ဖျော့ဖျော့ကို အောက်ခံထား၍ ပန်းပွင့်ပန်းခက်တို့ဖြင့် အဆင်အသွေးစုံ ဒီဇိုင်းရှုပ်ရှုပ်လေးတွေပဲ ဖြစ်ပါတယ်။ အနီးစပ်ဆုံး ဥပမာပြောရရင် ၂၀၁၅ ခုနှစ်က Miss Universe Myanmar သျှားထွဋ်အိန္ဒြာရဲ့ ပြိုင်ပွဲဝင်ဝတ်စုံ ဒီဇိုင်းပဲဖြစ်ပါတယ်။

မိမိနှစ်သက်ရာအရောင်ကို ရွေးချယ်ပြီး ဝတ်ဆင်နိုင်ကြပါစေကြောင်းနှင့် မိမိရွေးချယ်ရာ အရောင်ပေါ်မူတည်၍ အောက်ပါအတိုင်း အလှဆင်ကြည့်စေလိုကြောင်း အကြံပြုရေးသားပေးလိုက်ရပါတယ်။

(၁) Rose Quartz (ခေါ်) နှင်းဆီရောင်ကို အခြေခံထားတဲ့ ပန်းနုရောင် အရောင်ခြောက်ခြောက်အတွက်။

**အရောင်စပ်ဟပ်ဝတ်ဆင်တတ်မှု**

Rose Quartz ပန်းနုရောင်လေးက သူ့ချည်းပဲ ထက်အောက်ဆင်တူဝတ်ရင်လည်း လှပလို့နေတာမို့ ခန္ဓာကိုယ်သွယ်လျသူများ ဆွဲဆောင်မှုရှိစေမှာ အမှန်ပါ။ ဆယ်ကျော်သက်နဲ့ သက်လတ်ပိုင်းအမျိုးသမီးများ အလွန်လန်းသွားစေဖို့အတွက် ဖြူလွလွဇာပန်းပွင့်လေးတွေကပ်ပြီး ဒီဇိုင်းလှလှချုပ်ဝတ်ကြည့်လိုက်ပါဦး။ အကယ်၍ ခပ်ပြေပြေ ဖက်ရှင်မှ ကြိုက်သူများအဖို့ မိမိအသက်အရွယ်အလိုက် အဖြူ (သို့) ခဲ (သို့) ခရမ်း (သို့) အနက်ရောင်လေးတွေနဲ့ စပ်ဟပ်ပေးလိုက်ပါ။ "Pink & Blue

## ၂၀၁၆ ခုနှစ်အတွက် Pantone အဖွဲ့က ဖက်ရှင်ကာလာကို ထူးထူးခြားခြား အရောင်နှစ်မျိုးသတ်မှတ်၍ အတည်ပြုခဲ့ကြပါတယ်။

၂၀၁၆ ခုနှစ်အတွက် ဖက်ရှင်ကာလာ ရွေးချယ်ရာမှာ Pantone အဖွဲ့က ရွေးချယ်ဖို့ဝေခွဲရခက်သွားခဲ့သည်ထင့်။ ဖက်ရှင်ကာလာကို ထူးထူးခြားခြားအရောင်နှစ်မျိုးသတ်မှတ်၍ အတည်ပြုခဲ့ကြပါတယ်။ အရောင်နှစ်ရောင်စလုံးကတော့ မျက်စိအေးစေတဲ့ အရောင်ငြိမ်ငြိမ်လေးတွေပဲ ဖြစ်ပါတယ်။ အဲဒီအရောင်များမှာ (၁)Rose Quartz(ခေါ်) နှင်းဆီရောင်ကို အခြေခံထားတဲ့ ပန်းနုရောင် အရောင်ခြောက်ခြောက်နဲ့ (၂) Serenity (ခေါ်) အပြာနုရောင်ကို အခြေခံထားတဲ့ ကြည်ပြာရောင်မှိုင်းမှိုင်းလေးတို့ပဲ ဖြစ်ကြပါတယ်။

ဒီနေရာမှာ အလျဉ်းသင့်၍ စာရှုသူချစ်ပရိသတ်တို့ကို ဗဟုသုတတစ်ရပ်အနေဖြင့် ပြောပြချင်ပါသေးတယ်။ ၁၉၀၀ နှစ်ဦးပိုင်းတွေအထိ မွေးခါစကလေးငယ်တွေမှာ ယောကျ်ားလေး/မိန်းကလေးအသုံးအဆောင်တွေအတွက် အရောင်တွေကို သီးခြားစီသတ်မှတ်ထားတာ မရှိသေးတာကြောင့် ၁၉၁၈ ခုနှစ်မှာ အမေရိကန်ရဲ့ Infant's Department က ပန်းရောင်ဟာ တိကျပြတ်သားပြီး ခွန်အားပါရှိတာကြောင့် သားသားလေးတွေရဲ့ အဝတ်အထည်အသုံးအဆောင်ကို "ပန်းရောင်" အဖြစ်သတ်မှတ်ခဲ့ပါတယ်။ "အပြာရောင် " ကတော့ နူးညံ့သိမ်မွေ့တဲ့သဘောဆောင်လို့ မီးမီးလေးတွေကို ကိုယ်စားပြုပါတယ်တဲ့။ အဲ-၁၉၅၀ မှာတော့ ၎င်းနဲ့ပြောင်းပြန် အပြာရောင်ဟာ အမျိုးသားတွေကိုကိုယ်စားပြုပြီး ပန်းရောင်က အမျိုးသမီးထုတွေကို ကိုယ်စားပြုကာ ထိုကာလများမှာ ပန်းရောင်လွှမ်းတဲ့ မင်္ဂလာသတို့သမီးဝတ်စုံတွေ တစ်ခေတ်ဆန်းလာခဲ့တယ်လို့အမေရိကန်ပြည်ထောင်စု Maryland တက္ကသိုလ်မှ ရှေးဟောင်းသမိုင်းသုတေသီ တစ်ဦးဖြစ်သူ Jo Paoletti က ဆိုပါတယ်။

သို့ပါ၍ မြန်မာပြည်မှ ဖက်ရှင်ချစ်သူများအနေဖြင့်လည်း ၂၀၁၆ ခုနှစ်မှာ ကမ္ဘာ့အဆင့်မီ ဖက်ရှင်ကျကျဖြစ်စေဖို့အတွက် Rose Quartz(သို့) Serenityထဲမှ

အချစ်ဟာ အရူး" လို့ ဆိုထားပြန်တာကြောင့် ရိုမက်တစ်ဆန်ဆန်ဖက်ရှင်ကြိုက်သူများအတွက် Rose Quartz ပန်းနုရောင် ခြောက်ခြောက်လေးကို မိုးပြာရောင်လေးနဲ့ တွဲဝတ်နိုင်သလို ကြည်ပြာရောင်(သို့) အပြာနုလေးနဲ့ တွဲဝတ်ကြည့်ပါနော်။

**လက်ဝတ်ရတနာလေးများ**

ပန်းရောင်က ရွှေထည်ပစ္စည်းတွေနဲ့တွဲဝတ်ရင် အမြင်ရိုးစင်းလွန်းစေတာကြောင့် ငွေထည် (သို့) ပလက်တီနမ်လေးတွေနဲ့ တွဲဖက်ပေးနိုင်ရင် ပိုကောင်းပါတယ်။ ဖက်ရှင်ထွင်လိုသူများအနေဖြင့် ပန်းရောင်တောက်တောက် ကျောက်ပွင့်လေးတွေကိုစိန်ပွင့်လေးရောကာ ပလက်တီနမ် ခတ်ပြီးဆင်မြန်းပေးပါ။ အကယ်၍ လက်ဝတ်ရတနာအတွက် ရွေးချယ်ဖို့ဝေခွဲရခက်ခဲနေပါက ခေါင်းရှုပ်ခံစဉ်းစားမနေတော့ဘဲ အဖြူရောင် ပုလဲသွယ် ရတနာကိုသာ ရွေးချယ်လိုက်ပါတော့။ **(ပန်းရောင်က အဖြူရောင်ပုလဲလေးတွေနဲ့ ပန်ရနေသလို အရွယ်သုံးပါး အမျိုးသမီးအားလုံးနဲ့ လိုက်ဖက်စေပြန်တာကြောင့် ရိုးရိုးယဉ်ယဉ်ဖြင့် ပွဲလယ်တင့်စေတော့တာပေါ့)**

**Accessories ရွေးချယ်တတ်မှု**

ငယ်သူများ လက်ပတ်နာရီဒိုင်ခွက်ပန်းရောင်ကို အဖြူရောင် လက်ပတ်ကြိုး (သို့) ၎င်းနဲ့ ပြောင်းပြန် ပန်းရောင် လက်ပတ်ကြိုးကို အဖြူရောင်ဒိုင်ခွက် နာရီလေး ဝတ်ပေးနိုင်ပါတယ်။ သက်လတ်ပိုင်းနဲ့ သက်ကြီးပိုင်းများအတွက်ကတော့ ပန်းရောင်ဝတ်စုံနဲ့ ဆိုရင် အဝါရောင်ရွှေနာရီက တောကျစေလို့ ငွေ(သို့)စတီးလ် (သို့) တိုက်တေနီယမ် (သို့) ပလက်တီနမ် စတဲ့ သင့်တော်ရာ အဖြူရောင်နာရီမျိုး ပတ်ပေးပါ။ ခေါင်းအလှဆင်ဖန်စီလေးတွေနဲ့ ရင်ထိုးလေးတွေကို အဖြူနဲ့ ပန်းရောင်များများပါတဲ့ ပြိုးပြိုးပြက်ပြက် ဒီဇိုင်းလေးတွေ ရွေးပေးနိုင်ပါတယ်။ လက်ကိုင်အိတ်နဲ့ ဖိနပ်အရောင်တွေအတွက် ရွေးချယ်ရခက်နေရင်တော့ အဖြူ (သို့) ခဲဖျော့ (သို့) ဘော်ငွေရောင် အိတ်နဲ့ဖိနပ်တို့ကိုသာ ရွေးဝယ်လိုက်ပါတော့။ **(ပန်းရောင်ကို အနက်နဲ့ တွဲစပ်ချုပ်ဝတ်သူများအနေဖြင့် လက်ကိုင်အိတ်နဲ့ဖိနပ်တို့ကို အနက်ရောင်လေးရွေးပေးရင် အရမ်းကိုလန်းသွားစေတာပေါ့ရှင်။)**

**မျက်နှာအလှအပ ပြင်ဆင်တတ်မှု**

ယဉ်တစ်ကိုယ်မယ်လေးဖြစ်စေဖို့ ဆံပင်အရောင်ကလည်း အဓိကပံ့ပိုးနေတာမို့ အနက်ရောင်(သို့) မင်းကွတ်သီးရောင် (သို့) ချောကလက်ရောင်ရင့်ရင့်ဆံပင်တွေက ပန်းရောင်ဝတ်စုံနဲ့ လိုက်ဖက်လှပါတယ်။ ပန်းရောင်ဝတ်တဲ့အခါမှာ မျက်နှာအောက်ခံမိတ်ကပ်ဖြူကို ပုံမှန်ထက်နည်းနည်းပိုလိမ်းပေးရပါမယ်။ ပန်းရောင်ဝတ်စုံအတွက် အိုင်းလိုင်နာအနက်ရောင်ကသာ အသင့်တော်ဆုံးဖြစ်ပါတယ်။ အသားဖြူသူများက မီးခိုးရောင်အိုင်းရှဲဒိုးသုံးပြီး အသားညိုသူများက ငွေမင်ရောင်အိုင်းရှဲဒိုး သုံးကြည့်ပါ။ခရမ်းရင့်ရောင် (သို့) ပြာလွင်လွင်ရောင် (သို့) အညိုရောင် Mascara လေးတွေက Rose Quartz ပန်းနုရောင်နဲ့ လှပလို့နေပြန်ပါတယ်။ အသားဖြူသူတွေအတွက် ပန်းရောင်ဝတ်စုံနဲ့ အလိုက်ဖက်ဆုံး နှုတ်ခမ်းဆိုးဆေးအရောင်ကတော့ ပန်းဆီရောင်တောက်တောက်လေးပါပဲရှင်။ (အကယ်၍ ပန်းဆီရောင်မကြိုက်သူများက အနီဖောက်ထားတဲ့ လိမ္မော်ရောင်လေးတွေ ဆိုးပေးနိုင်ပါတယ်) အသားအလွန်ညိုသူများအတွက် အလိုက်ဖက်ဆုံးကတော့ ပန်းရောင်ဖျော့ဖျော့(သို့) nude အရောင် နှုတ်ခမ်းဆိုးဆေး gloss စိုစိုလေးတွေကို သုံးပေးလိုက်ပါ။ နောက်ပြီး အသားရောင်(သို့) ပန်းဆီရောင် (သို့) ပန်းရောင်ဖျော့ဖျော့(သို့)nude စတဲ့ လက်သည်းနီလေးတွေကလည်း ပန်းရောင်ဝတ်စုံနဲ့လိုက်ဖက်တာမို့ မိမိအသက်အရွယ်နဲ့ သင့်တော်မယ့်အရောင်မျိုးကို ရွေးသုံးပေးနိုင်ပါတယ်။ **(လက်သည်း အလှဆင်ခရေစီဖြစ်သူ မမများအတွက်ကတော့ မိမိဝတ်ဆင်မယ့် ဒီဇိုင်းအရောင်နဲ့ လိုက်ဖက်မယ့် အပွင့်လေးတွေပုံဖော်ပြီး အဖြူနှင့် ပန်းရောင်များများပါတဲ့ ကာလာလေးတွေကို သုံးပေးသင့်ပါတယ်)**

(၂) Serenity (ခေါ်) အပြာနုရောင်ကို အခြေခံထားတဲ့ ကြည်ပြာရောင်မှိုင်းမှိုင်းလေးအတွက်။

Serenity ဟာ အပြာရောင်မျိုးနွယ်ဝင်ဖြစ်တာကြောင့် အသားဖြူသူရော ညိုသူတွေပါ လိုက်ဖက်တဲ့အရောင်လေးပါ။ ဒါ့ပြင် တည်တည်ငြိမ်ငြိမ်နဲ့ မျက်စိအေးတဲ့ အရောင်လေးဖြစ်တာကြောင့် လူကြီးလူရွယ်များ သာမက ရင်ခွင်ပိုက်ကလေးငယ်ပါမကျန် ကျား၊ မ အားလုံးနဲ့ လိုက်ဖက်လို့နေပြန်ပါတယ်။

**ဝတ်စားဆင်ယင်**

ဒီ Serenity အပြာရောင်လေးက မိုးပြာရောင်ထက်မဆိုသလောက်လေးမှိုင်းတာကြောင့် -ဥပမာ အင်္ကျီအပြာရောင်ကို ၎င်းအရောင်ထက်ပိုရင့်တဲ့ လုံချည်၊ စကတ်၊ ဂျင်းဘောင်းဘီတို့နဲ့တွဲဝတ်ပေးပါ။ အဖြူ (သို့) အနက်တို့နဲ့ တွဲဖက်ဝတ်ရင်လည်း မရိုးနိုင်တဲ့ ဖက်ရှင်လေးပါပဲ။ ကာလာဖွဲ့စည်းတည်ဆောက်မှုအရ ခရမ်းနဲ့ အစိမ်းကျားအရောင်ဟာ "အပြာရောင်" ဖြစ်တာကြောင့် ထူးထူးခြားခြား ဖက်ရှင်ထွင်လိုသူများအနေဖြင့် Serenity အပြာရောင်လေးကို ခရမ်း(သို့) အစိမ်း (သို့) အဝါ နုနုလေးတွေနဲ့ တွဲစပ်ချုပ်ဝတ်ပေးပါ။ ရိုမက်တစ်ဆန်ဆန် ဖက်ရှင်ကြိုက်သူများအတွက် ပန်းရောင်ဖျော့ဖျော့(သို့) စတော်ဘယ်ရီရောင်အနုနဲ့တွဲဝတ်ပါ။

**လက်ဝတ်ရတနာ**

ဒီအရောင်လေးက ငွေထည် (သို့) ပလက်တီနမ် လက်ဝတ်ရတနာတွေနဲ့ဆို ပိုလိုက်ဖက်ပါတယ်။ အဆင့်မြင့်မြင့် ဖက်ရှင်ထွင်လိုသူတွေကတော့ ကျောက်ပြာ/blue topaz ကျောက်လေးတွေကို စိန်ပွင့်လေးရောပြီး ပလက်တီနမ်ခတ်ပြီးဆင်မြန်းပေးပါ။ **(အထူးသတိပြုရန်မှာ Serenity အပြာရောင်ဝတ်စုံက နီလာကျောက်အပြာရင့်နဲ့တော့ သိပ်မလိုက်ဖက်ပါဘူး)** ပုလဲသွယ်ရတနာဆင်မြန်းခြင်းက ရိုးရိုးယဉ်ယဉ် ပွဲလယ်တင့်စေတဲ့ ဒီဇိုင်းလေးပါပဲ။

**Accessories လေးများ**

ခေါင်းအလှဆင်ပစ္စည်းတွေနဲ့ ရင်ထိုးလေးတွေကို အဖြူနဲ့အပြာများများပါတဲ့ ဖန်စီကျောက်ကလေးတွေသုံးပါ။ လက်ကိုင်အိတ်နဲ့ ဖိနပ်အရောင်တွေအတွက် ရွေးချယ်ရခက်နေရင်တော့ ပုလဲသွယ်ရတနာဆင်မြန်းသူများက **စာမျက်နှာ ၇ သို့ »»**

